
www.burmeseclassic.com

# ကလေးတို့အတွက်

# ဘုရားဖြစ်တော်စဉ်

# မဟာဗုဒ္ဓဝင်



နန္ဒာမိုးကြယ်

( ပြုစုသည် )

DESIGN:
THANT ZAW THIT
2014

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

အဖုံးဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7Group ၅၅၊ ၃၈လမ်း(အောက်)

စာအုပ်ချုပ် - ပန်းဝေဝေ

ထုတ်ဝေသူ - ဦးအောင်ကျော်ထူး
မြတ်ပန်းရဂုံစာပေ၊
အမှတ် -၁၇ ၊ ဗဟန်း ၂လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်ကျော်ထူး
မြတ်ပန်းရဂုံပုံနှိပ်တိုက်
အမှတ် -၁၇ ၊ ၇နံပြေ ၁၀လမ်း၊ ၃ရပ်ကွက်
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

၂၉၄.၃

နန္ဒာမိုးကြယ်

ကလေးတို့အတွက် ဘုရားဖြစ်တော်စဉ် မဟာဗုဒ္ဓဝင်/ နန္ဒာမိုးကြယ်၊ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၄၊
၂၂၂-စ၊ ၁၀.၅ × ၁၆.၅စင်တီ၊
(၁)ကလေးတို့အတွက် ဘုရားဖြစ်တော်စဉ် မဟာဗုဒ္ဓဝင်


www.burmeseclassic.com

www.burmeseclassic.com

# ကလေးတို့အတွက်
# ဘုရားဖြစ်တော်စဉ် မဟာဗုဒ္ဓဝင်

## နန္ဒာမိုးကြယ်

(ပြုစုသည်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- စကားနိဒါန်း ... က
၁။ ဘုရားဖြစ်ရန် ဆုထူးပန် ... ၁
၂။ ဘုရားလောင်း၏ မိဘ်နှစ်ပါး ... ၅
၃။ ထူးဆန်းလှသော အိပ်မက်များ ... ၇
၄။ အလောင်းတော်ကို ဖွားမြင်ပြီ ... ၁၂
၅။ ဘုရားလောင်းအား ဖူးမြင်ရ၊ ကာဠဒေဝီလ ... ၁၆
၆။ ဦးခေါင်းဆေးလျှော်၊ အမည်မှည့် မင်္ဂလာတော် ... ၁၈
၇။ ခမည်းတော်ဆန္ဒနှင့် တစ်လသားအရွယ် ... ၂၁
၈။ ၁၆ နှစ်သို့ ရောက်ခဲ့ပြီ ... ၂၅
၉။ ရှုမြင်အံ့မခန်း လေးအစွမ်း ... ၂၉
၁၀။ ကြင်ဖက်သက်လျှာ ယသော်ဓရာ ... ၃၂
၁၁။ နိမိတ်ကြီးလေးပါးကို တွေ့ခဲ့ပြီ ... ၃၄
၁၂။ ရင်နှစ်သည်းချာ ရာဟုလာ ... ၃၇
၁၃။ ထွက်တော်မူဖို့ တစ်ရေးနိုး ... ၃၈


www.burmeseclassic.com

www.burmeseclassic.com

၁၄။ ထွက်တော်မူပေါ့ နန်းကချွာ ၄၀
၁၅။ ရဟန်းဘဝနှင့် ရာဇဂြိုဟ် ၄၄
၁၆။ ရာဇဂြိုဟ်မှ ထွက်ခဲ့ပြီ ၄၈
၁၇။ ဒုက္ကရစရိယာနှင့် ပဉ္စဝဂ္ဂီ ၅၀
၁၈။ အလယ်အလတ်လမ်းစဉ် ၅၂
၁၉။ ထူးဆန်းသော အိပ်မက်ကြီးငါးပါး ၅၄
၂၀။ သုဇာတာ၏ ဃနာနို့ဆွမ်း ၅၆
၂၁။ မာရ်နတ်ရန်ကို အောင်မြင်ခြင်း ၆၀
၂၂။ ဘုရားဖြစ်တော်မူခဲ့ပြီ ၆၃
၂၃။ သီတင်းသုံးတော်မူရာ သတ္တဌာနမှာ ၆၅
၂၄။ ရောက်လာပြန့်ပေါ့ ကုန်သည်ညီနောင် ၆၉
၂၅။ လွှဲချော်လေသူတစ်ဦး ၇၂
၂၆။ ဓမ္မစကြာတရားဦး ၇၄
၂၇။ ယသနှင့် သူ၏မိတ်ဆွေများ ၇၈
၂၈။ ဘုရားရှင် စေတော်မူရာသို့ ၈၀
၂၉။ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ၈၂
၃၀။ ဥရုဝေလတောအုပ်မှာ ၈၄
၃၁။ မြန်းကြွခဲ့ပြီ ရာဇဂြိုဟ်ဆီ ၈၅
၃၂။ လက်ဝဲတော်ရံ လက်ယာတော်ရံ ၈၇
၃၃။ ပထမအကြိမ် သံဃာ့အစည်းအဝေး ၈၈
၃၄။ ဖူးလိုလှပေါ့ ဘုရားရှင် ၉၀
၃၅။ ဇာတိမြေသို့ လမ်းအဖွင့် ၉၂

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၃၆။ | ရွာသွန်းပါပေါ့ ပေါက္ခရဝဿမိုး | ၉၄ |
| ၃၇။ | ဆွမ်းခံခြင်းဆိုသည်မှာ | ၉၈ |
| ၃၈။ | သစ္စာမျက်ဖျော် ယသော်ဓရာ | ၁၀၀ |
| ၃၉။ | ညီတော်မင်းနန်ချွတ်ခန်း | ၁၀၃ |
| ၄၀။ | အမွေတောင်းတဲ့ ရာဟုလာ | ၁၀၅ |
| ၄၁။ | ရဟန်းပြုဖို့ လာကြသည် | ၁၀၇ |
| ၄၂။ | အနာထပိဏ်ရဲ့ ဇေတဝန် | ၁၁၀ |
| ၄၃။ | နတ်သားအတွက် အဖြေ | ၁၁၂ |
| ၄၄။ | ရောဟိဏီအတွက် အရေးအခင်း | ၁၁၄ |
| ၄၅။ | ရတနသုတ်၏ တန်ခိုးတော် | ၁၁၆ |
| ၄၆။ | သုဒ္ဓေါဒန၏ နောက်ဆုံးနေ့ | ၁၁၈ |
| ၄၇။ | ဝမ်းနည်းစွာနဲ့ ဂေါတမီ | ၁၂၀ |
| ၄၈။ | ရဟန်းပြုခွင့်ရခဲ့ပြီ | ၁၂၂ |
| ၄၉။ | တိုးပွားလာသော ရဟန်းများ | ၁၂၆ |
| ၅၀။ | ကြင်နာသမှု သူနာပြု | ၁၂၈ |
| ၅၁။ | မိတ်ဆွေခင်ပွန်းဆိုသည်မှာ | ၁၃၀ |
| ၅၂။ | ချေချွတ်ခဲ့ရ သစ္စက | ၁၃၂ |
| ၅၃။ | မုန်ညင်းစေ့ကို ဖွေရှာသူ | ၁၃၄ |
| ၅၄။ | နန္ဒောပနန္ဒ မာန်စွယ်ကျ | ၁၃၆ |
| ၅၅။ | တိတ္ထိဆိုတာ ချိုနဲ့လား | ၁၃၈ |
| ၅၆။ | ဦးနှိမ်မာန်ချ ဗကဗြဟ္မာ | ၁၄၁ |
| ၅၇။ | ဗုဒ္ဓချစ်သော လယ်မြေယာ | ၁၄၄ |


www.burmeseclassic.com

www.burmeseclassic.com

၅၈။ တဂၢယ်ရှုပါ လယ်ဥပမာ ၁၄၆
၅၉။ တစ်ခုသော ဝါကျုတ်မှာ ၁၄၉
၆၀။ စိဋ္ဌမာဏာ၏ အနှောင့်အယှက် ၁၅၁
၆၁။ ခက်ခဲလွန်းစွ ဆွမ်းကိစ္စ ၁၅၄
၆၂။ စိတ်ထားမမြတ် ဒေဝဒတ် ၁၅၆
၆၃။ ဖြားယောင်းသွေးဆောင်ခြင်း ၁၅၇
၆၄။ ပျောက်ကွယ်လေသော တန်ခိုးများ ၁၅၉
၆၅။ ပလလည်း တောသို့ မြန်းခဲ့ပြီ ၁၆၀
၆၆။ မှားမိသည့် ဝန်တာ ၁၆၃
၆၇။ ထူးခြားလိမ္မာ ရာဟုလာ ၁၆၅
၆၈။ ဆုံးမတတ်စွာ မြတ်ဗုဒ္ဓါ ၁၆၇
၆၉။ လက်ညှိုးတွေမှ လိုက်ဖြတ်သူ ၁၆၉
၇၀။ အာဠာဝကတဲ့လား ၁၇၀
၇၁။ ယဇ်ပူဇော်တဲ့ပွဲ ၁၇၃
၇၂။ ဟောကြားမြွက်ဖော် မင်္ဂလာတရားတော် ၁၇၅
၇၃။ ဟောကြားမြွက်ဖော် သိင်္ဂါလသုတ်တော် ၁၇၉
၇၄။ ကာလာမသုတ်တော် ဟောမြွက်ဖော် ၁၈၀
၇၅။ ဒေဝဒတ်ရဲ့ရန်ငြိုး ၁၈၃
၇၆။ မကြံကောင်း မစည်ရာ ၁၈၅
၇၇။ သားဆိုးသားမိုက် ၁၈၇
၇၈။ ဘုရားရှင်ကို လုပ်ကြံခြင်း ၁၈၉
၇၉။ ကိုယ်တိုင်အားထုတ် ယုက်ယှက်မာမား ၁၉၁

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၈၀။ | ဒူးတုပ်ရသော ဆင်မိုက်ကြီး | ၁၉၁ |
| ၈၁။ | ဆာလောင်တာတွေ ပြေပါစေ | ၁၉၃ |
| ၈၂။ | ဒေဝဒတ်ရဲ့ နောက်ဆုံးစာမျက်နှာ | ၁၉၄ |
| ၈၃။ | ဘုရားရှင်ရဲ့ ဥပါသကာ | ၁၉၆ |
| ၈၄။ | အနိုင်ရသွားသော အမ္ဗပါလီ | ၁၉၇ |
| ၈၅။ | ဥပါသကာစစ်သူကြီး | ၁၉၉ |
| ၈၆။ | ၄၅ ဝါ မြောက်ခဲ့ပြီ | ၂၀၁ |
| ၈၇။ | ကြွေလွင့်ရှာပေါ့ လက်ယာတော်ရံ | ၂၀၃ |
| ၈၈။ | ဆိုဆုံးမသည့် တရားတော် | ၂၀၅ |
| ၈၉။ | မကြာမြင့်မီ | ၂၀၇ |
| ၉၀။ | ပရိနိဗ္ဗာန်ပြုတော့မည် | ၂၀၈ |
| ၉၁။ | စုန္ဒကပ်သည့် နောက်ဆုံးဆွမ်း | ၂၁၀ |
| ၉၂။ | အင်ကြင်းဥယျာဉ်ဝင်ခဲ့ပြီ | ၂၁၂ |
| ၉၃။ | နောက်ဆုံးကာလ ပူဇော်ကြ | ၂၁၄ |
| ၉၄။ | တွေ့ခွင့်နောက်ဆုံး ရသွားသူ | ၂၁၆ |
| ၉၅။ | အင်ကြင်းပွင့်တို့ ငိုကြပြီ | ၂၁၈ |
| – | အကိုးအကား | ၂၂၁ |


[ပြီး၏]

www.burmeseclassic.com

www.burmeseclassic.com

## စကားနိဒါန်း

ဗုဒ္ဓဘုရားရှင်ဆိုတာ သတ္တဝါ ဝေနေယျအပေါင်းကို သံသရာကနေ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်းအတွက် နည်းပေးလမ်းပြတော်မူခဲ့တဲ့ အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်ပါတယ်။ သစ္စာလေးပါးတရားတော်ကို သိမြင်လို့ သဗ္ဗညုတဉာဏ်တော်ရှင်ကြီးဖြစ်လို့လည်း ဗုဒ္ဓဘာသာဝင်တိုင်းက အထွတ်မြတ်ထားပြီး ပူဇော်ကိုးကွယ်နေကြတာပဲပေါ့။

တကယ်တော့ ဗုဒ္ဓဘုရားရှင်ဟာ တန်ခိုးရှင်က ဖန်ဆင်းပေးခဲ့တာ မဟုတ်ပါဘူး။ လူသားအမျိုးအနွယ်ထဲကနေပဲ ပေါက်ဖွားလာခဲ့တာပါ။ ဗုဒ္ဓရဲ့ဖြစ်တော်စဉ်နဲ့ ပတ်သက်လို့ ရေးသားပြုစုထားတဲ့ စာပေကျမ်းဂန်တွေ မြောက်မြားစွာ ရှိကြပါတယ်။ အဲဒါကို "ဗုဒ္ဓဝံသ" လို့ ခေါ်ပါတယ်။ အဲဒါကိုပဲ မြန်မာမှုပြုပြီး ဘုရားရဲ့ ဖြစ်တော်စဉ် (တစ်နည်းအားဖြင့်) ဗုဒ္ဓဝင်ရယ်လို့ ခေါ်ဆိုသုံးနှုန်း နေကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com

သည်စာအုပ်ဟာ လူငယ်လူရွယ် ကလေးငယ်တို့အတွက် ပေါ့ပေါ့ပါးပါးကလေး ဖတ်ရှုမှတ်သားရအောင် စာပေကျမ်းဂန်တွေထဲက ထုတ်နှုတ်လို့ ရေးသားထားတာပါ။ သည်စာအုပ်ကို ဖတ်ရှုပြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးစားပြီး သာသနာတော်အပေါ် အလေးအနက်ထားတဲ့စိတ်တွေ ဝင်လာရင်ပဲ ရေးသားပြုစုရကျိုးနပ်ပါပြီလို့ စကားနိဒါန်းဆိုပါရစေတော့။

နန္ဒာမိုးကြယ်
(၂၂–၈–၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

(၁)

# ဘုရားဖြစ်ရန် ဆုထူးပန်

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အပေါ် မဟာကရုဏာတရား ကြီးမားတော်မူလှတဲ့ မြတ်စွာဘုရားရှင်ဟာ ဘုရားမဖြစ်မီ ဘဝ၊ ဘဝတွေများစွာကတည်းက ဘုရားဆုကို မန်ခဲ့ပါတယ်။ ဘုရားရှင်အဖြစ် ရောက်ရှိဖို့ရာ ဖြည့်ဆည်းတော်မူခဲ့ရတဲ့ နှစ်ကာလတွေဆိုတာ နည်းမှ မနည်းပါပဲကလား။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။

အတိတ်ဘဝတစ်ခုကို ပြန်ကြည့်ကြပါစို့ရဲ့။

"အမရဝတီ" လို့ အမည်တွင်တဲ့ မြို့ကလေးတစ်မြို့မှာ ဗြဟ္မဏလူမျိုး သူဌေးကြီးတစ်ဦး ရှိပါတယ်။ သူဌေးကြီးမှာ သားယောကျ်ားကလေးတစ်ပါး ရှိပါတယ်။ နာမည်က "သုမေဓာ" တဲ့။ ရုပ်အဆင်းအင်္ဂါ ချောမောလှပပြီး ဥစ္စာပစ္စည်းတွေဟာ အင်မတန်မှ ပေါကြွယ်ဝလေတော့ ပျိုရွယ်ကြိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com


နှင်းဆီခိုင်လို့ ဆိုရမှာပါ။ အဲသည်ထဲမှာမှ ဘဝအဆက်ဆက် ပါရမီဖြည့်ဘက် သုမိတ္တာနဲ့ ဆုံစည်းခဲ့ရပါတယ်။

သုမေဓာ အရွယ်ရောက်တော့ မိဘနှစ်ပါးစလုံးဟာ ကွယ်လွန်ခဲ့ကြပါပြီ။

သုမေဓာအဖို့ သေခြင်းတရားအပေါ် ဆင်ခြင်စဉ်းစားပြီးတဲ့နောက်မှာတော့ ပိုင်ဆိုင်သမျှ ဥစ္စာပစ္စည်းအားလုံးကို စွန့်ကြဲလှူဒါန်းပြီး ရသေ့ဝတ်နဲ့ တောထွက်ဖို့ရာ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

ဒါကြောင့်လည်း ဟိမဝန္တာအရပ်ကို ထွက်ခွာသွားပြီး ဓမ္မိကအမည်ရှိ တောင်တစ်လုံးမှာ ကျောင်းသင်္ခမ်းဆောက်လုပ်ပြီး သီတင်းသုံးပါတယ်။ အဲသည်ကာလဆိုတာ ဒီပင်္ကရာမြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့ကာလပေါ့။

တစ်နေ့မှာတော့ သုမေဓာရှင်ရသေ့ဟာ ကောင်းကင်ကနေ ရှာန်နဲ့ လှမ်းကြွပြီး အမရဝတီမြို့ကို ဆွမ်းခံထွက်ခဲ့ပါတယ်။ အဲသည်အချိန်မှာ မြို့သူမြို့သားအပေါင်းဟာ ရွှင်လန်းဝမ်းမြောက်တဲ့ မျက်နှာတွေနဲ့ ရုံးစု၊ ရုံးစု ဖြစ်နေကြတယ်။ အကျိုးအကြောင်း သိချင်လို့ မေးကြည့်တော့. . .

"ရှင်ရသေ့၊ သည်ကနေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားရှင် ဒေသစာရီ ကြွချီတော်မူလာမယ်နေ့ ဖြစ်ပါတယ်။ အဲဒါကြောင့် ခရီးလမ်းပန်းညီညွတ်ရလေအောင် ပြင်ဆင်ဖို့ရာအတွက် စုရုံးနေကြတာပါ"

လို့ တင်လျှောက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတို့၊ သည်လိုဆိုရင် ငါ့ကိုလည်း လမ်းပြင်ဆင်ဖို့ ခွင့်ပေးကြပါ"

သုမေဓာရှင်ရသေ့က အဲသည်လို ခွင့်တောင်းလိုက်တော့ အမရဝတီမြို့သူမြို့သားအပေါင်းလည်း သုမေဓာရှင်ရသေ့ဟာ အဘိညာဉ်တန်ခိုးနဲ့ ပြည့်စုံတာကို သိကြတဲ့အတွက် ပြုပြင်ရန်ခက်ခဲပြီး ရွှံ့ဗွက်နွံတွေ အင်မတန်ထူပြောတဲ့ လမ်းအပိုင်းကို ပြုပြင်ဖို့ရာ ခွင့်ပေးလိုက်ကြတယ်။ ဒါပေမဲ့ သုမေဓာရှင်ရသေ့ဟာ သူ့ရဲ့တန်ခိုးတော်ကို အသုံးမချခဲ့ပါဘူး။ သူ့ခွန်သူ့အားနဲ့ စိုက်ထုတ်ပြီး ဗွက်ထနေတဲ့လမ်းကို ပြုပြင်မြေဖို့ပါတယ်။ သူ့အပါးမှာလည်း ပါရမီဖြည့်ဖက် သုမိတ္တာလေးဟာ ဘုရားရှင်ကြွလာတော်မူရင် ဆက်ကပ်ဖို့ရာ ကြာငါးခိုင်ကို ကိုင်လို့ပေါ့။

သည်လိုနဲ့ လမ်းဖို့နေတာ မပြီးပြတ်သေးခင်မှာပဲ ဒီပင်္ကရာမြတ်စွာဘုရားရှင်ဟာ နောက်ပါသံဃာလေးသိန်းကို ဦးဆောင်လို့ ဒေသစာရီကြွချီတော်မူလာခဲ့ပါပြီ။ မြေဖို့ရာမှာလည်း သုံးတောင်လောက် ကျန်နေသေးတော့ သုမေဓာရှင်ရသေ့ဟာ ချက်ချင်းဆိုသလိုပဲ မိမိကိုယ်ကိုမိမိ တံတားသဖွယ် အလျားလိုက်ခင်းပေးလိုက်ပါတော့တယ်။ ပြီးတော့ ခပ်လှမ်းလှမ်းကနေ ကြွလာတဲ့ ဒီပင်္ကရာမြတ်စွာဘုရားရှင်ကို ဖူးမြော်ကြည်ညိုရင်း. . .

"ငါလည်းပဲ ဒီပင်္ကရာမြတ်စွာဘုရားရှင်လို ဘုရားအဖြစ်ကို ရောက်ပြီးကာမှ နိဗ္ဗာန်ကို မျက်မှောက်ပြုရရင် ကောင်းလိမ့်မယ်"

လို့ ကြံစည်တွေးတောရင်း ဘုရားဆုကို ပန်ဆုတောင်းပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာပဲ ဒီပင်္ကရာမြတ်စွာဘုရားရှင်ဟာ တရွေ့ရွေ့ လှမ်းကြွလာနေရင်းကပဲ ခန္ဓာကိုယ်ကို အလျားလိုက် တံတားထိုးထားတဲ့ သုမေဓာအပေါ်ကို ရောက်ရှိတော်မူလာခဲ့ပါပြီ။ ဘုရားရှင်ရဲ့ စိတ်ထဲမှာလည်း သုမေဓာရှင်ရသေ့ဟာ ဘုရားဖြစ်ဖို့ရာအတွက် အသက်ကို ပဓာနမထားဘဲ မိမိကိုယ်မိမိ တံတားထိုးပေးနေပါလားဆိုတာ သိမြင်တော်မူခဲ့တယ်။ ဒါကြောင့်ပဲ သုမေဓာရှင်ရသေ့ရဲ့ ရှေ့မှောက်မှာတင်–

"ချစ်သား၊ သင်ဟာ ဤကမ္ဘာကနေ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ကျင့်ပြီးတဲ့အခါမှာ ဂေါတမအမည်ရှိတဲ့ ဗုဒ္ဓဘုရားရှင်တော် ဖြစ်တော်မူလိမ့်မယ်"

လို့ ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့ပါတယ်။ သည်အချိန်မှာပဲ စကြဝဠာတိုက်တစ်သောင်းမှာ ရှိကြတဲ့ နတ်ဗြဟ္မာအပေါင်းဟာ အလောင်းတော်ရှင်ရသေ့ကို ကောင်းချီးပေးကြပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂)
## ဘုရားအလောင်း၏ မိဘနှစ်ပါး

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၆၀၀) ကျော်လောက်တုန်းကပေါ့။

"ကပိလဝတ်" ဆိုတဲ့ တိုင်းပြည်ကြီးမှာ သာကီဝင်မင်းမျိုးဖြစ်တဲ့ "သုဒ္ဓေါဒန" ဘုရင် မင်းပြုစိုးစံတော်မူပါတယ်။ မင်းကြီးဟာ ဂေါတမအနွယ်ဝင်ဖြစ်တာမို့ "သုဒ္ဓေါဒနဂေါတမ" ရယ်လို့လည်း အမည်တွင်ပါသေးတယ်။ မင်းကြီးမှာ မိဖုရားနှစ်ပါးရှိပါတယ်။ မိဖုရားခေါင်ကြီးဟာ "သီရိမဟာ မာယာဒေဝီ" ဖြစ်ပြီး မြောက်နန်းမိဖုရားကတော့ "မဟာ ပဇာပတိ ဂေါတမီ" ဖြစ်ပါတယ်။ အဲသည် မိဖုရားနှစ်ပါးဟာ ညီအစ်မအရင်းအချာတော်စပ်ကြပါတယ်။

သီရိမဟာ မာယာဒေဝီ မိဖုရားခေါင်ကြီးရဲ့ အသက် (၅၅) နှစ် လေးလခန့်အရောက်မှာတော့ ကပိလဝတ်ရဲ့ပြည်တော်မှာ နက္ခတ်ပွဲသဘင်တစ်ခုကို ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကျင်းပပါသတဲ့။ သီရိမဟာ မာယာဒေဝီဟာ ဝါဆိုလဆန်း (၉) ရက်၊

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ကစလို့ ဝါဆိုလဆန်း (၁၄) ရက် ဗုဒ္ဓဟူးနေ့အထိ ခြောက်ရက်တိုင်တိုင် အရက်သေစာသောက်စားမှုမှ ကင်းလွတ်တဲ့ ပန်းနံ့သာ အခိုးအထုံ ပန်ဆင်လိမ်းကျံခြင်းနဲ့ ပြည့်စုံတဲ့ အဲသည်နက္ခတ်သဘင်ကို ပျော်ရွှင်စွာ ခံစားတော်မူပါတယ်။

သည်လိုနဲ့ ဝါဆိုလပြည့်နေ့ ရောက်တဲ့အခါမှာတော့ နံနက်စောစောကတည်းကပဲ နံ့သာရေမိုးချိုးပြီး အသပြာဥစ္စာတွေကို စွန့်ကြဲလို့ ကြီးမြတ်တဲ့အလှူကို ပေးတော်မူပါတယ်။ ပြည့်စုံတဲ့ အဆင်တန်ဆာတွေကို ဆင်မြန်းတော်မူပါတယ်။ ကောင်းမွန်တဲ့ နံနက်ပွဲတော်စာကို သုံးဆောင်ပါတယ်။ အဲသည်နောက်မှာတော့ အင်္ဂါရှစ်ပါးရှိတဲ့ ဥပုသ်သီလကို ခံယူဆောက်တည်ရင်း ကျက်သရေခန်းထဲမှာ ကျက်သရေရှိတဲ့နေရာပေါ် ထိုင်တော်မူရင်းကနေ အဲသည် လပြည့်နေ့ညဥ့်ရဲ့ နောက်ပိုင်းမှာတော့ အိပ်ပျော်သွားခဲ့ပါသတဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၃)

## ထူးဆန်းလှသော အိပ်မက်များ

မိဖုရားခေါင်ကြီး သီရိမဟာ မာယာဒေဝီဟာ ဥပုသ်ကျင့်သုံးရင်းကနေ အိပ်ပျော်လို့အသွားမှာတော့ ဘုရားအလောင်းတော်ပဋိသန္ဓေတည်နေလာမယ့်အကြောင်း ရှေ့ပြေးနိမိတ်တွေကို မြင်မက်ပါတော့တယ်။

အဲသည် ထူးဆန်းတဲ့အိပ်မက်တွေကတော့ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ဟာ သလွန်တော်နေရာနဲ့တကွ သီရိမဟာ မာယာဒေဝီကို ပင့်ချီလို့ ဟိမဝန္တာရှိ အနောတတ်အိုင်ကို ဆောင်ကြဉ်းပြီး အင်ကြင်းပင်အောက် ကျောက်ဖျာပေါ် ချထားလိုက်ကြပါတယ်။ အဲသည်အခါမယ် နတ်သမီးလေးပါး ရောက်လာပြီး အညစ်အကြေးတွေ ပယ်ဖျောက်ဖို့ရာအတွက် ရေချိုးသန့်စင်ပေးကြပါတယ်။ နတ်ဝတ်တန်ဆာတွေကို ဆင်မြန်းပေးကြပါတယ်။ ပြီးတော့ အနောတတ်အိုင်နဲ့ မနီးမဝေးမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ငွေတောင်ကြီးအတွင်းက ရွှေဗိမာန်ခန်းမှာ အရှေ့ဘက်အရပ်ကို ခေါင်းပြု လို့ အိပ်စက်စေပါတယ်။

အဲသည်အချိန်မှာပဲ မြောက်အရပ်ကနေပြီး ဆွတ်ဆွတ်ဖြူတဲ့ ဆင်ဖြူတော်တစ်စီးပေါ်လာပြီး သိရီမဟာ မာယာဒေဝီ မိဖုရားကြီးကို လက်ယာရစ် လှည့်ပါတယ်။ ပြီးတာနဲ့ မိဖုရားကြီးရဲ့ လက်ယာနံပါးကိုဖောက်လို့ ဝမ်းဗိုက်တော်အတွင်း ဝင်လာတဲ့အကြောင်း ထူးထူးဆန်းဆန်း မြင်မက်တော်မူပါတယ်။

အဲသည်လို မြင်မက်တဲ့အတိုင်းပဲ အဲသည်အချိန်မှာ မိဖုရားကြီးရဲ့ဝမ်းထဲ ဘုရားလောင်း ပဋိသန္ဓေတည်ပါတော့တယ်။ သည်အချိန်မှာပဲ မြေလျင်ဟာ ပြင်းထန်စွာ တုန်လှုပ်လို့ ထူးခြားတဲ့ နိမိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါ့အပြင် ပုဗ္ဗနိမိတ်ကြီး (၃၂) မျိုးတို့ ထင်ရှားစွာ ဖြစ်ပေါ်လာပြန်ပါတော့တယ်။ အဲသည် ပုဗ္ဗနိမိတ်ကြီး (၃၂) မျိုးကတော့. . .

၁။ မြေ၊ ရေအပေါင်း တစ်သောင်းသော လောကဓာတ်တို့ဟာ တစ်ပြိုင်နက်တည်း ဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန်ကြပါသတဲ့။

၂။ ပူတာတွေ၊ အေးတာတွေ စတဲ့ ဥတုနှစ်ပါးစလုံးဟာ ကင်းငြိမ်းမျှတသွားပါသတဲ့။

၃။ လောကဓာတ်အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်သွားကြပြီး အနှောင့်အယှက်မှန်သမျှ ကင်းပသွားကြပါသတဲ့။

၄။ လေပြင်းမုန်တိုင်းတို့ တိုက်ခတ်ခြင်းမရှိဘဲ လေပြေလေညင်းလေးတွေသာ တိုက်ခတ်ပါတော့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဂင်္ဂါ၊ ယမုံနာ စတဲ့ မြစ်အပေါင်းတို့ဟာ ရေစီးခြင်းမရှိဘဲ ရုတ်တရက် ရပ်တန့်သွားကြပါသတဲ့။

၆။ မြေပြင်တစ်ဝှမ်းမှာရှိကြတဲ့ ပန်း၊ သစ်ပင်အပေါင်းတို့ဆိုတာ နှာမောင်းတွေ ဆင့်ကာဆင့်ကာနဲ့ ပွင့်ကြ၊ သီးကုန်ကြပါသတဲ့။

၇။ ကောင်းကင်ထက် မြူးကွန့်တည်ရှိနေကြတဲ့ အာကာသဋ္ဌရတနာတွေဆိုတာ ပြိုးပြိုးပြက်ပြက်အရောင်တွေ ထွက်လာကြပါသတဲ့။

၈။ လူ့ပြည်၊ နတ်ပြည်မှာရှိကြတဲ့ စည်စောင်း၊ အဲငြင်း၊ ပတ်သာ စတဲ့ တူရိယာတွေဟာ ဘယ်သူမှ မတီးခတ်၊ မတီးမှုတ်ရပါဘဲ သာယာငြိမ့်ညောင်းစွာ မြည်ကြပါသတဲ့။

၉။ နတ်ပြည်မှာရှိတဲ့ ပန်းနံ့သာတွေဟာ တဖွဲဖွဲ ရွာသွန်းနေကြပါသတဲ့။

၁၀။ စကြဝဠာကောင်းကင်၊ မြေပြင်တစ်ဝှမ်းမှာလည်း တော်လဲသံတွေ ပဲ့တင်ရိုက်ဟီးကုန်ကြပါသတဲ့။

၁၁။ ရှစ်ထပ်ရှိတဲ့ ငရဲဘုံမှာလည်း ငရဲမီးရဲ့ အဟုန်ပြင်းစွာ ပူပင်မှုဟာလည်း ငြိမ်းလို့သွားပါသတဲ့။

၁၂။ ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုးတို့ ကင်းစင်ပပြီး နေမင်းရဲ့ အလင်းရောင်ခြည်က ထွန်းလင်းတောက်ပနေပါသတဲ့။

၁၃။ ကြယ်အပေါင်းတွေ ဝန်းရံခနေတဲ့ နက္ခတ်တာရာတွေဆိုတာ နေ့ဘက်အခါကြီးမှာတောင် ညဘက်မှာလိုပဲ ထွန်းလင်းတောက်ပနေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ အညစ်အကြေးတို့ တင်ကျန်နေတဲ့မြေပြင်ကို ဆေးကြောသန့်စင်ပစ်တဲ့အလား မိုးမရွာပါဘဲနဲ့ ရေအလျဉ်တို့ တဖြိုင်ဖြိုင် စီးဆင်းနေပါသတဲ့။

၁၅။ ကြယ်တာရာအပေါင်းတို့သာမက သောကြာ၊ ဗုဒ္ဓဟူးစတဲ့ ဂြိုဟ်ကြယ်ဘုံဆောင်တွေမှာလည်း အရောင်တွေ ထွန်းလင်းတောက်ပနေပါသတဲ့။

၁၆။ သတ္တဗီသနက္ခတ်တို့ကိုလည်း ပြတ်သားထင်ရှားစွာ တွေ့မြင်ရပါသတဲ့။

၁၇။ ငွေစန္ဒာလမင်းကြီးဟာလည်း ဝိသာခါနက္ခတ်နဲ့ယှဉ်ပြီး ထွန်းလင်းပါသတဲ့။

၁၈။ တွင်း၊ ဂူ၊ လိုဏ်ခေါင်း၊ မြေအောင်းသတ္တဝါတွေလည်း ထွက်လာကုန်ကြပါသတဲ့။

၁၉။ လူ့ခပ်သိမ်းအပေါင်းတို့ဆိုရင်လည်း ရောင့်ရဲလွယ်ကုန်ကြပါသတဲ့။

၂၀။ ၉၆ ပါးသော ဝေဒနာအပေါင်း ခံစားနေကြရသူတွေဆိုရင်လည်း ကျန်းမာရေးကောင်းလာကြပါသတဲ့။

၂၁။ ဆာလောင်မွတ်သိပ်နေသူမှန်သမျှလည်း ဝမ်းမီးတွေ ငြိမ်းကုန်ကြပါသတဲ့။

၂၂။ ပြိတ္တာအပေါင်းတို့ဆိုရင်လည်း အစားအသောက်တွေ ပြည့်စုံလာကြပါသတဲ့။

၂၃။ လောဘ၊ ဒေါသ၊ မာန်မာနခက်ထန်သူ အရေအတွက်လည်း နည်းပါးလာကြပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com


၂၄။ အပါယ်လေးရွာမှာ နှစ်ဆယ့်ငါးဖြာသော ဘောအပေါင်းတို့ကနေ ကင်းလာကြပါသတဲ့။

၂၅။ ရေမှုန်၊ မြူညက်တို့ဆိုရင်လည်း တက်ခြင်း၊ လွင့်ခြင်း မရှိဘဲ စင်ကြယ်လာကြပါသတဲ့။

၂၆။ မကောင်းတဲ့ အနံ့အသက်တွေဆိုရင်လည်း ကင်းစင်လွင့်ပျောက်ကုန်ကြပါသတဲ့။

၂၇။ နတ်တို့ရဲ့ ရနံ့တွေသာ တလှိုင်လှိုင် ပျံ့သင်းနေပါသတဲ့။

၂၈။ အရူပလေးဘုံကိုထားလို့ ခြောက်တန်နတ်ရွာ (နတ်ဘုံ ၆ ထပ်)၊ ဗြဟ္မာ့ဘုံ ၁၆ ထပ်တို့ကို အကုန်အစင် တွေ့မြင်ရပါသတဲ့။

၂၉။ ငရဲကြီး ၈ ထပ်မှာ ခံစားနေကြရသူအပေါင်းကို အကုန်အစင် တွေ့မြင်ကြရပါသတဲ့။

၃၀။ တိုက်၊ နံရံ၊ တံခါး၊ တောင်ဖျား၊ တိမ်တိုက်တို့ဆိုရင်လည်း ကွယ်ဝှက်ခြင်းမရှိ၊ ဟင်းလင်းပြင်အတိုင်း ဖြစ်ကုန်ကြပါသတဲ့။

၃၁။ သတ္တဝါတွေဆိုရင်လည်း ခန္ဓာပျက်ကြွေ သေလွန်ခြင်းတွေ မရှိကြတော့ဘူးတဲ့။

၃၂။ သတ္တဝါတွေဟာ သန္ဓေယူခြင်း၊ ဖွားမြင်ခြင်းတို့ဆိုတာလည်း မရှိကြပါဘူးတဲ့။

မယ်တော် မဟာမာယာဒေဝီဟာ သလွန်တော်ပေါ်မှာ အိပ်စက်တော်မူရင်း အဆိုပါ ထူးခြားဆန်းကြယ်တဲ့ အိပ်မက်တွေကို မြင်မက်တော်မူခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၄)
## အလောင်းတော်ကို ဖွားမြင်ပြီ

မယ်တော် မဟာမာယာဒေဝီဟာ ဘုရားအလောင်းတော်ကို ပဋိသန္ဓေယူတဲ့အချိန်ကစလို့ (၁၀) လ ပြည့်မြောက်တဲ့အခါမှာ မီးရှူးသန့်စင် ဖွားမြင်တော်မူပါတယ်။ (ဘုရားအလောင်းတော် မှန်သမျှဟာ ဝါဆိုလပြည့်နေ့မှာ ပဋိသန္ဓေယူပြီး ၁၀ လ ပြည့်မြောက်တဲ့အခါ မီးရှူးသန့်စင် ဖွားမြင်ရစမြဲပါ။ ဖွားမြင်တဲ့နေ့ဆိုတာလည်း ကဆုန်လပြည့်နေ့မှာပဲ ဖွားမြင်လေ့ရှိကြပါသတဲ့။)

မြတ်စွာဘုရားအလောင်းတော်ကို ဖွားမြင်တော်မူခါနီးမှာ မယ်တော် မဟာမာယာဒေဝီဟာ ဇာတိမြေဖြစ်တဲ့ ဒေဝဒဟပြည်တော်ကို ပြန်ဖို့လုပ်ပါတယ်။ ဒါပေမဲ့ ဒေဝဒဟပြည်ကို မရောက်ခဲ့ပါဘူး။ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည်ကြား လုမ္ဗိနီသာမောအင်ကြင်းတောဥယျာဉ်မှာ ကမ္ဘဇလေ လှုပ်ရှားလာတဲ့အတွက် ခေတ္တနားနေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲသည်လို နားနေရင်းက အင်ကြင်းခက်ကို ညာလက်တော်နဲ့ ကိုင်စွဲနေတုန်းမှာပဲ မြေလျှင်တွေ လှုပ်ခတ်လာခဲ့ပါတယ်။ အလင်းရောင်တွေ ပြိုးပြိုးပြက်ပြက် လင်းလက်လာပြီး နေ့ခင်းကြီးအချိန်မှာတောင် နေလနက္ခတ်တာရာတွေ ပေါ်ထွက်လာကြတယ်။ သည်လို နိမိတ်ကြီးတွေ ဖြစ်ပေါ်နေတုန်းမှာပဲ မယ်တော် မဟာမာယာဒေဝီကို ဝန်းရံလို့ အခြွေအရံတွေက ကန့်လန့်ကာတွေ ဝိုင်းပတ်ကာရံပေးလိုက်ကြပါတယ်။ မယ်တော်မဟာမာယာဒေဝီလည်း တင့်တယ်တဲ့ အသရေတော်နဲ့ မတ်တတ်ရပ်လျက်ကပဲ အင်ကြင်းခက်ကိုကိုင်ရင်း ဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသတဲ့။

သည်အခါမှာ နတ်ဗြဟ္မာအပေါင်းတို့ဟာ ဘုရားအလောင်းတော်ကို ထီးဖြူဆောင်းလို့ ပူဇော်ကြပါတယ်။ ဘုရားအလောင်းတော်ဟာ မယ်တော်ရဲ့ ဝမ်းကြာတိုက်က ကျွတ်လျှင်ကျွတ်ချင်းမှာပဲ မတ်တတ်ရပ်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်လေးမျက်နှာကို ကြည့်ရှုတော်မူပါတယ်။ ပြီးတော့ မြောက်အရပ်ကို မျက်နှာလှည့်လည်တော်မူပြီး ခြေလှမ်းခုနစ်လှမ်း လှမ်းကြွတော်မူပြီးနောက် ရပ်တန့်လိုက်ရင်း–

**"ငါဟာ လူသုံးပါးထက် အမြတ်ဆုံးဖြစ်တယ်"**

**"ငါဟာ လူသုံးပါးထက် ကြီးကဲသူဖြစ်တယ်"**

**"ငါဟာ လူသုံးပါးထက် ချီးမွမ်းအပ်သောသူဖြစ်တယ်"**

ရယ်လို့ ကြုံးဝါးတော်မူရုံမက–

**"ယခု ပဋိသန္ဓေနေရခြင်းဆိုတာ ငါ့အဖို့ နောက်ဆုံး ပဋိသန္ဓေနေရခြင်း ဖြစ်တယ်"**

www.burmeseclassic.com

www.burmeseclassic.com


**"ယခုအခါ ငါ့အဖို့ ဘဝသစ် တစ်ဖန်ဖြစ်ရဖို့ အကြောင်းမရှိတော့ပြီ"**

ရယ်လို့ ရဲရဲတောက်စကားကို မိန့်ဆိုတော်မူခဲ့ပါတယ်။ အဲသည်အခါမှာတော့ စကြဝဠာတိုက်တစ်သောင်းမှာရှိကြတဲ့ လူ၊ နတ်၊ ဗြဟ္မာအပေါင်းဟာ တစ်ခဲနက် ကောင်းချီးပေးတော်မူကြပါသတဲ့။

ဘုရားအလောင်းတော် မွေးဖွားတဲ့အချိန်မှာပဲ ဘုရားလောင်းရဲ့ မိဖုရားဖြစ်လာမယ့် ယသော်ဓရာမင်းသမီး၊ ညီတော်အာနန္ဒာမင်းသား၊ ကာဠုဒါယီအမတ်၊ တောထွက်တဲ့အခါ ပါလာမယ့် ဆန္နအမတ်၊ ကဏ္ဍကမြင်းတို့ ဖွားမြင်တော်မူရုံမက "သင်္ခ၊ ဧလ၊ ဥပ္ပလ၊ ပုဏ္ဍရိက" ဆိုတဲ့ ရွှေအိုးကြီးလေးလုံးအပြင် ဗောဓိပင် (မဇ္ဈိမဒေသ၊ ဥရုဝေလတော၊ အောင်မြေအရပ်) လည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါတွေဟာ ဘုရားအလောင်းတော်နဲ့ တစ်ချိန်တည်း ဖွားမြင်ကြတဲ့ ဖွားဖက်တော်တွေ ဖြစ်ကြပါသတဲ့။

ဘုရားအလောင်းတော်နဲ့ ပတ်သက်တဲ့ ဖွားဖက်တော် ခုနစ်ရပ်ကို အကျဉ်းချုပ်မှတ်သားလိုရင်တော့—

"ကာဠု ယသော်၊ ညီတော်, ဆန္န
ကဏ္ဍက
သောဏ, ဗုဒ္ဓဟော။
ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်
မှတ်ကြ မျိုးလေးထွေ"
ရယ်လို့ မှတ်သားနိုင်ကြပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၅)

## ဘုရားလောင်းအား ဖူးမြင်ရ ကာဠုဒေဝီလ

ကာဠုဒေဝီလ ဆိုတာ သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်တဲ့ ရသေ့ကြီးဖြစ်ပါတယ်။

ဘုရားလောင်း ဖွားမြင်ပြီဆိုတဲ့ သတင်းဟာ တဒင်္ဂခဏ တာအတွင်း ပျံ့နှံ့သွားခဲ့တာကြောင့် ကပိလဝတ်နဲ့ ဒေဝဒဟပြည်မှာရှိကြတဲ့ ဆွေတော်မျိုးတော်တွေဟာ လုမ္ဗိနီသာမော အင်ကြင်းတောကို စုဝေးရောက်ရှိသွားခဲ့ကြပါတယ်။ အဲသည်နောက် မယ်တော်မဟာမာယာဒေဝီနဲ့ ဘုရားအလောင်းတော်ကို ကပိလဝတ်နန်းတော်ရှိရာကို ခေါ်ဆောင်သွားကြပါတော့တယ်။

အဲသည်အချိန်မှာပဲ သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်တော်မူတဲ့ ကာဠုဒေဝီလ ရသေ့ကြီးဟာ နန်းတော်တွင်းသို့ ရောက်ရှိနေခဲ့ပါပြီ။

မင်းကြီးဟာ အားရဝမ်းသာစွာနဲ့ သားတော်လေးကို ပွေ့ချီပြီး သူ့ကို စောင့်စားနေတဲ့ ကာဠုဒေဝီရသေ့ကြီးရှိရာကို ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားပါတယ်။ ရသေ့ကြီးထံမှောက်ရောက်တော့ မင်းကြီးဟာ သားတော်လေးကို–

"သားတော် ခမည်းတော်ရဲ့ ဆရာမြတ်ဖြစ်တဲ့ ရသေ့ကြီးကို ရှိခိုးလိုက်ပါ"

လို့ တိုက်တွန်းပြောဆိုပါတယ်။

ဒါပေမဲ့ ဘုရားလောင်းသားတော်လေးက ခမည်းတော်မင်းကြီး တိုက်တွန်းသလို ရှိခိုးခြင်းမပြုပါဘူး။ ရှိမခိုးတဲ့အပြင် ရသေ့ကြီးရဲ့ ဦးခေါင်းထက်ကို ချာန်နဲ့ကြွပြီး ခြေစုံရပ်နေပါတော့တယ်။ အံ့ဖွယ်သရဲ ထူးကဲလှတဲ့ ဖြစ်ရပ်ကြောင့် နန်းတော်တွင်းရှိနေကြသူတွေဟာ တအံ့တဩ ဖြစ်နေကြသတဲ့။ ဘုရားအလောင်းမင်းသားက ရှိမခိုးပေမဲ့ ရသေ့ကြီးကတော့ ဘုရားလောင်းကို ရိုရိုသေသေနဲ့ ရှိခိုးပူဇော်နေပါတယ်။ သည်တော့ ခမည်းတော်မင်းကြီးလည်း မနေသာတော့ပါဘူး။ သူ ကိုးကွယ်ရတဲ့ ရသေ့ကြီးကတောင် သားတော်လေးကို ရှိခိုးနေပြီဆိုတော့ သူလည်း သားတော်လေးကို ရှိခိုးပါတော့တယ်။ (မင်းကြီးအဖို့ သားတော်လေးကို ရှိခိုးတာ၊ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။)

ရသေ့ကြီးဟာ အလောင်းတော်မင်းသားရဲ့ လက္ခဏာတော်ကိုကြည့်ပြီး. . .

"အရှင်မင်းကြီး သင့်ရဲ့သားတော်ဟာ ဘုရားစင်စစ် ကေန်ဖြစ်ပါလိမ့်မယ်"

လို့ မိန့်ကြားတော်မူပြီးတဲ့နောက် ပြုံးရယ်တော်မူပါတယ်။ ပြီးတော့ ငိုကြွေးတော်မူပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အဖြစ်ကို သုဒ္ဓေါဒနမင်းကြီးဟာ နားမလည်နိုင် ဖြစ်ရပါတယ်။ သည်တော့ ကာဠဒေဝီလ ရသေ့ကြီးက–

"အရှင်မင်းကြီး၊ ငါ ပြုံးရယ်ရခြင်းအကြောင်းရင်းကတော့ သင့်ရဲ့သားတော်ဟာ ဘုရားစင်စစ် ဧကန်ဖြစ်မှာ သိရတဲ့အတွက် ဝမ်းသာပြီး ပြုံးရယ်ရခြင်းဖြစ်ပါတယ်။ ငိုကြွေးရခြင်းအကြောင်းရင်းကတော့ သင့်ရဲ့သားတော် ဘုရားစင်စစ် ဧကန်ဖြစ်နေချိန်မှာ ငါ သေလွန်ပြီး ဖြစ်နေပါလိမ့်မယ်။ အဲဒါကြောင့် ဝမ်းနည်းပြီး ငိုကြွေးရခြင်းဖြစ်ပါတယ် မင်းကြီး"

လို့ ပြောဆိုရှင်းပြခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၆)

## ဦးခေါင်းဆေးလျှော် အမည်မှည့်မင်္ဂလာတော်

ဘုရားအလောင်းတော် ဖွားမြင်ပြီး ၅ ရက် ပြည့်မြောက်တဲ့နေ့ကို ရောက်ခဲ့ပါပြီ။

အဲသည်နေ့မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သားတော် မင်းသားလေးအတွက် ဦးခေါင်းဆေးလျှော်မင်္ဂလာတော် ပြုလုပ်အပြီးမှာတော့ အမည်မှည့်မင်္ဂလာတော်ကို ဆက်လက် ကျင်းပတော်မူပါတယ်။

ဒါနဲ့ပဲ မိမိရဲ့ စံနန်းတော်ကို နံ့သာမျိုးလေးပါးဖြစ်တဲ့ တောင်ဇလပ်နံ့သာ၊ လေးညှင်းပွင့်နံ့သာ၊ ကုံကုမံနံ့သာ၊ ပန်းညိုနံ့သာအမှုန့်တွေနဲ့ ထုံမွှေးစေပါတယ်။ ဒါ့အပြင် ပန်းမျိုးငါးပါးဖြစ်တဲ့ နေဇာမြက်၊ ဆန်၊ မုန်ညင်းစေ့၊ မုလေးငုံ၊ ပေါက်ပေါက် (ဆန်ပန်းပေါက်ပေါက်) တို့ကို ဖြန့်ကြဲစေပါတယ်။ ဒါ့အပြင် နို့ဃနာဘောဇဉ်စစ်စစ်ကို ချက်တော်မူလို့ ပုဏ္ဏားပညာရှိတွေကို ပင့်ဖိတ်ကျွေးမွေးစေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


သုဒ္ဓေါဒနမင်းကြီးမှာ ပုဏ္ဏားပညာရှိ စုစုပေါင်း (၁၀၈) ယောက်တိတိ ရှိပါတယ်။ အဲသည်ထဲကမှ (၁) ရာမပုဏ္ဏား၊ (၂) ဓဇပုဏ္ဏား၊ (၃) ယညပုဏ္ဏား၊ (၄) ဓောတိမန္တပုဏ္ဏား၊ (၅) သုဘောဇပုဏ္ဏား၊ (၆) သုယာမပုဏ္ဏား၊ (၇) လက္ခဏာပုဏ္ဏားနဲ့ (၈) ကောဏ္ဍညပုဏ္ဏားတို့ကို ရွေးချယ်တော်မူပါတယ်။

သားတော်လေးရဲ့ လက္ခဏာတော်ကို ကောဏ္ဍညပုဏ္ဏားမှအပ ကျန်ပုဏ္ဏား (၇) ယောက်တို့ ဖတ်ကြတဲ့အခါမှာတော့—

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့သားတော်ဟာ စကြာဝတေးမင်းသော်လည်းကောင်း၊ ဒါမှမဟုတ် ဘုရားရှင်သော်လည်းကောင်း ဖြစ်ပါလိမ့်မယ်"

လို့ မတင်မကျ စကားနှစ်ခွ လျှောက်ထားခဲ့ပါတယ်။ အငယ်ဆုံးပုဏ္ဏားပညာရှိဖြစ်တဲ့ ကောဏ္ဍညကျတော့ သူတို့လို မဟုတ်ပါဘူး။ အလောင်းတော်မင်းသားလေးရဲ့ မဟာပုရိသလက္ခဏာတော်ကြီး (၃၂) ပါးရှိနေတာ၊ ခြေဖဝါးပြင်နှစ်ဖက်မှာ (၁၀၈) ကွက် စက်အမှတ်အသားတွေရှိနေတာ၊ ပြည့်စုံတဲ့အသံတော် (၈) ပါးရှိနေတာ၊ မဟာပုရိသလက္ခဏာတော်ကြီး (၃၂) ပါးတို့ရဲ့ အခြံအရံဖြစ်ကြတဲ့ "အသီတိ အနုဗျဉ္ဇန" လို့ခေါ်တဲ့ လက္ခဏာတော် (၈၀) နဲ့ ပြည့်စုံနေတာတွေကို ဆင်ခြင်မိပြီး လက်ညှိုးလေးတစ်ချောင်းကို ထောင်လို့. . .

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သားတော်ဟာ သည်လောကမှာ ဘုရားစင်စစ် ဧကန်ဖြစ်ပါလိမ့်မယ်။ လူ့ဘောင်၌ ရပ်တည်ပျော်မွေ့မယ့်သူ မဟုတ်ကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ရဲရဲတင်းတင်း၊ ပြတ်ပြတ်သားသား လျှောက်ထားခဲ့ပါသတဲ့။

သည်တော့ မင်းကြီးလည်း မိမိသိလိုတာတွေကို မေးမြန်းပါတော့တယ်။

"အသင်ပုဏ္ဏားတို့၊ သည်လိုဆိုရင်ဖြင့် ငါ့ရဲ့သားတော်ဟာ ဘယ်အရာတွေကို မြင်တွေ့ရပြီး တောထွက်တော်မူမှာတဲ့လဲ"

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့သားတော်ဟာ "သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တွေ့ရပြီးတဲ့နောက် တောထွက်တော်မူမှာပါ"

အဲသည်နောက်မှာတော့ ပညာရှိပုဏ္ဏားအားလုံးဟာ ဘုရားလောင်း သားတော်လေးရဲ့အမည်ကို မှည့်ဖို့ရာ ဧည်းစားကြပြီးတဲ့နောက်မှာတော့ အလုံးစုံသော သူတို့ရဲ့ လိုအင်ဆန္ဒ ခပ်သိမ်းမှန်သမျှကို ပြီးငြိမ်းစေမှာဖြစ်တဲ့အတွက် "သိဒ္ဓတ္ထ" ရယ်လို့ အမည်သညာ ပြုလိုက်ကြပါတယ်။ ဂေါတမအနွယ်ဖြစ်တာကြောင့်လည်း "သိဒ္ဓတ္ထဂေါတမ" ရယ်လို့လည်း ခေါ်ကြပြန်ပါသေးတယ်"

❖

www.burmeseclassic.com

www.burmeseclassic.com

(၇)

## ခမည်းတော်ဆန္ဒနှင့် တစ်လသားအရွယ်

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားလေးဟာ ခုနစ်ပြည့်မြောက်တဲ့အခါမှာတော့ မယ်တော်ဖြစ်တဲ့ မဟာမာယာဒေဝီဟာ နတ်ရွာစံ ကံတော်ကုန်သွားခဲ့ရှာပါတယ်။ (တုသိတာနတ်ပြည်မှာ နတ်သားဖြစ်သွားခဲ့ပါတယ်။)

ခမည်းတော်ဖြစ်တဲ့ သုဒ္ဓေါဒနမင်းကြီးဟာ မဟာမာယာဒေဝီ မရှိတော့တဲ့အခါ မာယာဒေဝီရဲ့ ညီမတော်ရင်း ဂေါတမီကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်တော်မူပါတယ်။ ဂေါတမီဟာ သိဒ္ဓတ္ထမင်းသားလေးရဲ့ မိထွေးတော်ဆိုပေမဲ့ သိဒ္ဓတ္ထမင်းသားလေးအပေါ်ကို သားတော်ရင်းပမာ ပိုက်ထွေးယုယ မွေးမြူပြီး ကိုယ်တော်တိုင် နို့ချိုတိုက်ကျွေး ပြုစုခဲ့ပါတယ်။ (သိဒ္ဓတ္ထ မင်းသားလေးကို ဖွားမြင်ပြီး နှစ်ရက်၊ သုံးရက်အကြာမှာ ဂေါတမီဟာ နန္ဒမင်းသားလေးကို ဖွားမြင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သားတော်ရင်း နန္ဒမင်းသားလေးကို နို့တိုက်ဖို့ရာကျတော့ နို့ထိန်းတွေကိုသာ တာဝန်ပေး လွှဲအပ်ခဲ့ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒနမင်းကြီးဟာ သားတော် သိဒ္ဓတ္ထမင်းသားကို အင်မတန်မှပဲ ချစ်ခင်မြတ်နိုးတော်မူပါတယ်။ သူ့သဘော၊ သူ့ဆန္ဒအရဆိုရင် သားတော် သိဒ္ဓတ္ထမင်းသားကို ဘုရား မဖြစ်စေချင်ပါဘူး။ ကျွန်းလေးကျွန်းဖြစ်တဲ့ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း၊ တောင်ကျွန်းတို့ကို အစိုးရတော်မူတဲ့ စကြဝတေးမင်းအဖြစ်သာ တွေ့လိုမြင်လိုမိပါတယ်။ အဲဒါကြောင့်ပဲ. . .

"နန်းတွင်း၊ မြို့တွင်းနဲ့ မြို့ပြင် နှစ်မိုင်ခန့်အထိ
"သူအို၊ သူနာ၊ သူသေ၊ ရဟန်း" တို့ ရောက်မလာရ
လေအောင် စောင့်ကြပ်ကြ"

ဆိုပြီး အမိန့်ပေးလို့ အစောင့်တွေချထား တာဝန်ပေးခဲ့ပါတယ်။ ဒါဟာ သားတော် သိဒ္ဓတ္ထမင်းသားအဖို့ နိမိတ်ကြီးလေးပါးကို မြင်တွေ့၊ သံဝေဂရပြီး တောထွက်သွားမှာစိုးလို့ပါ။"

သည်လိုနဲ့ပဲ သိဒ္ဓတ္ထမင်းသားလေးဟာ ကစ်လသားအရွယ်ကို ရောက်လာခဲ့ပါပြီ။

အဲသည်အချိန်မှာ သုဒ္ဓေါဒနမင်းကြီးဟာ လယ်ထွန်မင်္ဂလာကျင်းပတဲ့နေရာဆီ သားတော်လေးကို ခေါ်ဆောင်သွားခဲ့ပါတယ်။ လယ်ထွန်မင်္ဂလာ ကျင်းပရာအရပ်မှာ ဇမ္ဗူသပြေပင်တစ်ပင်ရှိပါတယ်။ အဲသည် ဇမ္ဗူသပြေပင်ရဲ့ အရိပ်အောက်မှာ အထိန်းတော်တွေကို တာဝန်ပေးပြီး သားတော်လေးကို စောင့်ရှောက်ခိုင်းခဲ့တယ်။

လယ်ထွန်မင်္ဂလာပွဲဆိုတာ အတီးအမှုတ်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အင်မတန်မှ စည်ကားလှလေတော့ အထိန်းတော်တွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း လယ်ထွန်မင်္ဂလာ ကျင်းပနေကြရာကို သွားကြည့်ကြပါတယ်။ သည်တော့ သိဒ္ဓတ္ထမင်းသားလေးအပါးမှာ ဘယ်သူဘယ်ဝါမှ ရှိမနေကြတော့ဘူးပေါ့။ အဲသည်အခါမှာ သိဒ္ဓတ္ထမင်းသားလေးဟာ အိပ်ရာထက်ကနေ တင်ပျဉ်ဖွဲ့ခွေထိုင်ရင်း ထွက်သက်ဝင်သက် (အာနာပါန) ကမ္မဋ္ဌာန်းကို စီးဖြန်းနေပါတော့တယ်။

သည်လိုမျိုး အရွယ်နဲ့မလိုက်အောင် အာနာပါနစျာန်ဝင်စားနေတာကို တွေ့မြင်လိုက်ရတဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ဘယ်လိုမှ နေလို့မရတော့ပါဘူး။ သည့်အတွက် ဘာလုပ်သလဲဆိုတော့ သားတော်လေးကို ဒုတိယအကြိမ် ရှိခိုးပူဇော်ခြင်းအမှုကို ပြုလိုက်တာပါပဲ။

အဲသည့်နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ကောဏ္ဍညပုဏ္ဏားလျှောက်တင်ခဲ့တဲ့စကားကို နားထဲမှာ ပဲ့တင်ထပ်မျှ ကြားယောင်နေပါတော့တယ်။

ဒါကြောင့်ပဲ သားတော် သိဒ္ဓတ္ထမင်းသားလေး မမြင်လောက်တဲ့နေရာအထိတိုင်အောင် နိမိတ်ကြီးလေးပါး ကျရောက်မလာစေဖို့ နန်းတော်တွင်းမှာသာ မကပါဘူး၊ တစ်မြို့လုံး၊ မြို့အပြင်ပါမကျန် ကျပ်တည်းစွာ အမိန့်တော်ထုတ် ကြေညာခဲ့ပါတယ်။ မြို့တော်ရဲ့အပြင်ဘက် ပတ်လည် ၂ မိုင်ခန့်အထိတောင်မှ အစောင့်အရှောက်တွေကို ချထားခဲ့တယ်။

ဒါကြောင့်မို့ သိဒ္ဓတ္ထမင်းသားလေးဟာ တဖြည်းဖြည်းနဲ့ အရွယ်ရောက် ကြီးပြင်းလာခဲ့ပေမဲ့ သူအို၊ သူနာ၊ သူသေ၊

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့ကို တွေ့ကြုံဖူးမြင်ဖို့ရာ မဆိုထားနဲ့၊ ခေါ်ဝေါ်ပြောဆိုသံတွေကိုတောင်မှ မကြားမိဖူးပါဘူး။ လူ့အိုဆိုရင် မမြင်ဖူး၊ မကြားဖူးတဲ့အတွက် အိုတယ်ဆိုတာ ဘာမှန်းတောင် မသိပါဘူးတဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇)

# ၁၆ နှစ်သို့ ရောက်ခဲ့ပြီ

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားလေးဟာ သက်တော် (၁၆) နှစ် တင်းတင်း ပြည့်မြောက်ခဲ့ပါပြီ။

သည်အခါမှာတော့ သားတော်အပေါ် အချစ်စိတ်လွှမ်းကဲနေတဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သားတော် စံမြန်းနိုင်ဖို့ရာအတွက် ပြာသာဒ်ဆောင်တွေကို ဆောက်လုပ်စေပါတယ်။ ပြာသာဒ်ဆောင် သုံးဆောင်ဆိုတာက နွေ၊ မိုး၊ ဆောင်း ဥတု သုံးပါးစလုံး အလဲလဲအလှယ်လှယ် စံမြန်းနိုင်ရုံမက စည်းစိမ်အမျိုးမျိုးကိုလည်း ခံစားစေနိုင်ပါတယ်။

အဲသည်မှာ–

- ဘုံကိုးဆင့်ရှိတဲ့ ရမ္မပြာသာဒ်
- ဘုံခုနစ်ဆင့်ရှိတဲ့ သုရမ္မပြာသာဒ်
- ဘုံကိုးဆင့်ရှိတဲ့ သုဘပြာသာဒ်

www.burmeseclassic.com

www.burmeseclassic.com



စတဲ့ ပြာသာဒ်သုံးဆောင်ဆိုတာဟာ အစောက်အားဖြင့် အပိုင်းအခြားမရှိ မြင့်မားသလို၊ အပြန့်အားဖြင့်လည်း ဆွေရဲ ရှစ်သောင်းကျော်လောက်တောင်မက နေရပျော်လှပါတယ်။ အဆန်းတကြယ်ဖြစ်ရုံမက ထုတ်ဖော်ချီးမွမ်းလို့တောင်မှ ကုန် စင် မသွားနိုင်လောက်ပါဘူး။

တစ်နေ့မှာတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ စိတ် ထဲမှာ အကြံတစ်ခု ဖြစ်ပေါ်လာပါတော့တယ်။

"အခုဆိုရင် ငါ့ရဲ့သားတော်ဟာ အရွယ်ရောက် လာခဲ့ပြီ။ သည့်အတွက် သင့်လျော်တဲ့ မင်းသမီးနဲ့ ထိမ်း မြားပေးပြီး ထီးနန်းကို လွှဲအပ်ပေးရမယ်။ သည်လိုမျိုး သားတော်ဟာ ထီးနန်းစည်းစိမ်၊ မင်းစည်းစိမ် ကာမဂုဏ် အာရုံတွေထဲမှာ နစ်မွန်းနေမယ်ဆိုရင် ဘယ်လိုလုပ် တော ထွက်ချင်တဲ့စိတ်တွေ ပေါ်လာတော့မှာတဲ့လဲ။ အဲသည်လို ဆိုမှ စကြဝတေးမင်းဖြစ်လာမယ့် မြင်ကွင်းကို ငါ ကိုယ် တိုင် တွေ့ရတော့မပေါ့"

အဲဒါကြောင့်ပဲ အတိုင်းတိုင်း၊ အပြည်ပြည်က သာကီဝင် မင်းတွေထံ–

"မိမိတို့ရဲ့ သမီးတော်များကို ပို့လွှတ်ကြပါ"

ဆိုပြီး ဆက်သားတွေလွှတ်လို့ အကြောင်းကြားစာတွေ ပေးပို့စေခဲ့ပါတော့တယ်။ အဲသည်အခါမယ် အတိုင်းတိုင်းအပြည် ပြည်မှာရှိကြတဲ့ သာကီဝင်မင်းတွေထံက စကားသံတွေ ထွက် ပေါ်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်လည်း ရယ်ချင်စရာကောင်းလှပါဘိတော့။ သိဒ္ဓတ္ထဟာ အရွယ်သာ ရောက်လာတယ်။ မင်းစည်းစိမ် အပြည့် ခံစားနေရတာကလွဲလို့ ဘယ်အတတ်ပညာကို တတ်မြောက်လို့လဲ"

အဲသည်လို ထွက်ပေါ်လာခဲ့ကြတဲ့ စကားသံတွေအထဲမှာတော့ သုဒ္ဓေါဒနမင်းကြီးရဲ့ ယောက်ဖတော် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းရဲ့ ဝေဖန်မှုဟာ အပြင်းထန်ဆုံးပဲပေါ့။

"တောက်... ရာရာစစ၊ သင်းလို မလောက်လေး မလောက်စားက ငါ့အစ်မတော်ကြီးက မွေးလိုက်လို့သာ တူအဖြစ် တော်စပ်နေရတယ်။ တကယ်တော့ ရှက်ဖို့ရာ သိပ်ကောင်းနေပြီ။

တကယ်တော့ သိဒ္ဓတ္ထဆိုတာ ရုပ်ဆင်းရူပကာ တင့်တယ်တာကလွဲလို့ ဘာအတတ်ပညာမှ တတ်တာ မဟုတ်ဘူး။ ယောက်ဖတော် သုဒ္ဓေါဒနကလည်း အသက်ကြီးမှ ကံပေါ်၊ မိတဆိုးလေးဆိုပြီး လွှတ်ကိုအလိုလိုက်။ သည်တော့ မင်းသားတို့တတ်အပ်တဲ့ အတတ်ပညာမရှိတဲ့သူကို ငါ့ရဲ့သမီးတော် ဘဒ္ဒကစ္စနာ ယသော်ဓရာဘာဖြစ်လို့ ပို့လွှတ်ရမှာတဲ့လဲ"

အဲသလို ပွဲတင်ရိုက်ခတ်လာတဲ့ စကားသံတွေကြောင့် ခမည်းတော်သုဒ္ဓေါဒနခမြာ အတော်ကလေးကို ထိတ်လန့်တုန်လှုပ်သွားရတာပေါ့။ သည်အခါ သိဒ္ဓတ္ထမင်းသားက-

"ခမည်းတော်ဘုရား-

www.burmeseclassic.com

www.burmeseclassic.com



သားတော်အပေါ် အထင်သေးကဲ့ရဲ့နေကြတဲ့ သာကီဝင်မင်းတွေဆီ ထပ်မံလို့ အကြောင်းကြားစာတွေ ပေးပို့တော်မူပါ။ သည်ကနေ့ကစလို့ ခုနစ်ရက်ပြည့်တဲ့နေ့ကျရင် နန်းဦးရင်ပြင်မှာ သားတော်ရဲ့ လေးအစွမ်းကို ပြပါ့မယ်"

ဒါနဲ့ပဲ သုဒ္ဓေါဒနမင်းကြီးဟာ သာကီဝင်မင်းအပေါင်းထံကို ထပ်မံပြီး အကြောင်းကြားစာတွေ ပေးပို့ရပြန်ပါတော့သတဲ့။

❖

www.burmeseclassic.com

www.burmeseclassic.com

(၉)

# ရှုမြင်အံ့မခန်း လေးအစွမ်း

ခုနစ်ရက်ပြည့်မြောက်တဲ့ နေ့မှာတော့ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်း အပါအဝင် သာကီဝင်မင်းအပေါင်းတို့ဟာ သမီးတော်တွေကို ခေါ်ဆောင်လာခဲ့ပြီး ကပိလဝတ်ရဲ့ နန်းဦးရင်ပြင်မှာ စုဝေးမိကြပါပြီ။

အများစုရဲ့ ရည်ရွယ်ချက်ကတော့ သိဒ္ဓတ္ထမင်းသားရဲ့ လေးအစွမ်းကို ကြည့်မြင်ဖို့ရာ မဟုတ်ကြပါဘူး။ လေးအစွမ်းကိုလည်း ပြနိုင်လိမ့်မယ်လို့ ထင်မှတ်ယူဆထားကြတာမှ မဟုတ်ဘဲကလား။ ဒါ့ကြောင့် လေးအစွမ်းကို မပြနိုင်ဘဲ မဟာအရှက်တော်ကွဲမယ့် မြင်ကွင်းကို အရသာခံကြည့်ရှုဖို့ လာရောက်ကြခြင်း ဖြစ်ပါတယ်။

အဲသည်အချိန်မှာပဲ သိဒ္ဓတ္ထမင်းသားဟာ တည်ငြိမ်ခိုင့်ကျက်စွာနဲ့ ကွင်းအလယ်ကို တစ်လှမ်းချင်း လှမ်းဝင်လာခဲ့ပါတော့တယ်။ မြားပစ်စင်အနီးကို ရောက်တဲ့အခါ လေးနဲ့မြားကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်လိုက်ပါတယ်။ ပြီးတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့တကွ အတိုင်းတိုင်းအပြည်ပြည်က ကြွရောက်လာကြတဲ့ သာကီဝင် မင်းအပေါင်းတို့ကို ဦးညွှတ်ပြလိုက်ပါတယ်။ အဲသည်နောက်မှာတော့ ဗိုလ်ဝန် အချိန်နှစ်ထောင်နဲ့တင်မှ ရတဲ့လေးကို အသာကလေး ဆွဲတင်လိုက်ပြီးတဲ့နောက်. . .

၁။ မကန်းကွက်ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၂။ စက်ဝန်းပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၃။ နွယ်တန်းပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၄။ ကြိုးတန်းပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၅။ ရှေ့မြား၊ နောက်မြားထိမှန်အောင် မြားပစ်လွှတ်တဲ့ အတတ်

၆။ မြားပြာသာဒ်ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၇။ မြားမဏ္ဍပ်ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၈။ မြားစောင်းတန်းပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၉။ မြားမိုးရွာနေတဲ့ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၁၀။ မြားတံတိုင်းပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၁၁။ မြားရေကန်ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

၁၂။ မြားကြာချပ်ပုံပေါ်အောင် မြားပစ်လွှတ်တဲ့ အတတ်

စတဲ့ မြားရေးငယ် (၁၂) ပါးကို ဦးစွာ ပြလိုက်တယ်ဆိုရင်ပဲ သုပ္ပဗုဒ္ဓမင်းနဲ့တကွ သာကီဝင်မင်းအပေါင်းတို့ဆိုတာ ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။ ဖခင် သုဒ္ဓေါဒနမင်းကြီးဆိုရင်လည်း ရင်သပ်ရှုမော အံ့ဩလို့ကို မဆုံးတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


သိဒ္ဓတ္ထမင်းသားရဲ့ မြားရေးစွမ်းရည်ဟာ မပြီးဆုံးသေးပါဘူး။ ထပ်မံပြီး လေးအစွမ်းတွေ ပြပြန်ပါသေးတယ်။ ဘယ်လိုလေးအစွမ်းတွေလဲဆိုတော့...

၁။ တစ်ခဏအတွင်း မြားချက်တစ်ထောင်ပြည့်အောင် ပစ်ပြတာ၊
၂။ သားမြီးဖျားကို မှန်အောင် ပစ်ပြတာ၊
၃။ ရှေ့ကပစ်ခဲ့ပြီးတဲ့ မြားကို နောက်မြားနဲ့ ထိအောင် ပစ်ပြတာ
၄။ အမှောင်ထုအတွင်းမှာရှိတဲ့ အသံထွက်ပေါ်လာရာကို မှန်အောင် ပစ်ပြတာ၊

အဲသည် မြားရေးကြီး (၄) ပါးအပြင် နောက်ဆုံးအနေနဲ့ ထုထည်ကြီး ၇ မျိုးကို ထုတ်ချင်းပေါက်အောင် ပစ်ပြတာတွေပါပဲ။

သည်လေးအစွမ်းပြပွဲရဲ့ ရလဒ်ကတော့ သိဒ္ဓတ္ထမင်းသားအပေါ် အထင်လွဲ၊ အမြင်လွဲနေတာတွေကို အပြီးတိုင် ချုပ်ငြိမ်းသွားစေခဲ့တာပါပဲ။

တိုင်းသူပြည်သားအပေါင်းရဲ့ ဩဘာလက်ခုပ်သံတွေဟာ နန်းရင်ပြင်တစ်ခုလုံးကို ပဲ့တင်ထပ်သွားပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

# ကြင်ဖက်သက်လျာ ယသော်ဓရာ

အလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ လေးအစွမ်းကို အံ့မခန်း မြင်တွေ့ခဲ့ကြပြီးတဲ့နောက်မှာတော့ အတိုင်းတိုင်း အပြည်ပြည်က သာကီဝင်မင်းအပေါင်းတို့ဟာ လက်ဆောင်ပဏ္ဏာ တွေနဲ့တကွ မိမိတို့ရဲ့ သမီးတော်တွေကို ကြည်ဖြူနှစ်သက်စွာ ဆက်သလာခဲ့ကြပါတော့တယ်။

အဲသည်လို ဆက်သလာကြတဲ့ သာကီဝင်မင်းအပေါင်း ရဲ့ သမီးတော်တွေ မြောက်မြားစွာထဲက သုဒ္ဓေါဒနမင်းကြီးဟာ ဒေဝဒဟပြည်က ယသော်ဓရာမင်းသမီးကို သားတော် သိဒ္ဓတ္ထ မင်းသားနဲ့ ထိမ်းမြားပေးဖို့ရာ ရွေးချယ်တော်မူလိုက်ပါတယ်။ ယသော်ဓရာမင်းသမီးရဲ့ အသားရောင်ဆိုတာဟာ ရွှေအစစ်လို ဝင်းနေတာမို့ "ဘဒ္ဒကစ္စနာ" လို့လည်း အမည်တွင်ပါသေးတယ်။ ဒါ့အပြင် မျက်နှာအနေအထား၊ ကိုယ်လုံးကိုယ်ပေါက် အချိုး အစားဆိုတာဟာ ချိုပြွင်နေရုံမက ခါးသေးရင်ချီ၊ ခြေသွယ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်ပြီး တစ်ကိုယ်လုံးဟာ ရွှေတုံးရွှေခဲကို ထုဆစ်ထားတဲ့ ရွှေစင်ရုပ်နဲ့မခြား ကြော့ရှင်းလှပနေပါတယ်။ အချိုးအစားကျန တဲ့အတွက်ကြောင့်လည်း ဗိမ္ဗာဒေဝီ (ရွှေစင်ရုပ်)' ရယ်လို့လည်း ခေါ်ဝေါ်ကြပြန်ပါသေးတယ်။

ယသော်ဓရာမင်းသမီးဟာ သုဒ္ဓေါဒနမင်းကြီးရဲ့ ညီမတော် အမိတ္တာနဲ့ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓရဲ့ သမီးတော် ဖြစ်ပါတယ်။ ဒါကြောင့် သိဒ္ဓတ္ထမင်းသားနဲ့ ယသော်ဓရာတို့ဟာ မောင်နှမ တစ်ဝမ်းကွဲ တော်စပ်ကြပါတယ်။

သုဒ္ဓေါဒနမင်းကြီးဟာ သားတော် သိဒ္ဓတ္ထမင်းသားနဲ့ ယသော်ဓရာမင်းသမီးတို့ကို ထိမ်းမြားလက်ထပ်ပေးပြီးတဲ့နောက် မိမိရဲ့ထီးနန်းကို လွှဲအပ်ပေးခဲ့ပါတယ်။ သည်တော့ သိဒ္ဓတ္ထမင်းသားလည်း မင်းသားဖြစ်စဉ်ကထက် စည်းစိမ်ချမ်းသာကို ပိုမိုခံစားရပြီး ဘုန်းတန်ခိုးအရှိန်အဝါလည်း ကြီးမားလာတာနဲ့ အမျှ ကပိလဝတ်တိုင်းနိုင်ငံဟာလည်း လွန်စွာမှ အေးချမ်းသာယာလာခဲ့ပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

## နိမိတ်ကြီးလေးပါးကို တွေ့ခဲ့ပြီ

သိဒ္ဓတ္ထမင်းသားဟာ ထီးနန်းစည်းစိမ်ကို ခံစား၊ စံစား လာလိုက်တာ သက်တော် (၂၈) နှစ်ကို ရောက်ခဲ့ပါပြီ။

တစ်နေ့မှာတော့ ဥယျာဉ်တော်ကို လှည့်လည်ရှုစားလိုတဲ့ စိတ် ပေါ်လာတာနဲ့ ရထားထိန်းကိုခေါ်ပြီး မြင်းလေးစီးကတဲ့ ရထားကိုစီးပြီး ထွက်တော်မူခဲ့ပါသတဲ့။

ဥယျာဉ်တော်ကိုမရောက်ခင် လမ်းခုလတ်တစ်နေရာမှာ နတ်တို့ဟာ နတ်သားတစ်ပါးကို လူအိုယောင်ဖန်ဆင်းပြီး မြင် အောင်ပြပါတယ်။ ဒါကို ဘုရားလောင်း သိဒ္ဓတ္ထမင်းသားနဲ့ ရထားထိန်းတို့သာ တွေ့မြင်ကြရပါတယ်။ ဒါကို မြင်တွေ့လိုက် ရတဲ့အခါမှာတော့…

"လောကမှာ မွေးဖွားလာသူမှန်သမျှဟာ အိုမင်း ရမှာပါကလား"

လို့ သံဝေဂရပြီး ဥယျာဉ်ရှိရာ ခရီးမဆက်တော့ဘဲ နန်း တော်ရှိရာသို့ ပြန်လှည့်လာပါတော့တယ်။ (အဲသည်နေ့ဟာ မဟာ သက္ကရာဇ် ၉၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်။) သည်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သိသွားတော့ မြို့တော်ပတ်ပတ်လည်ကို ရှေးကထက်တိုးပြီး လေးမိုင်ခန့်အထိ အစောင့်အကြပ်တွေ ချထားလိုက်ပါသတဲ့။

နောက်ထပ် လေးလကြာတဲ့အခါမှာတော့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ဥယျာဉ်တော်ကို ရထားနဲ့ ထွက်ခဲ့ပြန်ပါတယ်။ အဲသည်အခါမှာလည်း နတ်တို့ရဲ့ ဖန်ဆင်းပြသမှုနဲ့ သူနာတစ်ဦးကို တွေ့မြင်ရပြန်ပါတယ်။ အဲသည်အခါ...

"လောကမှာ မွေးဖွားလာသူမှန်သမျှဟာ နာကြရမှာပါကလား"

လို့ သံဝေဂရပြီး ဥယျာဉ်တော်ရှိရာ ခရီးမဆက်တော့ဘဲ နန်းတော်ရှိရာသို့ ပြန်လှည့်ခဲ့ပါတယ်။ (အဲသည်နေ့ဟာ မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပါတယ်။) သည်အကြောင်းကို သုဒ္ဓေါဒနမင်းကြီး သိရှိသွားပြန်တော့ မြို့ပတ်ပတ်လည်ကို ရှေးကထက်တိုးပြီး ခြောက်မိုင်ခန့်အထိ အစောင့်အရှောက်တွေ ထပ်မံ ချထားလိုက်ပြန်ပါတယ်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ တတိယအကြိမ် ဥယျာဉ်တော် ထွက်ခဲ့ပြန်ပါတယ်။ အဲသည်မှာလည်း နတ်တို့ရဲ့ ဖန်ဆင်းမှုနဲ့ လူအများ ထမ်းချလာတဲ့ မသာအသုဘတစ်ခုကို တွေ့မြင်ရပါတယ်။ ရထားထိန်းက အကျိုးအကြောင်းပြောပြတော့ အသုဘရှုရင်းကနေ...

"ဤလောကမှာ မွေးဖွားလာသူမှန်သမျှဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သဘောကို ဘယ်လိုမှ မလွန်ဆန်နိုင်ကြပါကလား။ သည်လောကမှာ အို၊ နာ၊

www.burmeseclassic.com

www.burmeseclassic.com



သေဘေးကနေ ကင်းလွတ်ရာနည်းလမ်း မရှိတော့ဘူး လား။ သည်လိုမျိုး အို၊ နာ၊ သေဘေးတို့ကနေ လွတ် မြောက်ချင်ပါဘိတော့”

လို့ သံဝေဂရပြီး ဥယျာဉ်တော်ရှိရာ ခရီးမဆက်တော့ဘဲ နန်းတော်ရှိရာကို ပြန်လှည့်ခဲ့ပါတယ်။ “အဲသည်နေ့ဟာ မဟာ သက္ကရာဇ် ၉၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ပဲ ဖြစ်ပါတယ်။) သည်သတင်းကိုကြားသိရတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဟာ ရှေးကထက်ပိုပြီး မြို့တော်ပတ်ပတ်လည် တစ်ယူဇနာ (၇) ခန့်မိုင်အထိ အစောင့်အရှောက်တွေ ချထားလိုက်ပြန်ပါ တယ်။

နောက်လေးလကြာတဲ့အခါ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဟာ ဥယျာဉ်တော်ကို ထွက်ခဲ့ပြန်ပါတယ်။ အဲသည်မှာ နတ် တို့ရဲ့ ဖန်ဆင်းမှုနဲ့ ရဟန်းတစ်ပါးကို တွေ့မြင်လိုက်ရပါတယ်။ ရထားထိန်းကို မေးကြည့်တဲ့အခါ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားကျင့်နေတဲ့ ရဟန်းဆိုတာ သိလိုက် ရပါတယ်။ သည်အခါကျတော့...

“ရဟန်းအဖြစ်က ကောင်းမြတ်ပါပေရဲ့”

လို့ ကျူးရင့်ပြီး ဥယျာဉ်တော်ကို ထွက်လာခဲ့ပါတယ်။ (အဲသည်နေ့ဟာ မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ပါပဲ။)

သည်လိုနဲ့ သိဒ္ဓတ္ထမင်းသားဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို ပြက်ပြက်ထင်ထင် သိမြင် လာခဲ့ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)
# ရင်နှစ်သည်းချာ ရာဟုလာ

ဥယျာဉ်တော်ကို ရောက်တဲ့အခါမှာတော့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တစ်နေ့လုံး ကြံစည်တွေးတောနေခဲ့ပါတယ်။

"ထီးနန်းကို စွန့်လွှတ်လို့ ငါ တောထွက်တော့မယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေးဒုက္ခအပေါင်းကနေ ကင်းလွတ်ရာ၊ ကင်းလွတ်ကြောင်းအတွက် ငြိမ်းအေးရာတရားကို ငါကိုယ်တိုင် တွေ့အောင်ရှာတော့မယ်"

အဲသည်အခါမှာတော့ လောကကို လွတ်မြောက်အောင် ကြံရွယ်နေတဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ စိတ်နှလုံးချမ်းမြေ့စွာနဲ့ ဥယျာဉ်တော်မှာ ညနေချမ်းတိုင်အောင် ခံစားနေထိုင်ခဲ့ပြီး နန်းတော်ကိုပြန်ဖို့ရာ ရထားပေါ်အတက်မှာတော့ မင်းချင်းတစ်ယောက် ရောက်လာခဲ့ပါတယ်။

"အရှင့်သား၊ ယသော်ဓရာမိဖုရားမှာ သားတော်ကလေး ဖွားမြင်ကြောင်း သတင်းပို့သပါတယ် ဘုရား"

အဲသလို လျှောက်ထားချက်ကို ကြားရတဲ့အခိုက်မှာပဲ...

"အင်း... လမင်းကို ရာဟုဆိုတဲ့ လင်္ဂပုပ်ဖမ်းသလိုမျိုး၊ အလွန်ပြည့်ဝနေတဲ့ ငါ့ရဲ့အကြံတော်ကို သားတော်ကလေးဟာ နှောင့်ယှက်လာပါပကော"

လို့ ရုတ်တရက်ဆိုလိုက်မိပါတယ်။ သည်စကားကို အစွဲပြုပြီး သားတော်လေးရဲ့ အမည်ဟာ "ရာဟုလာ" လို့ တွင်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)
## ထွက်တော်မူဖို့ တစ်ရေးနိုး

အလောင်းတော် သိဒ္ဓတ္ထမင်းလည်း ညချမ်းအချိန်ရောက်တဲ့အခါ နန်းတော်ထဲကို ဝင်ခဲ့ပါတယ်။ စံနန်းပြာသာဒ်ထက် တက်ပြီး သလွန်တော်ပေါ်မှာ လျောင်းစက်တော်မူတဲ့အခါ ခါတိုင်းလိုပဲ နန်းတွင်းသူကခြေသည်တွေဟာ အတီး၊ အမှုတ်၊ အဆို၊ အကတွေနဲ့ သိဒ္ဓတ္ထမင်းကို သီဆိုကပြ ဖျော်ဖြေကြပါတယ်။

ဒါပေမဲ့လည်း သိဒ္ဓတ္ထမင်းဟာ ရှေးကလို ပျော်ရွှင်ကြည်နူးမှုတွေ မရှိတော့ပါဘူး။ မကြာမီမှာပဲ မေ့ခနဲ အိပ်ပျော်သွားပါတယ်။ သည်တော့ နန်းတွင်းသူကခြေသည်တွေဟာလည်း တီးမှုတ်ကခြင်းကို ရပ်တန့်လိုက်ပြီး အဲသည်နန်းတွင်းထဲမှာပဲ အိပ်ပျော်သွားကြပါသတဲ့။

သန်းခေါင်အချိန်ရောက်တဲ့အခါ သိဒ္ဓတ္ထမင်းဟာ စက်တော်ခေါ်ရာက တစ်ရေးနိုးလာပြီး သလွန်ထက်မှာနေ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အခါ နန်းတွင်းသူကခြေသည်တွေဟာ သွားကြိုတ်သူ ကြိုတ်၊ ဟောက်တဲ့သူက ဟောက်' ပါးစပ်ခံတွင်းကိုဖွင့်ပြီး အာပုပ်ရည်တွေ စီးကျလိုစီးကျ၊ အဝတ်အစားတွေ ဖရိုဖရဲဖြစ်သူကဖြစ်နဲ့ လူသေကောင်တွေနဲ့မခြား အိပ်ပျော်နေကြပုံတွေကို စက်ဆုပ်ဖွယ် မြင်တွေ့လိုက်ရပါတယ်။

သည်မြင်ကွင်းကိုကြည့်ပြီး သိဒ္ဓတ္ထမင်းဟာ ကာမဂုဏ်အာရုံတို့ကို စက်ဆုပ်လာခဲ့ပါတယ်။ စက်ဆုပ်လာခဲ့တာနဲ့အမျှ ရဟန်းပြုလိုစိတ်တွေ တဖွားဖွားပေါ်ထွက်လာခဲ့ပြီး...

"ငါဟာ သည်ကနေ့ညမှာပဲ တောထွက်တော့မယ်"

လို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။

ဒါနဲ့ပဲ ဆန္နအမတ်ကို သွားပြီးနှိုးလို့...

"အမောင်ဆန္န၊ သည်ကနေ့ညမှာပဲ ငါ တောထွက်တော်မူမယ်။ ငါ့အတွက် ကဏ္ဍကမြင်းကို အသင့်ပြင်ပေတော့"

လို့ ဆိုလိုက်ပါတယ်။ ဆန္နအမတ်လည်း ကဏ္ဍကမြင်းနဲ့ လိုအပ်တာတွေ ပြင်ဆင်နေတုန်းမှာ သိဒ္ဓတ္ထမင်းဟာ သားတော်ရာဟုလာလေးကို ရှုမြင်သွားလိုစိတ်ရှိတာကြောင့် ယသော်ဓရာရဲ့ တိုက်ခန်းဆောင်တံခါးဝကို လှမ်းကြွပြီး ကြာခြည်ကို အသာလှပ်လို့ ကြည့်ရှုသွားခဲ့ပါသတဲ့။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

## ထွက်တော်မူပေါ့ နန်းကခွာ

သိဒ္ဓတ္ထမင်းဟာ ကဏ္ဍကမြင်းကိုစီးလို့ ဆန္နအမတ်နဲ့အတူ နန်းတော်က ထွက်လာခဲ့ပါတယ်။ သည်အချိန်မှာ ဘယ်သူမှ မနိုးအောင်လို့ နတ်အပေါင်းက အသံတွေဖျောက်ပြီး နန်းတော်တံခါးဝကို ဖွင့်ပေးခဲ့ပါတယ်။ အဲသည်နေ့ဟာ မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ဖြစ်ပြီး သက်တော်အားဖြင့် (၂၉) နှစ် ပြည့်မြောက်ခဲ့ပါပြီ။

အလောင်းတော် သိဒ္ဓတ္ထဟာ တစ်ညလုံး ခရီးပြင်းနှင်လာခဲ့တာ ကပိလဝတ်၊ ဒေဝဒဟ၊ ကောလိယဆိုတဲ့ သုံးပြည်ထောင်ကို ကျော်လွန်ခဲ့ပါတယ်။ လမ်းခရီးတစ်နေရာကိုရောက်တော့ ဝသဝတ္တီမာရ်နတ်သား ရုတ်တရက်ပေါ်ထွက်လာပြီး...

"အသင်မင်းသား... နောက်ခုနစ်ရက်ကြာရင် သင်ဟာ ဇမ္ဗူဒိပ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်မယ့် စကြာဝတေး

www.burmeseclassic.com

www.burmeseclassic.com



မင်း ဖြစ်လိမ့်မယ်။ ဘာဖြစ်လို့ တောထွက်မှာလဲ။ ပြန်လှည့်သွားပါတော့ အသင်မင်းသား”

ရယ်လို့ ပြောဆိုတားမြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘုရားအလောင်း သိဒ္ဓတ္ထဟာ နားမဝင်ခဲ့ဘဲ ဆက်လက် ခရီးပြင်းနှင်ခဲ့ပါတယ်။ အဲသည် ခရီးပြင်းနှင်တဲ့နောက်ကို မာရ်နတ်ဟာ အရိပ်ပမာ လိုက်မြဲလိုက်ခဲ့ပါသတဲ့။

မိုးလင်းခါနီးကျတော့ အနော်မာမြစ်ကို ရောက်ခဲ့ပါတယ်။ ဘုရားအလောင်း သိဒ္ဓတ္ထဟာ ကဏ္ဍကမြင်းကို စီးလျက်နဲ့ပဲ ကမ်းတစ်ဖက်ကို ကူးခတ်သွားခဲ့ပါတယ်။ ဖြူစင်တဲ့ သဲသောင်ပြင်ပေါ်မှာ ရပ်နေလျက်သားနဲ့ပဲ ရဟန်းအဖြစ်ကို ခံယူတော့မယ်လို့ ဆုံးဖြတ်ချက်ချပြီး ဆံတော်ပယ်ဖို့ ပြင်ပါတယ်။ ယာဘက် လက်နဲ့ သန်လျက်ကိုကိုင်၊ လက်ဝဲဘက်နဲ့ ဆံတော်ကိုင်ပြီး ဖြတ်တောက်လိုက်တော့ လက်နှစ်သစ်သာ ကျန်တော့တာပေါ့။ အဲသည်ကျန်ရစ်တဲ့ ဆံတော်တွေဟာ လက်ယာရစ်လှည့်ပြီး ဦးခေါင်းတော်မှာ ကပ်ငြိနေကြတယ်။ (အဲသည်လို ဆံတော်အနေအထားဟာ တိုခြင်း၊ ရှည်ခြင်းမရှိဘဲ ပရိနိဗ္ဗာန်စံတော်မူတဲ့အထိပါပဲ။)

အလောင်းတော် သိဒ္ဓတ္ထဟာ ဆံတော်ကို နောက်ထပ်ရိတ်ဖြတ်ခြင်းမရှိဘဲ ဖြတ်ထားတဲ့ဆံတော်ကို ဦးသျှောင်နဲ့တကွ ကိုင်ဆောင်လို့...

“အကယ်၍ ငါဟာ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူမယ်ဆိုရင်ဖြင့် ငါ့ရဲ့ဆံတော်တွေဟာ ကောင်းကင်မှာ

www.burmeseclassic.com

www.burmeseclassic.com



တည်နေပါစေ။ ဘုရားရှင်စင်စစ် ဧကန်မဖြစ်ဘူးဆိုရင် မြေပြင်ရှိရာ ပြန်ကျလာပါစေ"

အဲသည်လို အဓိဋ္ဌာန်ပြုပြီး ကောင်းကင်ထက်ကို မြှောက်ပစ်လိုက်တဲ့အခါ ဆံတော်တွေဟာ အထက်ကောင်းကင် တစ်ယူဇနာအမြင့်မှာ တည်နေပါတော့တယ်။ (အလောင်းတော်သိဒ္ဓတ္ထရဲ့ဆံတော်ကို သိကြားမင်းက ရတနာကလာပ်နဲ့ ခံယူပြီး တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီ တည်ထားခဲ့ပါတယ်။)

အဲသည်အချိန်မှာပဲ ဃဋိကာရဗြဟ္မာကြီးဟာ သက်န်းပရိက္ခရာရှစ်ပါးကို ယူဆောင်လာပြီး ဘုရားအလောင်းတော်ကို ဆက်ကပ်လှူဒါန်းပါတယ်။ (ပရိက္ခရာရှစ်ပါးဆိုတာဟာ ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ ပဲကွပ်၊ သပိတ်နဲ့ ရေစစ်တွေပါပဲ။)

အလောင်းတော်ဟာ ဗြဟ္မာကြီး လှူဒါန်းတဲ့ သက်န်းကိုဝတ်ပြီး မင်းတန်ဆာဝတ်လဲတော်ပုဆိုးကို ကောင်းကင်ထက် ပစ်လိုက်ပြန်ပါတယ်။ အဲသည် ဝတ်လဲတော်ကို ဃဋိကာရဗြဟ္မာကြီးဟာ ခံယူတော်မူပြီး ဗြဟ္မာ့ပြည်မှာ ဒုဿစေတီ တည်တော်မူပါတယ်။ အလောင်းတော်လည်း ရဟန်းအဖြစ်ကို ခံယူပြီးတဲ့နောက်မှာတော့...

"အမောင်ဆန္န၊ သင်နှင့် ကဏ္ဍကတို့ ကပိလဝတ်ကို ပြန်ကြပေတော့။ ခမည်းတော်၊ မယ်တော်နဲ့ ယသော်ဓရာတို့ကို အကျိုးအကြောင်း သံတော်ဦးတင်ပေတော့"

ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆန္နအမတ်နဲ့ ကဏ္ဍကမြင်းတို့ဟာ ဘုရားအလောင်းတော်နဲ့ မခွဲမခွာ အတူလိုက်ပါချင်ပေမဲ့ အမိန့်အာဏာကို မဖီဆန်ဝံ့ကြတာမို့ အနော်မာသောင်ကမ်းခြေကနေ ပြန်လည် ထွက်ခွာသွားခဲ့ကြပါတယ်။ လမ်းခရီးတစ်နေရာအရောက်မှာတော့ ကဏ္ဍကမြင်းဟာ သခင်ရင်းဖြစ်တဲ့ ဘုရားအလောင်းတော်ကို လွမ်းဆွတ်ကြေကွဲစိတ်နဲ့ ရင်ကွဲပြီး သေဆုံးသွားပါတော့တယ်။ (သေဆုံးပြီးတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ကဏ္ဍကနတ်သား ဖြစ်သွားခဲ့ပါတယ်။)

သည်တော့ ဆန္နအမတ်တစ်ယောက်တည်း ကြေကွဲဝမ်းနည်းစွာနဲ့ ကပိလဝတ်ပြည်ကို ပြန်သွားရပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)
## ရဟန်းဘဝနှင့် ရာဇဂြိုဟ်

အလောင်းတော် သိဒ္ဓတ္ထဟာ လူ့လောကီကိုယ် ပယ်စွန့်လို့ ရဟန်းအဖြစ် ခံယူခဲ့ပါပြီ။

အလောင်းတော်ရဟန်းဟာ ခြေစကြာဖြန့်ရင်းနဲ့ အနုပိယသရက်တောကို ရောက်တော့ အဲသည်မှာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးခဲ့ပါတယ်။

ရှစ်ရက်မြောက်တဲ့နေ့ကို ရောက်ပြီး အနုပီယသရက်တောက ထွက်ခွာလာတဲ့အခါ ရာဇဂြိုဟ်ပြည်ကြီးကို ရောက်ခဲ့ပါလေရော။ အလောင်းတော်ရဟန်းလည်း ရာဇဂြိုဟ်မြို့တွင်းကို ဝင်လို့ အိမ်စဉ်တစ်လျှောက် လှည့်လည်ဆွမ်းခံတော်မူပါသတဲ့။ (အဲသည်နေ့ဟာ မဟာသက္ကရာဇ် ၉၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်နေ့ ဖြစ်ပါတယ်။)

ရာဇဂြိုဟ် မြို့သူမြို့သားအပေါင်းဟာ အလောင်းတော်ရဟန်းရဲ့ ထူးခြားတဲ့ ရုပ်သွင်အသရေတော်ကြောင့် အုတ်အုတ်

www.burmeseclassic.com

www.burmeseclassic.com


ကျက်ကျက် ဖြစ်သွားခဲ့ပါတယ်။ တစ်ဦးနဲ့တစ်ဦးလည်း ထင်ကြေးတွေ အမျိုးမျိုးပေးနေခဲ့ကြတယ်။ သည်အချိန်မှာ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးဟာ နန်းတော်ပေါ်က လှမ်းမျှော်ကြည့်နေခဲ့တာဆိုတော့ အလောင်းတော်ရဟန်းရဲ့ ထူးခြားတဲ့ရုပ်သွင်အသရေတော်ကို တွေ့မြင်သွားခဲ့ပါတယ်။ အဲဒါကြောင့်ပဲ မင်းချင်းတို့ကိုခေါ်ပြီး...

"မင်းချင်းတို့... အဲသည် ထူးခြားတဲ့ ပုဂ္ဂိုလ်နောက်ကို လိုက်လံကြည့်ရှုစုံစမ်းကြချေ။ သည်ပုဂ္ဂိုလ်ဟာ မြို့ပြင်ကို ရောက်တဲ့အခါ နတ်ဖြစ်ရင် ကောင်းကင်ထက်ကို ပျံတက်သွားလိမ့်မယ်။ နဂါးဖြစ်နေရင်တော့မြေထဲကို ငုပ်လျှိုးသွားလိမ့်မယ်။ လူပုဂ္ဂိုလ်ဖြစ်နေရင်တော့ခံယူရရှိတဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်လိမ့်မယ်"

လို့ စေခိုင်းတော်မူပါတယ်။

သည်အချိန်မှာ အလောင်းတော်ရဟန်းဟာ ဆွမ်းခံပြီးပြီဖြစ်တဲ့အတွက် မြို့ထဲကနေ မြို့ပြင်ကို ပြန်ထွက်ခဲ့ပါတယ်။ ပဏ္ဍဝတောင်ရိပ်ရှိရာရောက်တော့ အရှေ့အရပ်ကို မျက်နှာမူလို့ဆွမ်းဘုဉ်းပေးဖို့ ပြင်ဆင်ပါတယ်။ ဒါနဲ့ သပိတ်ဖုံးကို ဖွင့်ကြည့်လိုက်တော့ အိမ်ပေါင်းစုံက လောင်းလှူလိုက်တဲ့ ဆွမ်းတွေဟာဟင်းအမျိုးမျိုးနဲ့ရောပြီး ရွံ့ရှာဖွယ်ကောင်းနေပါတယ်။ ဘုရားလောင်း ရဟန်းအဖို့ သည်လိုမျိုး အစားအသောက်တွေကို စားဖူးဖို့ မဆိုထားနဲ့၊ မြင်တောင်မှ မမြင်ဖူးခဲ့ပါဘူး။ ဒါကြောင့်ဘုဉ်းပေးတော့မယ်လို့ ပြင်လိုက်တဲ့အခါ ပျို့အန်တော့မလိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရပါတယ်။ သည်အခါမှာ သတိကို ထိန်းမတ်ရင်း မိမိကိုယ်မိမိ ဆုံးမလိုက်ပါတယ်။

"အချင်းသိဒ္ဓတ္ထ... သင်ဟာ သစ္စာတရားကို ရှာဖွေဖို့အတွက် ရဟန်းပြုခဲ့တာ မဟုတ်ဘူးလား။ ရဟန်းဖြစ်ပြီဆိုမှတော့ သည်လိုဆွမ်းမျိုးကို ရမှာပဲ။ သည်လိုဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရမှာပဲ။ အခု ဘာဖြစ်လို့များ စိုးရွံ့တွန့်တုန်နေရတာတဲ့တုံး"

အဲသည်လို ဆုံးမတော်မူပြီးမှပဲ တည်ငြိမ်စွာနဲ့ ဘုဉ်းပေးသုံးဆောင်နိုင်ပါတော့တယ်။ (အဲသည်ဆွမ်းဟာ ဘုရားအလောင်းတော်အတွက် ပထမဦးဆုံး ဘုဉ်းပေးသုံးဆောင်တော်မူခဲ့တဲ့ ဆွမ်းဦးတစ်နပ်ပဲ ဖြစ်ပါတယ်။)

အလောင်းတော်ရဟန်းကို လိုက်လံစုံစမ်းနေတဲ့ မင်းချင်းတွေဟာ တွေ့မြင်ခဲ့ရတဲ့ အနေအထားအလုံးစုံကို မှတ်သားပြီး ဗိမ္ဗိသာရမင်းကြီးထံ ပြန်ရောက်တဲ့အခါ သံတော်ဦးတင်လျှောက်ထားကြပါတယ်။ သည်အခါ မင်းကြီးဟာ သူကိုယ်တိုင် အကျိုးအကြောင်းသိချင်စိတ် ဖြစ်ပေါ်လာတာနဲ့ အလောင်းတော်ရဟန်းရှိရာကိုသွားပြီး လျှောက်ထားမေးမြန်းတော်မူပါသတဲ့။ အဖြစ်မှန်ကို သိသွားတဲ့အခါမှာတော့ သိပ်ကို ကြည်ညိုသွားပြီး သူ့ရဲ့ထီးနန်းစည်းစိမ်ကို အပ်နှင်းပါတော့တယ်။ ဒါပေမဲ့လည်း အလောင်းတော်ရဟန်းဟာ လက်မခံဘဲ ငြင်းပယ်တော်မူပါတယ်၊ သည်အခါမှာ မင်းကြီးက...

"အရှင်ရဟန်း... အရှင်ဟာ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူပါလိမ့်မယ်။ ဘုရားအဖြစ်ကို ရောက်ခဲ့ပါပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် တပည့်တော်ရဲ့တိုင်းပြည်ကို ရှေးဦးစွာ ကြွတော်မူပါ"

လို့ လျှောက်ထားတော်မူပါတယ်။ သည်အခါ အလောင်းတော်ရဟန်းလည်း....

"ကောင်းပေပြီ အသင်မင်းကြီး"

ရယ်လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

## ရာဇဂြိုဟ်မှ ထွက်ခဲ့ပြီ

အလောင်းတော်ရဟန်းဟာ သူသိလိုတဲ့ တရားတွေကို ရှာဖွေဖို့ရာ ရာဇဂြိုဟ်ကို ကျောခိုင်းလို့ ထွက်ခွာလာခဲ့ပါပြီ။

သည်လိုနဲ့ ခရီးဆက်လာလိုက်တာ ကာလာမအမျိုးအနွယ် ဖြစ်တဲ့ အာဠာရ ရသေ့ကြီးရှိတဲ့ဆီ ရောက်သွားခဲ့ပါတယ်။ အဲသည်နောက် အာဠာရ ရသေ့ကြီး ရထားတဲ့ တရားကို ကျင့်ပါတယ်။ အာဠာရ ရသေ့ကြီးဟာ သာသနာမှအပ ဖြစ်တဲ့ တပည့်ပရိဗိုဇ်ရဟန်းများစွာကို တရားပြနေတဲ့ ဂိုဏ်းဆရာကြီး ဖြစ်ပါတယ်။

အဲသည်ခေတ်၊ အဲသည်ကာလတွေမှာ ဘာသာအယူဝါဒတွေဆိုတာ အမျိုးမျိုး ပြန့်ပွားနေကြပါတယ်။ ဒါ့ကြောင့်ပဲ မိမိတို့နှစ်သက်ရာ အယူဝါဒတွေအပေါ် အခြေခံလို့ ကျင့်ကြံအားထုတ်ရင်း ဘာသာရေးခေါင်းဆောင်တွေဟာ အမြောက်အမြား ပေါ်ထွန်းလျက် ရှိနေကြတာပေါ့။ ဘုရားလောင်းရဟန်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ အာဠာရ ရသေ့ကြီး သိရှိထားတဲ့တရားကို ကြိုးစားအား ထုတ်ကြည့်တဲ့အခါ ရက်အနည်းငယ်အတွင်းမှာပဲ အာဠာရ ရသေ့ကြီး သိရှိထားတဲ့တရား အလုံးစုံကို မခြွင်းမချန် သိမြင်တော်မူ ခဲ့ပါတယ်။ ဒါပေမဲ့ ကျေနပ်အားရမှု မရှိခဲ့ပါဘူး။

"အာဠာရ ရသေ့ ရထားတဲ့ တရားမျှလောက်နဲ့တော့ အို၊ နာ၊ သေဘေးကနေ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

အဲဒါကြောင့်ပဲ အာဠာရ ရသေ့ထံကနေ ထွက်လာခဲ့ပြန်ပါလေရော့။

အဲသည်နောက် ဥဒကရသေ့ရှိရာ ရောက်သွားပြီး ဥဒက ရသေ့ ရရှိထားတဲ့ တရားကို ကျင့်ကြံအားထုတ်ပြန်ပါတယ်။ ဒါကိုလည်း အားရကျေနပ်ခြင်း မရှိပြန်ပါဘူး။

ဒါ့ကြောင့်ပဲ ဥဒကရသေ့ထံကနေ ထွက်ခွာလာခဲ့ပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

## ဒုက္ကရစရိယာနှင့် ပဥ္စဝဂ္ဂီ

အလောင်းတော်ရဟန်းဟာ ဥဒ္ဒကရသေ့ထံနေ ထွက်ခွာလာခဲ့ပြီးတဲ့နောက်မှာတော့ သေနနိဂုံးရွာမှာရှိတဲ့ ဥရုဝေလတောကို ရောက်ရှိခဲ့ပါတယ်။

ဥရုဝေလတောဆိုတာ မာဂဓတိုင်းမှာရှိပြီး ဂါယာရွာနံဘေးနားမှာ စီးဆင်းနေတဲ့ နေရဉ္စရာ မြစ်ကမ်းနံဘေးနားမှာရှိပါတယ်။ ဥရုဝေလတောအုပ်ဟာ သူတော်စင်၊ သူတော်မြတ်တို့ မွေ့လျော်ဖွယ်ကောင်းတဲ့ နေရာပါပဲ။ မြေအနေအထားဟာ စိတ်ကြည်နူးဖို့ ကောင်းလှတာနဲ့အမျှ ရွှံ့ညွန်ဗွက်အိုင်တွေ မရှိ၊ ပကတိသန့်ရှင်းနေပါတယ်။ နေရဉ္စရာမြစ်ဆိုရင်လည်း တသွင်သွင် စီးဆင်းနေပါတယ်။ မြစ်ထဲမှာတော့ ငါး၊ လိပ်တွေဆိုတာ ကျင်လည်ကျက်စားလို့ပဲပေါ့။ မြစ်ကမ်းစပ်မှာတော့ ငွေလွှာငွေပြားတွေ ခင်းထားတဲ့အလား သဲသောင်ပြင်ကျယ်ကြီးဆိုတာ ကြည်နူးဖို့ကောင်းလှပါတယ်။

အဲဒါကြောင့်ပဲ အလောင်းတော်ရဟန်းဟာ ဥရုဝေလတောမှာပဲ သီတင်းသုံးရင်း လူတကာတွေ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပါတယ်။ ဒုက္ကရစရိယာဆိုတာ...

www.burmeseclassic.com

www.burmeseclassic.com


၁။ အရေမှု ကြွင်းပါစေ၊

၂။ အကြောမှု ကျန်ပါစေ၊

၃။ အရိုးမှု ရှိပါစေ၊

၄။ အသွေးအသားတို့ ခန်းခြောက်ချင် ခန်းခြောက်သွားပါစေ၊

သည်လိုမျိုး ခံယူချက်အပြည့်အဝနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယ ခိုင်ခိုင်မြဲမြဲထားပြီး ကျင့်ကြံအားထုတ်ခြင်းပဲ ဖြစ်ပါတယ်။

သည်လို အလောင်းတော်ရဟန်းဟာ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတော်မူခိုက်မှာပဲ ပဉ္စဝဂ္ဂီငါးပါး ရောက်ရှိလာကြပါတယ်။ အဲသည် ပဉ္စဝဂ္ဂီငါးပါးဆိုတာ ရှင်ကောဏ္ဍည၊ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ်နဲ့ ရှင်အဿဇိတို့ပဲ ဖြစ်ကြပါတယ်။ (အဲသည်ငါးပါးထဲမှာ ရှင်ကောဏ္ဍညဆိုတာဟာ ဘုရားလောင်းဖွားမြင်တော်မူစက လက္ခဏာဖတ်ကြားခဲ့ကြတဲ့ ပညာရှိပုဏ္ဏားရှစ်ယောက်အနက် "ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်" လို့ နိမိတ်ဖတ်ဟောကြားခဲ့တဲ့ ပုဏ္ဏားငယ်ပဲ ဖြစ်ပါတယ်။ ကျန်လေးပါးကတော့ လက္ခဏာဖတ်ပုဏ္ဏားတွေရဲ့ သားတွေပဲ ဖြစ်ကြပါတယ်။)

အဲသည် ပဉ္စဝဂ္ဂီငါးပါးဟာ ဘုရားလောင်း တောထွက်တော်မူသွားပြီဆိုတဲ့ သတင်းကို ကြားသိရတာနဲ့ လိုက်လာကြခြင်းဖြစ်ပြီး ဒုက္ကရစရိယာကျင့်တဲ့ ဘုရားလောင်းရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုကြပါတယ်။ ငါးပါးအစုရှိတာမို့ သူတို့ကို "ပဉ္စဝဂ္ဂီငါးပါး" လို့ ခေါ်တွင်ကြပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

## အလယ်အလတ်လမ်းစဉ်

ဘုရားလောင်းဟာ အစာရေစာကို တစ်စတစ်စ ဖြတ်တောက်လိုက်ပါပြီ။

ပြင်းထန်တဲ့ ဒုက္ကရစရိယာအကျင့်ကို မထာတမ်း ကျင့်နေပါပြီ။

ဆွမ်းခံခြင်းကိစ္စကို ပယ်စွန့်လိုက်ပြီး အလိုလို ကြွေကျလာတဲ့ အသီးနဲ့ပဲ ရောင့်ရဲတင်းတိမ်ခဲ့ပါပြီ။ သည့်နောက်မှာတော့ ထွက်လေ၊ ဝင်လေနှစ်ပါးကို အောင့်ထားခြင်းဆိုတဲ့ အပ္ပါနာကဈာန်ကို ကျင့်ကြံအားထုတ်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်ဆင်းရဲခံလို့ ပြင်းပြင်းထန်ထန် အားထုတ်မှုတွေက လူတစ်ကိုယ်လုံးကို ပူရှိန်းစေပြီး ငြိမ်းအေးမှုကိုတော့ မရခဲ့ပါဘူး။ ဒါပေမဲ့ စိတ်ဓာတ်မကျဘဲ အားမာန်တင်းလို့ ဒုက္ကရစရိယာအကျင့်ကို ဆက်လက် ကျင့်ကြံအားထုတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲသည်အခါမှာတော့ ဘုရားလောင်းရဲ့ စိုပြည်ဝင်းဝါတဲ့ အဆင်းတော်ဟာ တဖြည်းဖြည်းနဲ့ ညှိုးမည်းသွေ့ခြောက်လာပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးဟာ အရိုးနဲ့ အရေမျှသာ ကျန်ပါတော့တယ်။

တစ်နေ့မှာတော့ တရားအားထုတ်နေရင်းကနေ အားပြတ်ပြီး မိန်းမောလဲကျသွားပါတယ်။

သတိပြန်ရလာတဲ့အခါ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်ကြည့်တော်မူပါတယ်။

"တရားကျင့်လာခဲ့တာ ခြောက်နှစ်မျှ ကြာလာခဲ့ပြီ။ ကျင့်လာတဲ့ ဒုက္ကရစရိယာအကျင့်နဲ့ တရားထူး မရနိုင်ဘူး"

အဲသည်လို အသိရလာတဲ့အခါမှာတော့ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်အလတ်လမ်းစဉ်ကို ပြောင်းလဲပြီး တရားအားထုတ်ဖို့ရာအတွက် ဆွမ်းအာဟာရတွေကို ပြန်လည်မှီဝဲခဲ့ပါတယ်။ ဒါကို တွေ့မြင်လိုက်ရတဲ့ ပဉ္စဝဂ္ဂီငါးပါးဟာ...

"သိဒ္ဓတ္ထဟာ တရားအားထုတ်မှု လျော့ပါးသွားပြီ"

ဆိုပြီး ဘုရားလောင်းကို စွန့်ခွာလို့ မိဂဒါဝုန်တောကို ပြောင်းသွားကြပါတော့တယ်။

ဘုရားအလောင်းကတော့ အာဟာရမျှတပြီး ကိုယ်ခန္ဓာတောင့်တင်းလာတဲ့အခါ အလယ်အလတ်လမ်းနဲ့ သမာဓိ၊ ဝီရိယမျှတအောင်ပြုပြီး တရားကျင့်ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

# ထူးဆန်းသော အိပ်မက်ကြီးငါးပါး

ဘုရားလောင်းအရှင်သူမြတ်ဟာ အနီးအနားမှာ ရှိကြတဲ့ ရှာငယ်ဇနပုဒ်တွေမှာ ဆွမ်းခံပြီး အာဟာရပြည့်ဝအောင် မှီဝဲရတဲ့အတွက် ရက်အနည်းငယ်အတွင်းမှာပဲ ရုပ်ရည်ကြည်သန့်လာပြီး ခန္ဓာကိုယ်တောင့်တင်းလာပါတယ်။ သည်အချိန်မှာပဲ အိပ်မက်ကြီး ငါးပါးကို ထူးထူးဆန်းဆန်း မြင်မက်တော်မူပါတယ်။ (အဲသည်နေ့ဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ လပြည့်အဖိတ်နေ့ညပဲ ဖြစ်ပါတယ်။) ဘာတွေ မြင်မက်သလဲဆိုတော့…

၁။ မဟာပထဝီမြေကြီးကို အိပ်ရာပြုလို့ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့သမုဒ္ဒရာရေပြင်ထက်မှာ လက်ဝဲလက်၊ အနောက်သမုဒ္ဒရာရေပြင်ထက်မှာ လက်ယာလက်၊ တောင်သမုဒ္ဒရာရေပြင်ထက်မှာ ခြေထောက်အစုံတင်ပြီး ကျိန်းစက်ရတယ်လို့ မြင်မက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ သန္တာခနီအဆင်းရှိတဲ့ တိရိယမြက်မျိုးဟာ ချက်တော်မှ ထွက်ပြီး ဘဝဂ်ထိရောက်အောင် တက်သွားတယ်လို့ မြင်မက်ပါတယ်။

၃။ အဖြူရောင်အဆင်းရှိတဲ့ ပိုးတွေဟာ ခြေတော်ကနေ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းတက်သွားတယ်လို့ မြင်မက်ပါရတယ်။

၄။ အရောင်အသွေးမျိုးစုံရှိတဲ့ ငှက်တွေဟာ အရပ်လေးမျက်နှာက လာကြပြီး ခြေတော်ရင်းကို ကျလာတဲ့အခါမှာတော့ အားလုံး အဖြူရောင်တွေ ဖြစ်သွားတယ်လို့ မြင်မက်ပါတယ်။

၅။ အလွန်ကြီးမားတဲ့ မစင်တောင်ကြီးပေါ်တက်လို့ စင်္ကြံလျှောက်သွားပေမဲ့လည်း မစင်တွေ လိမ်းကျံကပ်ငြိခြင်း မရှိဘူး မြင်မက်ပါတယ်။

အဲသည်လို အိပ်မက်ကြီးငါးပါးကို မြင်မက်လို့ ကျိန်းစက်ရာမှ နိုးထလာတဲ့အခါမှာတော့ ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မမြင်မက်ဖူးတဲ့ အိပ်မက်ကြီးတွေ ဖြစ်တာမို့"

"ယနေ့မှာပဲ ငါဟာ မုချအမှန် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မယ်"

လို့ ကိုယ်တော်တိုင် နိမိတ်ဖတ်တော်မူခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)
## သုဇာတာ၏ ယနာနို့ဆွမ်း

ကဆုန်လပြည့်နေ့ကို ရောက်ခဲ့ပါပြီ။

အလောင်းတော်ဟာ နံနက်စောစောမှာပဲ သေနနိဂုံးရွာကို ဆွမ်းခံဖို့ရာ ကြွသွားခဲ့ပါတယ်။ သေနနိဂုံးရွာကို ရောက်တော့ မိုးစင်စင် မလင်းသေးပါဘူး။ အဲဒါနဲ့ ရွာအနီးရှိ ညောင်ပင်ကြီးရဲ့ ပင်ခြေရင်းမှာ ထိုင်တော်မူရင်း အရှေ့ဘက်အရပ်ကို မျက်နှာမူလို့ တရားမှတ်တော်မူပါတယ်။ တရားတော်ရဲ့ အရှိန်အဝါကြောင့် အလောင်းတော်မြတ်ရဲ့ ရုပ်ခန္ဓာ ကိုယ်ရောင်၊ ကိုယ်ဝါအဆင်းတော်တွေဟာ ဝင်းထိန်တောက်ပလို့ နေပါသတဲ့။

အဲသည်အချိန်မှာပဲ ပုဏ္ဏာလို့ အမည်ရှိတဲ့ အစေခံမလေးဟာ ညောင်ပင်ကြီးရှိရာကို ရောက်လာခဲ့ပါတယ်။ ပုဏ္ဏာရဲ့ အရှင်သခင်ဖြစ်တဲ့ သုဇာတာသူဌေးသမီးဟာ အဲသည် ညောင်ပင်ကြီးရှိရာ လာပြီး ညောင်ပင်စောင့်နတ်မင်းထံမှာ...

"အရှင်ညောင်စောင့်နတ်မင်း... တကယ်လို့ အကျွန်ုပ်ဟာ အမျိုးတူယောကျ်ားနဲ့ ပေါင်းဖက်ရပြီး သား

www.burmeseclassic.com

www.burmeseclassic.com



ဦးယောကျ်ားကလေး ရလာခဲ့ရင် အရှင်ညောင်ပင်စောင့် နတ်မင်းကို နှစ်စဉ်နှစ်တိုင်း တစ်သိန်းတန် ဗလိနတ်စာ ကို ကျွေးမွေးပူဇော်ပါ့မယ်"

လို့ ဆုတောင်းခဲ့ဖူးပါတယ်။

ခုတော့ သုဇာတာသူဌေးသမီးဟာ ဆန္ဒတွေ ပြည့်ဝခဲ့ပါ ပြီ။ အမျိုးတူလင်ယောကျ်ားနဲ့ ပေါင်းဖက်ရပြီး သားဦးယောကျ်ား ကလေး ရလာတဲ့အတွက်ကြောင့် ကတိရှိထားတဲ့အတိုင်း ဗလိ နတ်စာ ကျွေးဖို့ရာအတွက် အစေခံမလေး ပုဏ္ဏာကို ညောင်ပင် အောက် သန့်ရှင်းရေးလုပ်ဖို့ရာ ခိုင်းစေခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ ညောင်ပင်ရှိရာကို ပုဏ္ဏာ ရောက်လာခဲ့ရခြင်းပါ။

ပုဏ္ဏာဟာ ညောင်ပင်အနားရောက်တော့ ညောင်ပင် အောက်မှာ တရားကျင့်နေတဲ့ ဘုရားအလောင်းတော်ကို တွေ့ မြင်လိုက်ရပါတယ်။ သူ့စိတ်ထဲမှာတော့ ညောင်ပင်စောင့်နတ်မင်း ကြီးဟာ ဗလိနတ်စာကို ကိုယ်တော်တိုင် လက်နဲ့ ခံယူဖို့ရာ ကိုယ်ထင်ပြနေတယ်လို့ပင် ထင်မှတ်ခဲ့ပါတယ်။

သည်အချိန်မှာပဲ အရှေ့ရပ်ခွင်ကနေ နေအရုဏ်တက်လာ ခဲ့ပါပြီ။

အလောင်းတော်မြတ်ရဲ့ ကိုယ်အဆင်းတော်ဟာလည်း ဝင်း ဝင်းထိန်ထိန်၊ နေအရှိန်ကလည်း လာဟပ်နေတယ်ဆိုတော့ ညောင်ပင်ကြီး တစ်ပင်လုံးဟာ တောက်ပလို့ပဲပေါ့။ ဒါကိုပဲ ညောင်စောင့်နတ်မင်းကြီးကိုယ်တိုင် ကိုယ်ရောင်ကိုယ်ဝါ တောက် ပစွာနဲ့ ထွက်ပြီးထိုင်နေတယ်လို့ အစေခံမလေးပုဏ္ဏာဟာ ထင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ယူဆနေပါတယ်။ ဒါ့ကြောင့်ပဲ သခင်မကို သတင်းကောင်း ပေးရအောင်ဆိုပြီး ဝမ်းမြောက်ဝမ်းသာစွာနဲ့ ပြန်ပြေးသွားပြီး သခင်မ သုဇာတာ သိရအောင် ပြောပြလိုက်ပါတယ်။

သုဇာတာဟာ ပြောမပြတတ်အောင် ဝမ်းသာသွားရပါတယ်။ သတင်းကောင်းကို ဆောင်ယူလာတယ်ဆိုပြီး ပုဏ္ဏာကို ဆုလာဘ်တွေပေးရုံမက သမီးအဖြစ်ဝါ မွေးစားလိုက်ပါတယ်။

သုဇာတာလည်း မိမိကိုယ်တိုင် လွန်ကဲထူးမြတ်စွာ ကျိုချက်ထားတဲ့ ဃနာနို့ဆွမ်းကို အဖိုးတစ်သိန်း ထိုက်တန်တဲ့ ရွှေခွက်နဲ့ထည့်ယူပြီး ညောင်ပင်ကြီးရှိရာ ထွက်လာခဲ့ပါတယ်။ ညောင်ပင်အောက်ရောက်တော့ အလောင်းတော်မြတ်ကို ညောင်ပင်စောင့်နတ်လို့ မှတ်ယူပြီး ဆက်လက် လှူဒါန်းလိုက်ပါတယ်။ ပြီးတော့...

"အကျွန်ုပ်ရဲ့ စိတ်ဆန္ဒလိုအင် ပြည့်ဝသွားသလိုပဲ အရှင့်ရဲ့ စိတ်ဆန္ဒလိုအင်တွေလည်း ပြည့်ဝပါစေ"

လို့ ဆုတောင်းလိုက်ပါတယ်။ အလောင်းတော်မြတ်ဟာ သုဇာတာရဲ့ ဃနာနို့ဆွမ်းကို ရွှေခွက်နဲ့ ခံယူတော်မူပြီး အဲသည် ညောင်ပင်ရဲ့ အနောက်တောင်ဘက် တစ်မိုင်ခန့်ကွာဝေးတဲ့ နေရဉ္ဇရာ မြစ်ထဲမှာ ရေချိုးတော်မူပါတယ်။ (အလောင်းတော်မြတ် ရေချိုးဆင်းတဲ့ ရေဆိပ်ဆိုတာဟာ ရှေးရှေးက ပွင့်တော်မူခဲ့ပြီးတဲ့ ဘုရားရှင်တွေ ဘုရားဖြစ်မယ့်နေ့မှာ ရေချိုးဆင်းတဲ့နေရာပဲ ဖြစ်ပါတယ်။)

အလောင်းတော်မြတ်လည်း ရေချိုးပြီးတဲ့အခါမှာတော့ အနောက်ဘက်ကမ်းကို ကူးတော်မူခဲ့ပြီး မြစ်ကမ်းနားမှာ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို မျက်နှာမူထိုင်ရင်း ဃနာနို့ဆွမ်းကို လေးဆယ့်ကိုးလုပ် တိတိ ဘုဉ်းပေးတော်မူခဲ့ပါတယ်။ ဘုဉ်းပေးလို့အပြီးမှာတော့

"တကယ်လို့ ငါဟာ သည်ကနေ့မှာပဲ ဘုရားစင်စစ် ကေန်ဖြစ်တော်မူမယ်ဆိုရင် ဤရွှေခွက်ဟာ ရေညာ ဆန်တက်ပါစေသား"

လို့ အဓိဋ္ဌာန်တော်မူပြီး မျှောလိုက်ပါတယ်။ အဲသည်မှာ ရွှေခွက်ဟာ ရေညာကို ဆန်တက်သွားခဲ့ပြီး ဝဲတစ်ခုကို အရောက်မှာတော့ နစ်မြုပ်သွားပါတယ်။ (အဲသည်ရွှေခွက်ဟာ ရှေးကမ္ဘာက ပွင့်တော်မူပြီးခဲ့တဲ့ ဘုရားသုံးဆူတို့ရဲ့ ရွှေခွက်သုံးလုံးရှိရာ ရေအောက် နဂါးပြည်ကို ရောက်သွားခဲ့ပြီး ရှေးက ရှိနှင့်နေခဲ့တဲ့ ရွှေခွက်သုံးလုံးရဲ့ အောက်ဆုံးမှာ တည်ပါတယ်။ အဲသည်လို နေရဉ္ဇရာမြစ်ထဲမှာ ရွှေခွက်ကို အဓိဋ္ဌာန်လို့ မျှောဖို့ရာ အဲသည် ရွှေခွက်ဟာ ဘုရားသုံးဆူတို့ရဲ့ ရွှေခွက်ရှိရာ သွားပြီး တည်နေဖို့ အတွက် သုဇာတာ နို့ဆွမ်းကပ်လှူစဉ်က အလောင်းတော်မြတ်ရဲ့ သပိတ်တော် ကွယ်ပျောက်ရခြင်း ဖြစ်ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)
## မာရ်နတ်ရန်ကို အောင်မြင်ခြင်း

အလောင်းတော်မြတ်ဟာ ရွှေခွက်ကို မျှောလို့အပြီးမှာတော့ နေ့ခင်းတစ်ခင်းလုံး အင်ကြင်းပန်းတွေ လှိုင်လှိုင်ပွင့်နေတဲ့ တောအုပ်ထဲမှာ တရားကို နှလုံးသွင်းနေခဲ့ပါတယ်။

ညနေချမ်းရောက်တဲ့အခါမှာတော့ အဲသည်နေရာကနေ တစ်မိုင်လောက်ဝေးကွာတဲ့ ဗောဓိညောင်ပင်ရှိရာအရပ်ကို ကြွမြန်းသွားတော်မူခဲ့ပါတယ်။ လမ်းခရီးမှာ ဆုံတွေ့ခဲ့ရသူကတော့ သောတ္ထိယလို့ဆိုတဲ့ မြက်ရိတ်သမားပါပဲ။ အဲဒါနဲ့ ခင်းထိုင်ဖို့ရာအတွက် မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပါတယ်။

ဗောဓိညောင်ပင်ရင်းကို ရောက်တဲ့အခါမှာတော့ ပင်ခြေရဲ့ လေးတောင်ခန့်အကွာမှာ ပါလာတဲ့ မြက်ရှစ်ဆုပ်ကို ခင်းဖြန့်လိုက်ပါတယ်။ ပြီးတာနဲ့ တင်ပျဉ်ခွေဖွဲ့ ထိုင်တော်မူလို့ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပါတော့တယ်။ သည်အချိန်မှာ နတ်ပြဟ္မာအပေါင်းဟာ ကောင်းချီးပေးတော်မူကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားအဖြစ်သို့ မရောက်မချင်း ဤနေရာမှ ငါ မထတော့ပြီ"

လို့လည်း အဓိဋ္ဌာန်ပြုတော်မူပါတယ်။ အဲဒီသည်အချိန်မှာပဲ မာရ်နတ်ဟာ အခြွေအရံ စစ်သည်ဗိုလ်ပါ မြောက်မြားစွာတို့ကို ဦးဆောင်ပြီး အလောင်းတော်မြတ် ပလ္လင်ပေါ်က ထသွားဖို့ရာ ခြောက်လှန့်ပါတယ်။ နှောင့်ယှက်ဖျက်ဆီး တိုက်ခိုက်ပါတယ်။

မာရ်နတ်အနေနဲ့ ဘယ်လိုပဲ နှောင့်ယှက်ဖျက်ဆီးပါစေ။ အလောင်းတော်မြတ်ကတော့ တုန်လှုပ်မှုမရှိပါဘူး။ သည်ကနေ့ ညမှာပဲ ဘုရားစင်စစ် ဧကန်ဖြစ်တော့မယ်လို့ပဲ ယုံကြည်ထားပါတယ်။ ဘုရားဖြစ်တယ်ဆိုတာဟာ တစ်ဘဝ၊ နှစ်ဘဝလောက် ကြိုးစားအားထုတ်ရုံနဲ့ မရပါဘူး။ ဘဝပေါင်းများစွာ ပါရမီ ဖြည့်ခဲ့ရပါတယ်။ ကျင့်ကြံအားထုတ်ခဲ့ရပါတယ်။ ဒါကို ဘုရားလောင်းဟာ ကောင်းစွာ ယုံကြည်ရုံမက သိလည်း သိနေခဲ့ပါတယ်။ ဒါ့အပြင် ရှေးက ဖြစ်ခဲ့ဖူးထားတာတွေကို ပြန်လည် မြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်တော်ကို ရလုဆဲဆဲ ဖြစ်နေတာမို့ လည်း အလွန် ဘဝနီးစပ်တဲ့ ဝေဿန္တရာမင်း ဖြစ်ခဲ့စဉ်အခါက ဒါနပါရမီ ဖြည့်ဆည်းခဲ့ပုံတွေကို ထင်မြင်သိရှိလာခဲ့ပါတယ်။ သည်အချိန်မှာ မာရ်နတ်က–

"ဤနေရာမှ ထလော့။ ဤနေရာဟာ သင်နဲ့ မတန်ဘူး"

ဆိုပြီး နှောင့်ယှက်ပြောဆိုလာတဲ့အခါမှာ အလောင်းတော် မြတ်ဟာ မျက်မာန်မပွား ဒေါသမထားဘဲ...

www.burmeseclassic.com

www.burmeseclassic.com



"အသင်မာရ်နတ်... ငါဟာ သည်နေရာကို ရောက်ဖို့အတွက် ဘဝပေါင်းများစွာ ပါရမီတွေ ဖြည့်ခဲ့တယ်။ နောက်ဆုံး ဝေဿန္တရာမင်းဘဝမှာ အလှူကြီး ပေးခဲ့ပြီး ဒါနပါရမီဖြည့်ခဲ့တယ်ဆိုတာ ဤမဟာပထဝီ ပြကြီး သက်သေရှိပါတယ်"

လို့ လက်ယာလက်နဲ့ မဟာပထဝီမြေကြီးကို သက်သေ ညွှန်ပြလိုက်တဲ့အခါ မဟာပထဝီမြေလွှာထုကနေ အသံတွေ ပြင်းပြင်းထန်ထန် တုန်ဟီးလို့ အော်မြည်လာကြပါလေရော။ အဲသည်အခါ မာရ်နတ်မင်းနဲ့ သူ့စစ်သည်ဗိုလ်ပါတွေက ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်လာပြီး ဖရိုဖရဲ ထွက်ပြေးသွားကြပါတော့တယ်။

အဲသည်လို မာရ်နတ်နဲ့ သူ့စစ်သည်အပေါင်းကို အောင်မြင်လိုက်တာဟာ ဘုရားအလောင်းတော်အတွက် ပထမဦးဆုံး အောင်ခြင်းတစ်ပါး ဖြစ်ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

# (၂၂)
# ဘုရားဖြစ်တော်မူခဲ့ပြီ

အလောင်းတော်မြတ်ဟာ မာရ်နတ်နဲ့တကွ သူ့စစ်သည် အပေါင်းကို အောင်မြင်တော်မူပြီးတဲ့နောက် အာနာပါနကမ္မဋ္ဌာန်း တရားကို ဆက်လက်အားထုတ်ပါတယ်။ အဲသည်အခါမှာ လောကီစျာန်သမ္မာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ရရှိ တော်မူပါတယ်။ သမာပတ်ဆိုတာက စျာန်ဝင်စားရာ အကြောင်း တရားဖြစ်ပြီး အဘိညာဉ်ဆိုတာကတော့ ထူးတဲ့ အသိဉာဏ်၊ အဲသည် အသိဉာဏ်ကြောင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင် ပါသတဲ့။

ညဉ့်ဦးယံကို လွန်မြောက်အပြီးမှာတော့ ဘဝပေါင်းများစွာ ကို ပြန်ပြီး အောက်မေ့ဆင်ခြင်သိစွမ်းနိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ် ကို ရရှိတော်မူပါတယ်။ သန်းခေါင်ယံ ရောက်တဲ့အခါမှာတော့ သုံးဆယ့်တစ်ဘုံလုံးမှာ ဖြစ်ပျက်နေကြတဲ့ သတ္တဝါအလုံးစုံကို မြင်စွမ်းနိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိတော်မူပါတယ်။ မိုးသောက်

www.burmeseclassic.com

www.burmeseclassic.com



ယံ ရောက်ရှိတဲ့အခါမှာတော့ ကိလေသာဟူသမျှကို အကြွင်းမဲ့ ပယ်နိုင်စွမ်းရှိတဲ့ အာသဝက္ခယဉာဏ်ကို ရရှိတော်မူပါတယ်။ နေအရုဏ်တက်လာတဲ့အခါမှာတော့ တစ်ဆက်တည်းမှာပဲ မဂ်ဖိုလ်ကို ဆင်ခြင်နိုင်တဲ့ အလုံးစုံသော တရားတို့ကို ဆင်ခြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူပါတယ်။

သည်မှာတင် အလောင်းတော်ဟာ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူခဲ့ပါပြီ။

အဲသည်နေ့ဟာဖြင့် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ဖြစ်ပြီး ဘုရားရှင်ရဲ့ သက်တော်ဟာ (၃၅) နှစ် ဖြစ်ပါသတဲ့။

ဂေါတမ ဗုဒ္ဓဘုရားရှင်အဖြစ် ညောင်ပင်ကြီးအောက်မှာ ပွင့်တော်မူခဲ့တဲ့အပြင် အဲသည် ညောင်ပင်၊ ဗောဓိပင်လို့လည်း ခေါ်ဆိုကြပါတယ်။ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူခြင်းကိုပဲ မြတ်စွာဘုရားလို့ ခေါ်တာပေါ့။ ဘုရားရှင်ဟာ ဘုရားအဖြစ်ရောက်တဲ့အခါမှာ "အနေကဇာတိ သံသာရံ" စတဲ့ ဂါထာကို ကျူးရင့်တော်မူခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)
## သီတင်းသုံးတော်မူရာ သတ္တဌာနမှာ

ဗုဒ္ဓဟာ ဘုရားရှင်ဖြစ်ပြီးတဲ့နောက် ကဆုန်လပြည့်ကျော် (၁) ရက်နေ့ကစလို့ မဟာဗောဓိပလ္လင်တော်နဲ့တကွ အနီး ပတ်ဝန်းကျင်မှာရှိတဲ့ နေရာခြောက်နေရာမှာ တစ်နေရာကို ခုနစ်ရက်ကျစီ သီတင်းသုံးတော်မူပါတယ်။ အဲသည် ခုနစ်နေရာ၊ ခုနစ်ဌာနကို သတ္တဌာနလို့ ခေါ်ပါတယ်။

**၁။ ပလ္လင်္ကသတ္တာဟ**

ဗောဓိညောင်ပင်ရဲ့ အရှေ့မျက်နှာ လေးတောင်ကွာမှာ တည်ရှိတဲ့ အပရာဇိတပလ္လင်ထက်မှာ တင်ပျဉ်ဖွဲ့ခွေစံနေတော်မူပြီး ၇ ရက်တိုင်တိုင် နိဗ္ဗာန်ချမ်းသာကို အာရုံပြု သီတင်းသုံးခဲ့ပါတယ်။

**၂။ အနိမိသသတ္တာဟ**

ဗောဓိညောင်ပင်ရဲ့ အရှေ့မြောက် ၁၄ လံအကွာမှာရှိတဲ့ ကုန်းငယ်အပေါ်မှာ ၇ ရက် ရပ်တန့်ပြီး...

"ဗောဓိရွှေပလ္လင်မှာ သဗ္ဗညုတဉာဏ်ကို ရပေသည် တကား"

www.burmeseclassic.com

www.burmeseclassic.com


ရယ်လို့ ဆင်ခြင်ရင်း ဗောဓိပင်နဲ့ ပလ္လင်တော်ကို ကြည့်တော်မူခဲ့ပါတယ်။

**၃။ ရတနာစင်္ကြံသတ္တာဟ**

ဘုရားရှင်ဟာ မမိုတ်မသုန်ရပ်ပြီး စံတော်မူရာကနေ ကောင်းကင်ထက်ကို တစ်ယူဇနာမျှ ပျံတက်လို့ ရေမီးအစုံ ထွက်စေတဲ့ တန်ခိုးတော်ကို ပြသပါတယ်။ အဲသည်နောက် မြေပြင်ပေါ်ကို သက်ဆင်းလို့ ရွှေပလ္လင်နဲ့ အနိမိသကုန်းအကြား ခုနစ်ရက်ပတ်လုံး ရတနာစင်္ကြံကို ဖန်ဆင်းလို့ စင်္ကြံကြွတော်မူရာအရပ် ဖြစ်ပါတယ်။

**၄။ ရတနာဃရသတ္တာဟ**

ဘုရားရှင်ဟာ ဗောဓိပင်ကနေ အနောက်မြောက်အတောင် ၄၀ အကွာ အရပ်မှာရှိပြီး နတ်တွေ ဖန်ဆင်းထားတဲ့ ရတနာအိမ်တော်မှာ ခုနစ်ရက် သီတင်းသုံးတော်မူပါတယ်။ အဲသည်ရက်တွေထဲမှာ အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်တော်မူပါတယ်။ ပဋ္ဌာန်းကျမ်းကို အရောက်မှာတော့ ကိုယ်တော်ကနေ ခြောက်သွယ်သောရောင်ခြည်တွေ ထွက်လာပါတယ်။ ရတနာအိမ်တော်မှာ နေတော်မူတဲ့အတွက် ရတနာဃရသတ္တာဟလို့ ခေါ်ဆိုခြင်းပါပဲ။

**၅။ အဇပါလသတ္တာဟ**

ဘုရားရှင်ဟာ ဗောဓိညောင်ပင်ကနေ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံအကွာမှာ "အဇပါလ" အမည်

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ဆိတ်ကျောင်းညောင်ပင်ရင်းကို ကပ်တော်မူပြီး ဖလသမာပတ် ဝင်စားနေတော်မူပါတယ်။ အဲသည်မှာ မာရ်နတ်ရဲ့ သမီးတော် ၃ ယောက်နဲ့ ဟုံဟုံက ,ပုဏ္ဏားတို့ကို တရားပြပြီး ချေချွတ်တော်မူပါတယ်။ နိဗ္ဗာန်ချမ်းသာကို အာရုံပြုပြီး ခုနစ်ရက်တိုင်တိုင် သီတင်းသုံးခဲ့တဲ့ နေရာပေပဲပေါ့။

**၆။ မုစလိန္ဒာသတ္တာဟ**

မဟာဗောဓိပင်ရဲ့ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာမှာရှိတဲ့ မုစလိန္ဒာ အမည်ရှိ အိုင်အနီး ကျည်ပင်ကြီးရဲ့အရင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲသည်အခါ စကြဝဠာတိုက်တစ်လုံး နှံ့အောင်ရွာတဲ့ အခါမဲ့မိုးကြီးကြောင့် မုစလိန္ဒာ နဂါးမင်းဟာ မိမိဗိမာန်ထဲကနေထွက်လာခဲ့ပါတယ်။ ပြီးတော့ မြတ်စွာဘုရားရှင်ကို တစ်စုံတစ်ရာ ထိပါးညှဉ်းဆဲခြင်း မရှိရလေအောင် သူ့ခန္ဓာကိုယ်ကို ခွေလို့ ပလ္လင်အဖြစ် ခင်းပါတယ်။ ကိုယ်တော်ကို ခုနစ်ရစ်ပတ်ရံလို့ ဘုရားရှင်ရဲ့ ဦးခေါင်းတော်အထက်မှာ ပါးပျဉ်းနဲ့ အုပ်မိုးပေးပြီး မိုးရေတို့ မစွတ်စိုရလေအောင် အုပ်မိုးကာကွယ်ပေးပါတယ်။ ဘုရားရှင်ရဲ့ နဂါးမင်းရဲ့ အခွေထက်မှာ ခုနစ်ရက်တိတိ သီတင်းသုံး စံတော်မူရာ အရပ်ပါပဲ။

**၇။ ရာဇာယတနသတ္တာဟ**

ဘုရားရှင်ဟာ မဟာဗောဓိကနေ တောင်ဘက် အလံ ၄၀ အကွာမှာ တည်ရှိတဲ့ လင်းလွန်းပင်ရင်းမှာ ၇ ရက်ပတ်လုံး သမာပတ်ကို စံစားနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနဲ့ ဂေါတမမြတ်စွာဘုရားရှင်ဟာ ဘုရားရှင်အဖြစ်ကို ရောက်တော်မူတဲ့နေ့က စတင်လို့ (၄၉) ရက်တိုင်တိုင်၊ (၇) နေရာဌာနတွေ စံပယ်သီတင်းသုံးတော်မူခဲ့ပါတယ်။ သတ္တဌာန နေတော်မူလို့ (၄၉) ရက်စေ့ပြီးတာနဲ့ ဝါဆိုလဆန်း ၅ ရက်နေ့မှာ လင်းလွန်းပင်ရင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲသည်အခါ သိကြားမင်း ဆက်ကပ်တဲ့ ကွမ်းရိုးတံပူကို ဝါးလို့ အနောတတ်ရေနဲ့ ခန္ဓာကိုယ်ကို ဆေးကြောပါတယ်။ မျက်နှာ သစ်တော်မူပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# (၂၄)
# ရောက်လာပြန်ပေါ့ ကုန်သည်ညီနောင်

ဗုဒ္ဓဘုရားရှင်ဟာ လင်းလွန်းပင်ရင်းမှာ စမွယ်သီတင်းသုံးနေတုန်းမှာပဲ ရာမညတိုင်း၊ ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့က "တပုဿ" နဲ့ "ဘလ္လိက" ဆိုတဲ့ ကုန်သည်ညီနောင်နှစ်ယောက် ရောက်ရှိလို့ လာခဲ့ပါတယ်။ သူတို့ညီနောင်ဟာ မဇ္ဈိမဒေသကို ကုန်သွယ်ဖို့ရာ လှည်းငါးရာနဲ့ ရောက်လာခဲ့ကြတာပါ။

သူတို့ညီနောင်နှစ်ယောက်ဟာ ဗုဒ္ဓဘုရားရှင်ကို ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့နဲ့ ကပ်လှူပူဇော်ကြပါတယ်။ (အဲသည်အချိန်မှာ မုန့်ကို ခံယူဖို့ရာ ဘုရားရှင်မှာ သပိတ်မရှိပါဘူး။ ဃဋိကာရ ဗြဟ္မာကြီး ဆက်ကပ်လှူဒါန်းခဲ့တဲ့ သပိတ်ဟာ သုဇာတာရဲ့ ဃနာနို့ဆွမ်းကို ခံယူခါနီးမှာပဲ ပျောက်ကွယ်သွားခဲ့တယ်မဟုတ်လား။ သည့်အတွက်ကြောင့် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးဟာ သပိတ်တစ်လုံးစီယူလာပြီး ဘုရားရှင်ကို

www.burmeseclassic.com



ဆက်ကပ်လှူဒါန်းကြပါတယ်။ အဲဒါကြောင့် ဘုရားရှင်ဟာ အဲသည် သပိတ်လေးလုံးကို လက်ပေါ်တင်ပြီး အဓိဋ္ဌာန်တင်ပြီး နှိပ်လိုက်တဲ့အခါ နှုတ်ခမ်းရစ် လေးထပ်ရှိတဲ့ သပိတ်တစ်လုံး တည်း ဖြစ်သွားခဲ့ပါတယ်။)

ဘုရားရှင်ဟာ အဲသည် သပိတ်တော်နဲ့ မုန့်တွေကို ခံယူပြီး ကုန်သည်ညီနောင်တို့ကို–

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ"

ဆိုတဲ့ သရဏဂုံနှစ်ပါးကို တည်ဆောက်စေပါတယ်။ ဘုရားရှင်အတွက် တစ်ကြိမ်၊ တရားတော်အတွက် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်၊ နှစ်ခွန်းသာ တည်ဆောက်ရပါတယ်။ ဘာ့ကြောင့် သရဏဂုံ ၂ ပါးတည်း ဖြစ်ရသလဲဆိုတော့ အဲသည် အချိန်မှာ သံဃာတော် မပေါ်ပေါက်သေးတဲ့အတွက်ကြောင့်ပါပဲ။

ဗုဒ္ဓဝင်သမိုင်းမှာ ဂေါတမဘုရားရှင်ကို ပထမဦးဆုံး ကိုးကွယ်ခွင့် ရရှိခဲ့တဲ့ ဥပါသကာဆိုတာ တပုဿနဲ့ ဘလ္လိက ညီနောင် နှစ်ယောက်ပဲ ဖြစ်ကြပါတယ်။ အဲသည် ညီနောင်နှစ်ယောက် ဟာ ဘုရားရှင်ကို ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံ ကို ရောက်ရှိကြတဲ့ သာဝကဥပါသကာတွေအနက် တပုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်ဟာ အမြတ်ဆုံး၊ အသာ ဆုံးဆိုတဲ့ ဧတဒဂ် ဥပါသကာဆုကို ရရှိခဲ့ကြပါသတဲ့။

အဲသည်နောက်မှာတော့ ဘုရားရှင်ဟာ မိမိရဲ့ ဦးခေါင်း တော်ကို လက်နဲ့ သုံးသပ်လိုက်ပါတယ်။ လက်ထဲမှာပါလာတဲ့ ဆံတော်ရှစ်ဆူကို ကုန်သည်ညီနောင်ကို ပေးသနားတော်မူခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကုန်သည်ညီနောင်ဟာ ဆံတော်ရှစ်ဆူကို ပင့်ပြီး သင်္ဘောနဲ့ ပြန်လာကြတဲ့အခါ ဥက္ကလာပမင်းကြီးကို အကြီးအမှူးပြုစေပြီး သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ ဆံတော်တစ်ဆူကို ဌာပနာပြီး စေတီတည်ခဲ့ပါတယ်။ (မျက်မှောက်ကာလ ဖူးမြော်ရတဲ့ ရွှေတိဂုံစေတီတော်ပါပဲ။)

❖



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

# လွဲချော်လေသူတစ်ဦး

ဗုဒ္ဓဟာ ဘုရားရှင်အဖြစ်ကို ရောက်တော်မူအပြီးမှာတော့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့အထိ ဗာရာဏသီပြည်အနီး ဣသိပတန မိဂဒါဝုန်တော (ယခု နီပေါနိုင်ငံ) မှာ ပထမဝါဆိုတော်မူခဲ့ပါတယ်။

ဘုရားရှင်ဟာ သတ္တဝါဝေနေယျတို့ကို တရားဟောဖို့ရာ စဉ်းစားတော်မူပါတယ်။ အဲသည်အခါ သတ္တဝါတွေဆိုတာဟာ မိမိရဲ့ တရားတော်တွေကို လက်ခံနိုင်ကြလိမ့်မယ် မဟုတ်သလို မြင်နိုင်ကြလိမ့်မယ်လို့လည်း မဟုတ်ဘူးလို့ သိမြင်တော်မူပါတယ်။ ဒါပေမဲ့ မိမိရဲ့တရားတော်ကို လက်ခံနိုင်လောက်တဲ့ ပါရမီဓာတ်ခံရှိတဲ့ သတ္တဝါတွေလည်း အများအပြားရှိသေးတာကိုလည်း ဆင်ခြင်မိပြန်ပါတယ်။ ဒါကြောင့် ဒေသစာရီကြွချီပြီး တရားဟောမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အနီးအနားမှာရှိတဲ့ ရွာတွေမှာ ဆွမ်းခံပြီး ရက်အနည်းငယ်နေပါတယ်။ ဝါဆိုလဆန်း ၁၄ ရက်နေ့ရောက်တော့ နံနက်စောစော စကြံကြွပြီး ပဉ္စဝဂ္ဂီငါးဦးတို့ကို တရားဟောကြားဖို့ရာ မိဂဒါဝုန်ကို ဦးတည်လိုက်ပါတယ်။

လမ်းခရီးတစ်ဝက်လောက်ရောက်တော့ "ဥပက" လို့ အမည်ရှိတဲ့ အာဇီဝကတက္ကဒွန်းကြီးနဲ့ ရင်ဆိုင်တွေ့ရပါတော့တယ်။ သည်အခါ ဥပကတက္ကဒွန်းကြီးက...

"ငါ့ရှင်... သင့်ရဲ့ဆရာဟာ ဘယ်သူပါလိမ့်၊ သင်ကကော ဘယ်သူလဲ"

လို့ မေးတဲ့အခါ ဘုရားရှင်က...

"ဥပက... ငါ့မှာ ဆရာမရှိဘူး။ ငါဟာ တရားအလုံးစုံကို သိမြင်တော်မူတဲ့ ဘုရားရှင်ဖြစ်တယ်"

လို့ ဖြေကြားပါတယ်။ သည်အခါ ဥပကတက္ကဒွန်းကြီးလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"အင်းလေ... ဒါလည်း ဟုတ်မှာပါပဲ"

လို့ ပြောဆိုပြီး သူ့ခရီးကိုသူ ဆက်ပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)
## မမ္မစကြာတရားဦး

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့။

ဗုဒ္ဓဘုရားရှင်ဟာ ဗာရာဏသီပြည်အနီးရှိ မိဒဂါဝုန်တောသို့ ရောက်ရှိခဲ့ပါပြီ။ သည်လို ဘုရားရှင် လှမ်းကြွလာတော်မူတာကို ပဉ္စဝဂ္ဂီငါးဦးတို့ လှမ်းမြင်လိုက်ကြရတဲ့အခါ သူတို့အချင်းချင်း "ဘုရားရှင်ကို ခရီးဦးကြို မပြုစတမ်း" ဆိုပြီး ညှိနှိုင်းထားခဲ့ကြတယ်။

ဒါပေမဲ့လည်း ဘုရားရှင် သူတို့အပါးကို ရောက်လာတော့ ညှိနှိုင်းတိုင်ပင်ထားသမျှတွေဟာ ပျက်ပြားသွားခဲ့ရလေရဲ့။ အားလုံးလိုလိုပါပဲ။ သင်္ကန်းယူသူက ယူ၊ သပိတ်ယူသူက ယူ၊ နေရာခင်းသူက ခင်း၊ ခြေဆေးရေခပ်သူက ခပ်၊ ရေကြည်ရေအေး ကပ်သူက ကပ်နဲ့ ခရီးဦးကြိုပြုခဲ့ကြပါလေရောလား။ ကိုယ်စီကိုယ်ငှ ဦးခိုက်ရှိခိုးကြလို့ပါပဲလား။ အဲသည်အချိန်ဟာ နေဝင်ခါနီး လထွက်ခါစအချိန်ပါ။

www.burmeseclassic.com

www.burmeseclassic.com


သည်အချိန်မှာပဲ ဗုဒ္ဓဘုရားရှင်ဟာ မြင့်မြတ်တဲ့ နေရာထက်မှာ တင်ပျဉ်ဖွဲ့ခွေ ထိုင်တော်မူလိုက်ပါတယ်။ ဘုရားရှင်ရှေ့တော်မှောက်မှာတော့ ပဥ္စဝဂ္ဂီငါးဦး ကျို့ကျို့ရို့ရို့ကလေး ထိုင်နေကြလို့ပဲပေါ့။ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေဟာလည်း ဘုရားရှင်က ဓမ္မစကြာတရားတော်ကို ဟောကြားမှာ သိနေလို့ စုဝေးရောက်ရှိလာခဲ့ကြပါပြီ။

နေမင်းကြီးက ဝင်လုဆဲဆဲ။ လပြည့်ဝန်းကြီး ထွက်ပေါ်လာစဉ်မှာပဲ ဗုဒ္ဓဘုရားရှင်ဟာ ဓမ္မစကြာတရားဦးကို စတင်ဟောကြားတော်မူပါတယ်။ (ဓမ္မစကြာတရားဟာ တရားဦးဒေသနာတော်ဖြစ်တာမို့ "ဓမ္မစက္က ပဝတ္တနသုတ်" လို့ ခေါ်ပါသတဲ့။) အဲသည် ဒေသနာတရားဦးကို ဟောကြားတဲ့အခါမှာ ရှောင်ရှားရမယ့် အစွန်းနှစ်ပါး၊ လေ့ကျင့်ပွားများရမယ့် မဂ္ဂင်ရှစ်ပါး၊ ထိုးထွင်းသိမြင်အပ်တဲ့ သစ္စာလေးပါးတရားတွေ ပါဝင်ပါတယ်။

ရှောင်ရှားရမယ့် အစွန်းနှစ်ပါးဆိုတာက...

၁။ ကာမဂုဏ်တွေ ရှိတဲ့အနက် ကာမချမ်းသာခြင်းကို ကပ်ငြိပြီး အားထုတ်တဲ့အကျင့်၊

၂။ အင်မတန် ဒုက္ခဆင်းရဲ ခံစားရပြီး အရိယာတွေ မလိုက်နာတဲ့ အကျိုးစီးပွားနဲ့ မစပ်ယှက်နိုင်တဲ့ ကိုယ် အပင်ပန်းခံ ပြင်းထန်စွာ အားထုတ်တဲ့အကျင့်

စတာတွေပဲ ဖြစ်ပါတယ်။ လေ့ကျင့်ပွားများရမယ့် မဂ္ဂင်ရှစ်ပါးဆိုတာကတော့...

www.burmeseclassic.com

www.burmeseclassic.com



၁။ မှန်ကန်စွာ သိမြင်ခြင်း
၂။ မှန်ကန်စွာ ကြံစည်ခြင်း
၃။ မှန်ကန်စွာ ပြောဆိုခြင်း
၄။ မှန်ကန်စွာ ပြုမူခြင်း
၅။ မှန်ကန်စွာ အသက်မွေးမြူခြင်း
၆။ မှန်ကန်စွာ အားထုတ်ခြင်း
၇။ မှန်ကန်စွာ အမှတ်ရခြင်း
၈။ မှန်ကန်စွာ စူးစိုက်တည်ကြည်ခြင်း

စတာတွေပဲ ဖြစ်ပါတယ်။ ထိုးထွင်းသိမြင်အပ်တဲ့ သစ္စာလေးပါး ဆိုတာကတော့...

၁။ ဆင်းရဲခြင်း
၂။ ဆင်းရဲခြင်း၏အကြောင်း
၃။ ဆင်းရဲခြင်း၏ ကုန်ဆုံးရာ နိဗ္ဗာန်
၄။ ဆင်းရဲခြင်း၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို ညွှန်ပြသော လမ်းစဉ် စတာတွေပဲ ဖြစ်ပါတယ်။

ဓမ္မစကြာတရား ဒေသနာတော် ဟောကြားအပြီးမှာတော့ တစ်ဆယ့်ရှစ်ကုဋေကုန်သော နတ်ဗြဟ္မာတွေနဲ့အတူ အရှင်ကောဏ္ဍညဟာ သောတာပန်ဆိုက်သွားပါတော့တယ်။ ဘုရားရှင်ဟာ အဲသည် ဓမ္မစကြာတရားတော်ကို အကျယ် ထပ်မံ ဟောကြားတဲ့အခါမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ အရှင်ဝပ္ပ၊ ၂ ရက်နေ့မှာ အရှင်ဘဒ္ဒိယ၊ ၃ ရက်နေ့မှာ အရှင်မဟာနာမ်၊ ၄ ရက်နေ့မှာ အရှင်အဿဇိတို့အသီးသီးဟာ သောတာပန်ဆိုက်ရောက်ကုန်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲသည်နောက် ဝါဆိုလပြည့်ကျော် ၅ ရက် ဆဋ္ဌမမြောက်နေ့မှာ ဘုရားရှင်ဟာ အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူတဲ့အခါ ပဉ္စဝဂ္ဂီငါးဦးစလုံးဟာ အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာတွေ ဖြစ်သွားကြပါတယ်။ (ရဟန္တာဆိုတာဟာ ကိလေသာ ကုန်ခန်းပြီး ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။)

❖



www.burmeseclassic.com

www.burmeseclassic.com

# (၂၇)
# ယသနှင့် သူ၏မိတ်ဆွေများ

ဗုဒ္ဓဘုရားရှင်ဟာ မိဂဒါဝုန်တောမှာပဲ ပထမဆုံး ဝါဆို ဝါကပ်တော်မူပါတယ်။

အဲသည်ကာလမှာပဲ "ယသ" အမည်ရှိတဲ့ သတို့သားဟာ လောကီစည်းစိမ်ချမ်းသာအပေါ် ငြီးငွေ့စက်ဆုပ်မိတာမို့ ဗုဒ္ဓဘုရားရှင်ရှိရာ ရောက်လာခဲ့သူပါ။ ယသဟာ တခြားသူ မဟုတ်ပါဘူး။ သည်ဝါတွင်းမှာပဲ ဃနာနို့ဆွမ်းကို ကပ်လှူဖူးတဲ့ သူဌေးသမီး သုဇာတာရဲ့ သားဖြစ်ပါတယ်။

ဘုရားရှင်ဟာ ယသ သတို့သားကို သစ္စာလေးပါး တရားဖြစ်တဲ့ ဆင်းရဲခြင်း၊ ဆင်းရဲခြင်း၏အကြောင်း၊ ဆင်းရဲခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်၊ ဆင်းရဲခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်ကို ညွှန်ပြတဲ့လမ်းစဉ် စတာတွေကို ဟောကြားတော်မူပါတယ်။ သည်အခါ ယသလည်း တရားထူးရရှိပြီး ရဟန်းပြုပါတယ်။ ဘုရားရှင်ပေးတဲ့ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်တဲ့အခါမှာတော့

www.burmeseclassic.com

www.burmeseclassic.com



အာသဝေါတရားတွေ ကုန်ခန်းသွားပြီး အရဟတ္တဖိုလ်ဆိုက်လို့ ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။

မကြာခင်မှာ ယသရဲ့မိတ်ဆွေ (၅၄) ယောက်တို့ ရောက်ရှိလာပြီး "ဧဟိဘိက္ခု" ရဟန်းပြုတော်မူပါတယ်။ (ဘုရားရှင်ကနေ "ဘိက္ခုရဟန်း ဧဟိ လာလော့" ဆိုပြီး ခေါ်လိုက်ရင် လူဝတ်ကြောင်အသွင် ပျောက်ကွယ်သွားပြီး သင်္ကန်းပရိက္ခရာ အစုံအလင်နဲ့ ရဟန်းအသွင်အပြင် ဖြစ်ပေါ်လာပါတယ်။ သည်လိုမျိုး ဗုဒ္ဓဘုရားရှင်က ခေါ်ဆိုတော်မူတာကို "ဧဟိ ဘိက္ခု" ခေါ်တယ်လို့ ဆိုပါတယ်။)

ဝါကျွတ်တဲ့ အချိန်အခါကိုရောက်တော့ ပဥ္စဝဂ္ဂီရဟန်း ၅ ပါး၊ ရှင်ယသ ၁ ပါး၊ (တရားထူးရပြီး အရဟတ္တဖိုလ် ဆိုက်သွားတဲ့) ယသရဲ့မိတ်ဆွေ ရဟန်း ၅၄ ပါး စုစုပေါင်း ၆၀ တိတိ ရှိလာခဲ့ပါပြီ။

❖



www.burmeseclassic.com

www.burmeseclassic.com

(၂၈)

# ဘုရားရှင် စေတော်မူရာသို့

ဗုဒ္ဓဘုရားရှင်ဟာ ရဟန္တာဖြစ်ပြီးကြတဲ့ အပါး (၆၀) ကို စုဝေးလိုက်ပြီး…

"ချစ်သားတို့… သင်တို့ဟာ ခရီးနှင်ကာစပြီး လူအပေါင်းတို့ရဲ့ အကျိုးစီးပွားအတွက် အမြို့မြို့အရွာရွာကို တစ်ပါးလျှင် တစ်နေရာစီ သာသနာပြုဖို့ ကြွရလိမ့်မယ်"

ရှင်လောင်း၊ ရဟန်းလောင်းတွေကို သင် ချစ်သားတို့ ကိုယ်တိုင် ရှင်ပြု၊ ရဟန်းပြုပေးရမယ်။ အဲသည်လို ပြုပေးရာမှာ ဆံ၊ မုတ်ဆိတ်တွေကို ပယ်ရိတ်ပစ်ရမယ်။ ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဝတ်ပေးရမယ်။ ပြီးတော့ သင်္ကန်းကို လက်ကတော့ ထိုး၊ ဆောင့်ကြောင့်ထိုင်စေလို့ လက်အုပ်ကို ချီစေပြီး…

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

www.burmeseclassic.com

www.burmeseclassic.com


ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဆိုတဲ့ သရဏဂုံ သုံးပါးကို ရှေ့ကနေ တိုင်ပေး၊ ချပေးရမယ်။ အဲသည်လိုမျိုး သရဏဂုံသုံးပါးနဲ့ ရှင်ပြုပေးဖို့၊ ရဟန်းပြုပေးဖို့ ငါဘုရားရှင် ခွင့်ပြုတယ်”

အဲသည်လိုမျိုး တိုက်တွန်းနှိုးဆော်ပြီးတဲ့နောက် တပည့် ရဟန္တာ (၆၀) တို့ကို သာသနာပြုဖို့ရာ တစ်ပါးကို တစ်နေရာ ကျစီ ကြွသွားစေခဲ့ပြီး ကိုယ်တော်တိုင်လည်း သာသနာပြုဖို့ရာ အတွက် ဥရုဝေလတောကို ကြွတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# (၉)
# ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်

ဗုဒ္ဓဘုရားရှင်ရဲ့ ခြေလှမ်းတွေ ဦးတည်နေတာကတော့ ဥရုဝေလပဲ ဖြစ်ပါတယ်။ သွားလိုရာ ခရီးမဆုံးသေးခင် လမ်းတစ်နေရာမှာ ဘဒ္ဒဝဂ္ဂီညီနောင် ၃၀ တို့နဲ့ ဆုံပါတယ်။ အဲသည် ဘဒ္ဒဝဂ္ဂီညီနောင် ၃၀ ဆိုတာဟာ သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းနဲ့ အဖေတူအမေကွဲ မင်းသားညီနောင်တွေပဲ ဖြစ်ပါတယ်။

အဲသည် မင်းသားတွေဟာ မိမိရဲ့ ဇနီးမယားနဲ့အတူ လွတ်လွတ်လပ်လပ် ပျော်ပါးချင်တာမို့ သည်တောအုပ်နေရာကို ပျော်ပွဲစားထွက်လာခဲ့ကြတာပါ။ ညီနောင် ၃၀ အနက် မင်းသားတစ်ဦးမှာ ဇနီးမရှိ ဖြစ်နေတာကြောင့် ပြည့်တန်ဆာမတစ်ဦးကို ခေါ်လာခဲ့ပါတယ်။ အဲသည် ပြည့်တန်ဆာမဟာ မင်းသားတွေ အမေ့မေ့အလျော့လျော့ ဖြစ်နေကြစဉ်မှာ ဥစ္စာပစ္စည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ယူငင်ထွက်ပြေးသွားတဲ့အတွက် လိုက်လံရှာဖွေနေကြတာပါ။ သူတို့ဟာ ဗုဒ္ဓဘုရားရှင်ကို တွေ့တော့...

"မိန်းမတစ်ယောက်ကို မြင်လိုက်ပါသလား"

လို့ မေးမြန်းကြတယ်။ သည်အခါမှာ ဘုရားရှင်က...

"မင်းသားတို့ မိန်းမတစ်ယောက်ကို ရှာဖွေခြင်းနဲ့ မိမိကိုယ်ကိုရှာဖွေခြင်း နှစ်မျိုးမှာ ဘယ်ဟာကို ရှာဖွေတာက မြတ်ပါသလဲ"

လို့ မေးမြန်းမိန့်ကြားကာ တရားဒေသနာတော်တွေကို ဟောကြားတော်မူပါတယ်။ မင်းသားညီနောင် ၃၀ တို့ဟာ ပါရမီအနုအရင့်အလိုက် အချို့ဟာ သောတာပန်၊ အချို့ဟာ သကဒါဂါမ်၊ အချို့ဟာ အနာဂါမ်တွေ ဖြစ်လာကြပြီး သုံးကျိပ်စလုံး ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိခဲ့ပါတယ်။ ဘုရားရှင်ဟာ အဲသည်ရဟန်းအပါး ၃၀ ကိုလည်း အရပ်မျက်နှာအသီးသီးသို့ သာသနာပြုဖို့ရာအတွက် စေလွှတ်ခဲ့ပြန်ပါတယ်။

ဘုရားရှင်ရဲ့ ခြေလှမ်းတွေကတော့ ဥရုဝေလတောအုပ်ရှိရာကိုပါပဲ။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

## ဥရုဝေလတောအုပ်မှာ

ဥရုဝေလတောအုပ်မှာ ပရိဗိုဇ်ညီနောင် သုံးဦးရှိပါတယ်။

သူတို့ဟာ ဥရုဝေလကဿပ၊ နဒီကဿပနဲ့ ဂယာကဿပတို့ ဖြစ်ကြပြီး တပည့်ပရိသတ် ရသေ့တစ်ထောင် ရှိပါတယ်။ ဥရုဝေလကဿပမှာ တပည့် ၅၀၀၊ နဒီကဿပမှာ တပည့် ၃၀၀၊ ဂယာကဿပမှာ တပည့် ၂၀၀ စသဖြင့်ပေါ့။ ပရိဗိုဇ်ညီနောင်သုံးဦးဟာ သူတို့ကိုယ်သူတို့ ရဟန္တာလို့ ထင်မှတ်နေကြပြီး ဘုရားရှင်ကိုတော့ သာမန်ရဟန်းကြီးလို့ပဲ ထင်မြင်ယူဆထားကြတယ်။ သည်အခါ ဘုရားရှင်ဟာ ရသေ့အပေါင်း တုန်လှုပ်ကြောက်ရွံ့နေကြတဲ့ နဂါးကြီးကို သူတို့အားလုံးရဲ့ ရှေ့မှောက်မှာတင် မေတ္တာတန်ခိုးနဲ့ နှိမ်နင်းဆုံးမပြလိုက်ပါတယ်။ သည်တော့မှပဲ ခေါင်းဆောင် ပရိဗိုဇ်ညီနောင် သုံးဦးအပါအဝင် တပည့်ပရိဗိုဇ်တွေအားလုံးက ဘုရားရှင်ထံမှာ ရဟန်းခံပြီး ဧဟိဘိက္ခုရဟန်းတွေ ဖြစ်လာကြတယ်။

ဘုရားရှင်ဟာ အဲသည် ရဟန်းတော်အားလုံးကို ဒေသနာတရားနဲ့တကွ သုတ်တော်တို့ကို ဟောကြားပေးအပြီးမှာတော့ အားလုံးဟာ ရဟန္တာတွေ ဖြစ်ကုန်ကြပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

## မြန်းကြွခဲ့ပြီ ရာဇဂြိုဟ်ဆီ

ဗုဒ္ဓဘုရားရှင်ဟာ တပည့်သံဃာ ၁၀၀၀ တို့ ခြံရံပြီး ရာဇဂြိုဟ်ပြည်ရှိရာကို မြန်းကြွတော်မူခဲ့ပါတယ်။ ဘာ့ကြောင့် ရာဇဂြိုဟ်ကို ကြွရသလဲဆိုတော့ ဘုရားမဖြစ်ခင်က ဗိမ္ဗိသာရ မင်းကြီးနဲ့ တွေ့ဆုံခဲ့ပြီး "ဘုရားဖြစ်တဲ့အခါ ရာဇဂြိုဟ်ကို အဦး ဆုံး ကြွလာခဲ့ပါ့မယ်" ဆိုတဲ့ စကားရှိထားလို့ပါပဲ။

ရာဇဂြိုဟ်ကို ရောက်တဲ့အခါ မြို့တွင်းကို မဝင်သေးဘဲ မြို့ပြင်ဘက် ထန်းတောဥယျာဉ်မှာ စံနေတော်မူပါတယ်။ သည် သတင်းကို ကြားသိလိုက်ရခြင်းမှာပဲ ဗိမ္ဗိသာရမင်းကြီးဟာ ဘုရား ရှင် စံနေတော်မူရာကို သွားရောက်ပြီး ကြည်ညိုစွာ ဖူးမြင်ခဲ့ပါ တယ်။ ဘုရားရှင်ကလည်း ဗိမ္ဗိသာရမင်းကြီး အမှူးပြုတဲ့ လူထု ပရိသတ်များစွာကို တရားဒေသနာတွေ ဟောကြားခဲ့ပါတယ်။ အဲဒါကြောင့် ဗိမ္ဗိသာရမင်းကြီးနဲ့တကွ တရားနာပရိသတ် အများ အပြားဟာ သောတာပန်ဆိုက်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




ဗိမ္ဗိသာရမင်းကြီးဟာ ဘုရားရှင်နဲ့တကွ သံဃာတော် ၁၀၀၀ တို့ကို ဆွမ်းခဲဖွယ်ဘောဇဉ်တွေကို လောင်းလှူလို့အပြီး မှာတော့...

"အရှင်ဘုရား ထန်းတောဥယျာဉ်ဆိုတာ ဝေးလွန်းလှတဲ့အတွက် ဝေဠုဝန်ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါဘုရား"

လို့ တင်လျှောက်ပြီးတဲ့နောက်မှာတော့ ဝေဠုဝန်ဥယျာဉ်တော်ကျောင်းကို လှူဒါန်းခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင်ဟာ ဝေဠုဝန်ကျောင်းတော် အာရာမ်ကို အလှူခံတော်မူပြီး ဗိမ္ဗိသာရမင်းကြီးကို သာဓုအနုမောဒနာတရားတွေ ချီးမြှင့်ခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၃၂)
## လက်ဝဲတော်ရံ လက်ယာတော်ရံ

ဗုဒ္ဓဘုရားရှင်ဟာ တပည့်သံဃာ ၁၀၀၀ နဲ့အတူ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်မှာ သိဥ္စည်းဆရာကြီးရဲ့ တပည့် ဥပတိဿနဲ့ ကောလိတတို့ဟာ တပည့် ပရိဗိုဇ် ၅၀၀ နဲ့အတူ ဘုရားရှင်ထံ ရောက်လာပြီး ရဟန်းပြုကြပါတယ်။ ဥပတိဿဟာ ရှင်သာရိပုတ္တရာ ဖြစ်လာပြီး ကောလိတဟာ ရှင်မောဂ္ဂလာန် ဖြစ်လာပါတယ်။ ရှင်သာရိပုတ္တရာဟာ (ပဥ္စဝဂ္ဂီငါးပါးထဲမှာ အငယ်ဆုံးဖြစ်တဲ့) ရှင်အဿဇိရဟန်းတော်ထံကနေ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစချီတဲ့ ဂါထာကို နာကြားရတဲ့အတွက် သောတာပန်ဖြစ်ခဲ့ပြီး ရှင်မောဂ္ဂလာန်ဟာလည်း အဲသည်ဂါထာကိုပဲ ရှင်သာရိပုတ္တရာထံကနေ တစ်ဆင့်နာကြားရလို့ သောတာပန် ဖြစ်ခဲ့တဲ့သူပါ။

သူတို့နှစ်ယောက်ဟာ ရဟန်းဘဝရောက်ခဲ့ပြီး ဘုရားရှင်ထံကနေ တရားဒေသနာတော်တွေကို နာကြားရတဲ့အခါ ရှင်သာရိပုတ္တရာက ၁၅ ရက်ကြာမှ (တပို့တွဲလပြည့်နေ့) ရဟန္တာဖြစ်ရပါတယ်။ ရှင်မောဂ္ဂလာန်ကျတော့ ၇ ရက်နဲ့ (တပို့တွဲလဆန်း ၇ ရက်နေ့) ရဟန္တာ ဖြစ်ခဲ့ရပါတယ်။ သည်လိုနဲ့ ဘုရားရှင်ရဲ့ သာသနာတော်ကြီးမှာ ဝင်ရောက်လာတဲ့ သံဃာတော် အရေအတွက်တွေဟာ တစ်စထက်တစ်စ တိုးပွားလာခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)
## ပထမအကြိမ် သံဃာ့အစည်းအဝေး

ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မှာတော့ ရဟန်းတော်တွေရဲ့ အရေအတွက်က တစ်စတစ်စနဲ့ တိုးတက်များပြားလာခဲ့ပါပြီ။ သည့်အတွက် ဗုဒ္ဓဘုရားရှင်က မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့မှာပဲ တပည့်သံဃာအပေါင်းကို စည်းဝေးစေပါတယ်။ ဒါဟာ ဗုဒ္ဓဘုရားရှင် လက်ထက်အခါမှာ ပထမဆုံးအကြိမ် စည်းဝေးတဲ့ သံဃာ့အစည်းအဝေးပဲ ဖြစ်ပါတယ်။

အဲသည် အစည်းအဝေးမှာ…

"ရဟန်းတို့ တန်ခိုးကြီးမြတ်တဲ့ ငါ့ရဲ့ သာဝကရဟန်းတွေထဲမှာ မောဂ္ဂလာန်ဟာ အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပေတယ်။

ရဟန်းတို့ ပညာဉာဏ်ကြီးမြတ်ကြတဲ့ ငါ့ရဲ့ သာဝကရဟန်းတွေထဲမှာ သာရိပုတ္တရာဟာ အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မိန့်ဆိုတောဒဂ်ဘွဲ့ အပ်နှင်းပြီး ရှင်မဟာမောဂ္ဂလာန်ကို လက်ဝဲတော်ရံ သာဝက၊ ရှင်သာရိပုတ္တရာကို လက်ယာတော်ရံ သာဝကအဖြစ် အပ်နှင်းတော်မူပါတယ်။ ပြီးတော့ သံဃာတော်အပေါင်းကို ဆုံးမဩဝါဒ ပေးတော်မူပါတယ်။ အဲဒီသည် အဆုံးအမစကားကို ဩဝါဒပါတိမောက် လို့ ခေါ်ပါတယ်။ ဗုဒ္ဓဘုရားရှင်ဟာ တပည့်သံဃာတွေကို...

"ချစ်သားတို့... မြတ်သောအကျင့်ဆိုတာဟာ သည်းခံနိုင်ခဲတာကို သည်းခံခြင်းပဲ ဖြစ်ပါတယ်။ နိဗ္ဗာန်ကို မွန်မြတ်တဲ့ ချမ်းသာခြင်းရယ်လို့ ဘုရားရှင်တို့ မိန့်တော်မူခဲ့ကြတယ်။

ချစ်သားတို့... ရဟန်းမှန်ရင် သူတစ်ပါးကို မညှဉ်းဆဲရဘူး။ သူတစ်ပါးကို ညှဉ်းဆဲတဲ့သူဟာ ရဟန်းမဟုတ်ဘူး။ မကောင်းမှုကို မပြုလုပ်ကြပါနဲ့၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြပါ။ မိမိတို့ရဲ့စိတ်ကို စင်ကြယ်အောင် ထားပါ"

လို့ ဆုံးမဩဝါဒစကား ပေးတော်မူပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

## ဖူးလိုလှပေါ့ ဘုရားရှင်

ကပိလဝတ်ပြည်မှာတော့ သုဒ္ဓေါဒနမင်းကြီးအဖို့ စိတ်ထဲ မရိုးမရွဖြစ်နေခဲ့တော့တယ်။ ဘာ့ကြောင့်လဲဆိုတော့ သားတော် သိဒ္ဓတ္ထဟာ ဗုဒ္ဓဘုရားရှင် ဖြစ်သွားခဲ့တယ် မဟုတ်လား။ ဗုဒ္ဓ ဘုရားရှင်ကို အတိုင်းတိုင်း၊ အပြည်ပြည်က ကြည်ညိုကြ၊ ပင့် ဆောင်ကြ၊ ဖူးမြော်ကြဆိုတဲ့ သတင်းတွေဟာ သူ့နားထဲမှာ လျှံတောင်ထွက်နေခဲ့တယ်။ ပြီးတော့ သားတော် ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်ကို နာကြားရသူမှန်သမျှ အကျွတ်တရားတွေ ရသွား ကြတယ်ဆိုတာလည်း ကြားပြီးရင်းလည်း ကြားနေရတာယ် မဟုတ်လား။ သည်တော့ သုဒ္ဓေါဒနအဖို့ သားတော် ဘုရားရှင် ကို ဖူးတွေ့လိုစိတ်တွေဟာ ဆီးမနိုင်၊ တားမရ ဖြစ်နေရတာ အမှန်ပါ။

ဒါ့ကြောင့်လည်း အမတ်တစ်ယောက် အခြွေအရံ တစ်ထောင် ထည့်ပေးလိုက်ပြီး ဘုရားရှင်ကို ပင့်ဆောင်လာခဲ့ဖို့

www.burmeseclassic.com

www.burmeseclassic.com


ရာ စေလွှတ်တော်မူခဲ့တယ်။ ဒါပေမဲ့လည်း ဘုရားရှင်ဆီ ရောက်သွားတဲ့သူ မှန်သမျှဟာ တရားတော်ကို နာကြားပြီးတဲ့အခါ ကပိလဝတ်ပြည်ကို မပြန်ကြတော့ဘဲ ရဟန်းဖြစ်သွားကြတော့တယ်။ မင်းကြီးဟာ ၉ ကြိမ်တိုင်တိုင် စေလွှတ်ခဲ့တယ်။ စေလွှတ်ခဲ့သမျှ ၉ ကြိမ်တိုင်တိုင်ပဲ အားလုံးဟာ ရဟန်းတွေ ဖြစ်သွားကြတယ်။ မင်းကြီးဟာ ၁၀ ကြိမ်မြောက်မှာတော့ ဘုရားရှင်နဲ့ ဖွားဖက်တော်ဖြစ်တဲ့ ကာဠုဒါယီအမတ်ကို စေလွှတ်ခဲ့ပါတယ်။ စေလွှတ်ရင်းနဲ့

"အမောင်... ကာဠုဒါယီ၊ သင် ရဟန်းပြုချင်တယ်ဆိုရင် ပြုပါ။ ဒါပေမဲ့ သားတော်ကိုတော့ မရ ရအောင် ပင့်ခေါ်ခဲ့ပါကွယ်"

လို့ အမှာစကားပါးလိုက်ပါသတဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

(၃၅)

# ဇာတိမြေသို့ လမ်းအဖွင့်

သုဒ္ဓေါဒနမင်းကြီးရဲ့ စေစားမှုကြောင့် ကာဠုဒါယီဟာ နောက်လိုက်နောက်ပါတွေနဲ့အတူ ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်ကို ရောက်ခဲ့ပါတယ်။

ထုံးစံအတိုင်းပါပဲ။ ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ရပြီး တရားတော်ကို နာကြားလိုက်ရတဲ့နောက်မှာတော့ ကာဠုဒါယီနဲ့ နောက်လိုက်နောက်ပါတွေ အားလုံးဟာ ဧဟိဘိက္ခုတွေ ဖြစ်သွားခဲ့ကြပါပြီ။ အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာတွေလည်း ဖြစ်ကုန်ပါပြီ။ ဒါပေမဲ့ ကာဠုဒါယီဟာ သုဒ္ဓေါဒနမင်းကြီးရဲ့ မိန့်မှာစကားကို မေ့မသွားခဲ့ပါဘူး။ အချိန်အခါကို စောင့်နေခဲ့တာပါ။

သည်လိုနဲ့ ခရီးလမ်းပန်းသာယာတဲ့ အချိန်ကို ရောက်ရှိလာတဲ့အခါမှာတော့ သူ သီဖွဲ့ထားတဲ့ ဂါထာပေါင်း (၆၀) ကို ရွတ်ဖတ်ရင်း ဇာတိမြေ ကပိလဝတ်ပြည်ကို ကြွမြန်းပါမယ့် အကြောင်း ရှိသေစွာ လျှောက်ထားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... ယခုအခါ ဆောင်းအကုန် နွေအကူး ကြည်နူးသာယာတဲ့ အချိန်ကို ကျရောက်ခဲ့ပါပြီ။ လူအပေါင်းဆိုရင်လည်း လုပ်ခင်းကိုင်ခင်းများ ပြီးစီးလို့ ကောက်ပဲသီးနှံတွေဆိုရင် ရိတ်သိမ်းပြီးစီးခဲ့ပါပြီ။ လမ်းခရီး တစ်လျှောက်ဆိုရင်လည်း စည်မျက်နှာပြင်ကို ကြက်ထားတဲ့အလား သာယာပြေပြစ် ချောမောနေပါပြီ။ တောလမ်းတစ်ခွင်ဆိုရင် သစ်ပင်မှန်သမျှဟာ ပွင့်ဖူးဝေစည် ပုရစ်ဖူးတွေ စီရရီနဲ့ ကြည်နူးသာယာဖွယ်အတိ ရှိနေပါပြီ ဘုရား။

အရှင်ဘုရား... ဇာတိမြေ ကပိလဝတ်မှာရှိတဲ့ မိဘဆွေမျိုးအပေါင်းဟာ အရှင်ဘုရားကို ဖူးမြော်ကြည်ညို ဦးခိုက်ဖို့ရာ မျှော်လင့်စောင့်စားလျက် ရှိနေကြပါပြီ။ တရားတော်များ ချီးမြှင့်ရန်အတွက် ကြွမြန်းသင့်ပါတယ် ဘုရား"

သည်အခါမှာတော့ မြတ်စွာဘုရားရှင်ဟာ ကာဠုဒါယီမထေရ်ရဲ့ ပင့်လျှောက်ချက်ကို လက်ခံတော်မူပြီး တပေါင်းလပြည့်နေ့ ရောက်တဲ့အခါမှာတော့ ရာဇဂြိုဟ်ကနေ စတင်ထွက်ခွာပါတော့တယ်။

❖

www.burmeseclassic.com

## (၃၆)
## ရှာသွန်းပါပေါ့ ပေါက္ခရပသဿမိုး

ဗုဒ္ဓဘုရားရှင်ရဲ့ နောက်တော်ပါးမှာ လိုက်ပါလာကြတဲ့ ရဟန်းသံဃာတော်အပေါင်းဟာ နှစ်သောင်းတောင် ရှိပါတယ်။

လမ်းခရီးကို ကြွမြန်းတဲ့အခါမှာတော့ ဘုရားရှင်ဟာ တစ်နေ့ကို တစ်ယူဇနာကျပဲ ကြွမြန်းခဲ့ပါတယ်။ ဖြတ်သန်းလာတဲ့ ခရီးတစ်လျှောက်ဆိုတာ ကာဠုဒါယီ တင်လျှောက်သလိုပါပဲ။ မြက်ခင်းကလေးတွေဆိုတာ စိမ်းစိမ်းစိုစိုနဲ့ တောပန်း၊ တောင်ပန်းတွေ ဆိုတာကလည်း အရောင်မျိုးစုံ၊ ခိုင်ပန်းစုံ။ သစ်ပင်တွေမှာလည်း အသီးတွေဆိုတာ ခိုင်ညွှာပြွတ်တွဲလို့။ ရာသီဥတု အခြေအနေဆိုတာကလည်း လင်းလင်းပွင့်ပွင့်။ အင်မတန့် အင်မတန် သာယာကြည်နူးဖို့ကောင်းပြီး ရှုမငြီးနိုင်တဲ့ အမြင့် ပသာဒတွေပါပဲ။ ကာဠုဒါယီအမတ်ကနေ ရဟန်းအဖြစ်၊ ရဟန္တာအဖြစ် ကူးပြောင်းသွားပြီတဲ့ ကာဠုဒါယီမထေရ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ရာဇဂြိုဟ်ကနေ ထွက်ကြွလာတဲ့ အချိန်ကစလို့ နေ့စဉ် ကပိလဝတ်ပြည်ရှိရာကို ရှာန်အဘိညာဉ်နဲ့ ကြွပြီး သုဒ္ဓေါဒန မင်းကြီးကို "သည်ကနေ့ ဘယ်စခန်းကို ရောက်ပြီ" စသဖြင့် အကြောင်းကြားခဲ့ပါတယ်။

သုဒ္ဓေါဒနမင်းကြီးနဲ့တကွ ဆွေမျိုးဉာတကာအပေါင်းဟာ ဘုရားရှင်နဲ့တကွ ရဟန်းသံဃာတော်တွေ ကြွလာနေပြီဆိုတဲ့ သတင်းစကားကို ကြားသိရလေတော့ သိပ်ကို ပျော်ရွှင်ဝမ်း မြောက်သွားကြတယ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဆိုရင် ဗုဒ္ဓဘုရားရှင်နဲ့တကွ ရဟန်းသံဃာတော်တွေ သီတင်းသုံးနေ ထိုင်ဖို့ရာအတွက် နိဂြောဓာရုံ ဥယျာဉ်တော်မှာ ကျောင်းတော် တွေ အဆင်သင့် ဆောက်လုပ်ထားခဲ့ပါတယ်။ (ရာဇဂြိုဟ်နဲ့ ကပိလဝတ်ဆိုတာဟာ ယူဇနာ ၆၀ ကွာပါတယ်။ ဒါ့ကြောင့် နှစ်လတိတိ ကြွတော်မူခဲ့ရပြီး ကဆုန်လပြည့်နေ့ကျကာမှ ကပိ လဝတ်ပြည်ကို ရောက်တော်မူပါတယ်။)

ဗုဒ္ဓဘုရားရှင်နဲ့တကွ နောက်တော်ပါ ရဟန်းသံဃာ အပေါင်းလည်း နိဂြောဓာရုံကျောင်းတော်ရှိရာကို ကြွမြန်းရောက် ရှိခဲ့ပါပြီ။

သည်အချိန်မှာ သာကီဝင်မင်းအပေါင်းတို့ဟာ ငယ်ရွယ် တဲ့ မြို့သူမြို့သားတွေကို ရှေ့တန်းတင်စေလွှတ်ပြီး ဘုရားရှင် ကို ရှိခိုးစေပါတယ်။ သာကီဝင်မင်းမျိုးတွေဟာ မာန်မာနကြီး ကြပါတယ်။ ငါတို့ဟာ ဗုဒ္ဓဘုရားရှင်ဖြစ်လာတဲ့ သိဒ္ဓတ္ထထက် အသက်ကြီးတယ်။ သည်တော့ အသက်ကြီးတဲ့သူက အသက်

www.burmeseclassic.com

www.burmeseclassic.com



ငယ်တဲ့သူကို ရှိခိုးဖို့ရာ မထိုက်ဘူးဆိုပြီး ရှိမခိုးဘဲ ထိုင်နေကြပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ သာကီဝင်မင်းတွေရဲ့ စိတ်ထားကို သိနားလည်နေပါတယ်။

အဲဒါကြောင့်ပဲ ကောင်းကင်ထက်ကို ပျံတက်ပြီး ရေမီးအစုံတို့ ကိုယ်မှ တစ်ပြိုင်တည်း ဖြာထွက်စေတဲ့ တန်ခိုးပြာဋိဟာကို ပြတော်မူပါတယ်။ အဲသည် တန်ခိုးပြာဋိဟာတွေ တွေ့မြင်ရတဲ့အခါ သုဒ္ဓေါဒနမင်းကြီးဟာ မနေနိုင်တော့ပါဘူး။ လက်အုပ်ချီမိုး ကိုယ်တော်တိုင် ရှိခိုးပြီး...

"သားတော် မြတ်စွာဘုရား၊ သားတော် မြတ်စွာဘုရား...

သားတော် မွေးဖွားစဉ်က တစ်ကြိမ်၊ လယ်ထွန်မင်္ဂလာပြုစဉ်က တစ်ကြိမ်၊ သားတော်ကို ဖခမည်းတော်က ရှိခိုးခဲ့ဖူးပါတယ်။ ယခုအကြိမ်ဟာ တတိယမြောက်ရှိခိုးပူဇော်ခြင်း ဖြစ်ပါတယ်ဘုရား"

ရယ်လို့ လျှောက်ထားတော်မူပါတယ်။ သည်တော့မှ သာကီဝင် ဆွေတော်မျိုးတော်တို့အားလုံးဟာ ဗုဒ္ဓဘုရားရှင်ကို ရှိခိုးကြပါတော့တယ်။

သည်အခါ ဗုဒ္ဓဘုရားရှင်ဟာ ကောင်းကင်ထက်က ဆင်းသက်ပြီး ပေါက္ခရဝဿမိုးကြီးကို ရွာချစေပါတော့တယ်။ ပေါက္ခရဝဿမိုးရဲ့ ထူးခြားချက်ကတော့ စွတ်စိုလိုသူတွေကိုသာ စွတ်စိုစေပြီး မစွတ်စိုချင်သူတွေကျတော့ မစွတ်စိုစေပါဘူး။ သည်လို

www.burmeseclassic.com

www.burmeseclassic.com




မျိုး ထူးဆန်းလှတဲ့ မိုးကြီးကို ရွာချစေလို့လည်း သာကီဝင် ဆွေတော်မျိုးတော်အပေါင်းတို့ဟာ တအံ့တသြ ဖြစ်နေကြတော့ တယ်။

တအံ့တသြ ဖြစ်ကြရုံသာမက တန်ခိုးတော်နဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဘုရားရှင်ကိုလည်း ရိုသေညွှတ်တွား ကြည်ညိုလာခဲ့ကြပါ တယ်။

သည်အချိန်မှာ မြတ်စွာဘုရားရှင်ဟာ "ဝေဿန္တရာ ဇာတ်တော်" ကို ဟောကြားတော်မူပါတယ်။ သာကီဝင် ဆွေတော်မျိုးတော်အပေါင်းဟာ တရားနာပြီးတဲ့အခါမှာ အသျှို့အသျှို့ ပြန်သွားကြပေမဲ့ ဘုရားရှင်ကို ဘယ်သူမှ ဆွမ်းစားမပင့်ခဲ့ကြပါဘူး။

ဘုရားရှင်ကတော့ ခတ်မဆိတ် စံနေမြဲပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၃၇)
## ဆွမ်းခံခြင်းဆိုသည်မှာ

နေ့သစ်တစ်ခုသို့ ကူးခဲ့ပါပြီ။

နံနက်စောစောမှာပဲ ဗုဒ္ဓဘုရားရှင် ဦးဆောင်လို့ နောက်ပါ ရဟန်းသံဃာ နှစ်သောင်းတို့ဟာ ကပိလဝတ်မြို့ထဲကို လှည့်လည်စီတန်းလို့ ဆွမ်းခံထွက်လာခဲ့ကြပါပြီ။

သည်လိုမျိုး မြင်ကွင်းကို မမြင်ဖူး၊ မတွေ့ဖူးကြတဲ့ ကပိလဝတ် ပြည်သူပြည်သား၊ မြို့သူမြို့သားတွေဟာ အံ့အားတသင့်ဖြစ်နေကြတော့တယ်။ ဗုဒ္ဓဘုရားရှင်နဲ့တကွ ရဟန်းသံဃာတော်အပေါင်းဟာ အိမ်ပေါက်စေ့ ဆွမ်းခံရပ်ပေမယ့် ဘယ်သူမှ ထွက်ပြီး ဆွမ်းမလောင်းဝံ့ကြပါဘူး။ သည်သတင်းဟာ ခဏကလေးနဲ့ ပျံ့နှံ့သွားလိုက်တာ နောက်ဆုံး နန်းတော်ထဲကို ရောက်ရှိသွားပါတယ်။

ယသော်ဓရာမိဖုရားဟာ သည်သတင်းကို ကြားသိရတဲ့အခါ သားတော်လေး ရာဟုလာရဲ့ လက်ကိုဆွဲလို့ အဆောင်တော် လေသာနန်းတံခါးကနေပြီး လှမ်းမျှော်ရှုစားနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒနမင်းကြီးဟာ ဗုဒ္ဓဘုရားရှင် မြို့တွင်းကို လှည့်လည် ဆွမ်းခံနေတဲ့သတင်းကို ကြားသိရတော့ အရှက်ကြီးရှက်ပြီး နန်းဆောင်ကနေ လမ်းမရှိရာ ပြေးထွက်လို့ သားတော်ကို တားမြစ်ပါတော့တယ်။ ဗုဒ္ဓဘုရားရှင်သားတော်ကို တွေ့မြင်လိုက်ရရင်ပဲ…

"သားတော်ဘုရား… သားတော်ဘုရား…
ခမည်းတော်ရဲ့အရှက်ကို ဘာ့ကြောင့်များ ခွဲလိုက်တာပါလဲ ဘုရား… ခမည်းတော်ဟာ သည်မျှလောက် အရေအတွက်ရှိတဲ့ သံဃာတော်တွေကို ဆွမ်းမလုပ်ကျွေးနိုင်ဘူးလို့ ထင်နေပါသလား"

ဆိုပြီး လျှောက်ထားလိုက်ပါတယ်။ သည်အခါ ဘုရားရှင်က…

"ခမည်းတော်မင်းကြီး… ဆွမ်းခံခြင်းဆိုတာဟာ ရဟန်းသံဃာတွေရဲ့ ကျင့်ဝတ်အလေ့ပဲ ဖြစ်ပါတယ်"

လို့ ဖြေကြားပြီး ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူပါတယ်။ ဂါထာတော် ပြီးဆုံးသွားတယ်ဆိုရင်ပဲ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သောတာပန် တည်သွားပါတော့တယ်။

"အရှင်ဘုရား… တပည့်တော်ရဲ့ နန်းတော်ရှိရာသို့ ဆွမ်းစားကြွတော်မူပါဘုရား"

သည်လိုမျိုး ပင့်ဆောင်လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင်ဟာ နောက်ပါသံဃာအပေါင်း ခြံရံလို့ နန်းတော်ရှိရာကို လှမ်းကြွသွားတော်မူခဲ့ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

## သစ္စာမျက်ဖျော် ယသော်ဓရာ

ဗုဒ္ဓဘုရားရှင် နန်းတွင်းကို ကြွလာတော့ နန်းတွင်းသူ၊ နန်းတွင်းသားအားလုံးဟာ ဘုရားရှင်ကို ကြည်ညို့စွာ ဦးခိုက် ပူဇော်ကြပါတယ်။ ဒါပေမဲ့လည်း အလောင်းတော် သိဒ္ဓတ္ထ မင်းသားဘဝတုန်းက ကြင်ဖက်သက်လျာဖြစ်ခဲ့တဲ့ ယသော်ဓရာ ကတော့ စံမြန်းရာအဆောင်ကနေ ထွက်မလာခဲ့ပါဘူး။ သည် တော့ နန်းတွင်းသူ၊ နန်းတွင်းသားအပေါင်းဟာ စံမြန်းဆောင် ရှိရာသွားပြီး ယသော်ဓရာကို ပင့်ဆောင်ကြပါတယ်။

"သခင်မ... ဘုရားရှင်ကို ဖူးမြော်ဖို့ရာ ကြွတော် မူပါ"

"သခင်မရဲ့ ကျေးဇူးဂုဏ်ကို ထောက်မျှော်သနား တော်မူရင် ဘုရားရှင်ကိုယ်တော်တိုင် သခင်မရဲ့ အဆောင် တော်ကို ကြွမြန်းလာပါလိမ့်မယ်။ အဲသည်အခါကျမှပဲ ပူဇော်ပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်းကို သိတော့ ဗုဒ္ဓဘုရားရှင်ဟာ မိမိရဲ့ သပိတ်တော်ကို ခမည်းတော်မင်းကြီးရဲ့လက်ထဲ ပေးလိုက်ပါတယ်။ ပြီးတော့...

"ချစ်သား သာရိပုတ္တရာနဲ့ မောဂ္ဂလာန်.... ငါဘုရားရှင်နဲ့အတူ လိုက်ခဲ့ပါ"

လို့ မိန့်တော်မူပြီး ယသော်ဓရာနန်းဆောင်ရှိရာကို လှမ်းကြွတော်မူခဲ့ပါတယ်။ နန်းဆောင်ကိုရောက်တော့ အသင့်စောင့်မျှော်နေတဲ့ ယသော်ဓရာကို တွေ့လိုက်ရပါတော့လား။ သည်အခါ ယသော်ဓရာလည်း စိတ်မတင်းနိုင်ရှာတော့ပါဘူး။ ဘုရားရှင်ရဲ့ ခြေတော်အစုံကို နုထွေးအိညက်နေတဲ့ ပါးပြင်နှစ်ဖက်အပ်ပြီး ရှိုက်ကြီးတငင်ငိုကြွေးရင်း အထပ်ထပ်အခါခါ ရှိခိုးဖူးမြော်ပါတော့တယ်။

သည်အခါကျတော့ ခမည်းတော်မင်းကြီးလည်း မနေသာတော့ပါဘူး။ ချွေးမတော် ယသော်ဓရာရဲ့ ဂုဏ်ကျေးဇူးတွေကို ထုတ်ဖော်လျှောက်ထားပါတော့တယ်။

"သားတော်ဘုရား...

ချွေးမတော် ယသော်ဓရာဟာ သစ္စာတရား အလွန်ကြီးမားတော်မူပြီး သားတော်ဘုရားရှင်အပေါ် လွန်စွာမှ ချစ်ကြင်မြတ်နိုးသူ ဖြစ်ပါတယ်။ သားတော်ဘုရားဟာ ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်နေပြီဆိုတာ ကြားရတဲ့အခါ ချွေးမတော်ဟာလည်း ဖန်ရည်စွန်းတဲ့ အဝတ်ကိုသာ ဝတ်ဆင်ပါတော့တယ်။ သားဘုရားဟာ ဆွမ်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပဲ စားတယ်လို့ ကြားရတဲ့အခါမှာလည်း ချွေးမတော်ဟာလည်း တစ်ထပ်သာပဲ စားပါတော့တယ်။

သားတော်ဘုရား…

သားတော်ဘုရားဟာ မြတ်တဲ့နေရာကို ပယ်တယ်ဆိုရင် ချွေးမတော်ဟာလည်း နိမ့်တဲ့ ညောင်စောင်းမှာပဲ အိပ်ပါတော့တယ်။ သားတော်ဘုရားဟာ ပန်းနံ့သာတွေကို ပယ်တယ်ဆိုရင် ချွေးမတော်ဟာလည်း ပန်းနံ့သာတွေကို ပယ်စွန့်ပါတယ်"

ခမည်းတော်မင်းကြီးရဲ့ လျှောက်ထားချက်အပြီးမှာတော့ ဗုဒ္ဓဘုရားရှင်လည်း ယသော်ဓရာကို တရားချပြီး ယသော်ဓရာရဲ့ အဆောင်တော်မှာပဲ စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူပါတယ်။ အဲသည်ဇာတ်တော်ရဲ့ အကြောင်းခြင်းရာကတော့ မိမိနဲ့ ယသော်ဓရာတို့ ရှေးရှေးဘဝ ကိန္နရာမျိုးမှာ ဖြစ်ခဲ့စဉ် ယသော်ဓရာလောင်း စန္ဒကိန္နရီဟာ မိမိအပေါ် ဘယ်ကလောက်တောင် ချစ်ခင်မြတ်နိုးခဲ့တာကို သာဓကပြတဲ့ အကြောင်းပါပဲ။

သည့်နောက်မှာတော့ ဗုဒ္ဓဘုရားရှင် အမှူးပြုတဲ့ သံဃာတော်အပေါင်းဟာ နိဂြောဓာရုံကျောင်းတော်ကို ပြန်လည် ကြွမြန်းတော်မူခဲ့ကြပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၉)

## ညီတော်မင်းနန်ချွတ်ခန်း

ဗုဒ္ဓဘုရားရှင် ကပိလဝတ်ကို ရောက်ရှိပြီး တတိယမြောက်နေ့ ဖြစ်ပါတယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သားတော် နန္ဒမင်းသားကို အိမ်ရှေ့မင်းအရာ အပ်နှင်းဖို့ရာအတွက် သမီးတော် ဇနပဒကလျာဏီနဲ့ ထိမ်းမြားလက်ထပ်ပေးဖို့ရာ စီမံတော်မူပါတယ်။ (နန္ဒမင်းသားကို ညီတော်မင်းနန်လို့လည်း ခေါ်ကြပါသေးတယ်။)

သည်တော့ အဲသည် ထိမ်းမြားလက်ထပ်ပွဲအတွက် ခမည်းတော်မင်းကြီးက ခမ်းနားကြီးကျယ်လှတဲ့ မင်္ဂလာမဏ္ဍပ်ကြီးကို ဆောက်လုပ်ကျင်းပပေးတာပေါ့။ အဲသည် မင်္ဂလာပွဲရှိရာကို ဗုဒ္ဓဘုရားရှင်ဟာ ဆွမ်းခံကြွပြီး တရားဒေသနာတော်တွေကို ဟောကြားခဲ့ပါတယ်။ တရားပွဲအပြီးမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ...

www.burmeseclassic.com

www.burmeseclassic.com



"ညီတော်မင်းနန်း... ငါ့ရဲ့ဆွမ်းသပိတ်ကို ထမ်းလို့ ကျောင်းတော်ရှိရာ လိုက်ခဲ့ချေ"

လို့ မိန့်ကြားတော်မူပါတယ်။ ညီတော်မင်းနန်းလည်း နောင်တော်ဖြစ်တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ အမိန့်ကို မလွန်ဆန်ဝံ့တာကြောင့် သပိတ်ကိုထမ်းလို့ ကျောင်းတော်ရှိရာ လိုက်ခဲ့တာပေါ့။ စိတ်ထဲမှာတော့ ဇနပဒကလျာဏီ မင်းသမီးလေးနဲ့ မခွဲခွာရက်ပါဘူး။

ကျောင်းတော်ကိုရောက်တော့ ဘုရားရှင်ဟာ ညီတော်မင်းနန်းကို ရဟန်းဝတ်ပေးပါတယ်။ ညီတော်မင်းနန်းဟာ နောင်တော့်ကို ကြောက်လို့သာ ရဟန်းဝတ်ရပေမယ့် မပျော်ပိုက်ပါဘူး။ သည်တော့ ဘုရားရှင်က တရားပြပါတယ်။ မျောက်မ၊ ဇနပဒကလျာဏီမင်းသမီးနဲ့ နတ်သမီးတို့ရဲ့အလှကို နှိုင်းယှဉ်ပြတယ်။ ညီတော်မင်းနန်းဟာ နတ်သမီးတွေရဲ့ အလှကို မက်မောစိတ်နဲ့ တရားကျင့်ခဲ့ရာက နောက်ဆုံးမှာ သံဝေဂရပြီး ရဟန္တာဘာဝကို တက်လှမ်းနိုင်ခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၄၀)

## အမွေတောင်းတဲ့ ရာဟုလာ

ခုနစ်ရက်ပြည့်မြောက်တဲ့နေ့မှာတော့ သားတော်ကလေး ရာဟုလာဟာ အထိန်းတော်တွေနဲ့ ဗုဒ္ဓဘုရားရှင်ထံသို့ ရောက် လာခဲ့ပါတယ်။ ဒါဟာလည်း မိခင်ဖြစ်တဲ့ ယသော်ဓရာက စေ လွှတ်တော်မူလို့ပါ။ သားတော် ရာဟုလာကလေးဟာ ဖခင် ဘုရားရှင်နဲ့တွေ့တော့ မိခင် သင်ပေးထားတဲ့အတိုင်း–

"ဖခမည်းတော် သားတော်ကို အမွေပေးတော် မူပါ"

လို့ တီတီတာတာနဲ့ ထပ်ခါထပ်ခါ အမွေတောင်းခံပါ တော့တယ်။ သည်အခါ ဗုဒ္ဓဘုရားရှင်က ဆွမ်းစားပြီးလို့ ကျောင်း သခ်မ်းရှိရာ ပြန်ကြွတဲ့တိုင်အောင် သက်န်းစဆွဲပြီး လိုက်ပါရင်း သနားစဖွယ် အမွေတောင်းခံနေလေတော့...

"ကောင်းပြီ သားတော်၊ သားတော်ကို အမွေပေး ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မိန့်ဆိုပါတယ်။ သည့်နောက် လက်ယာတော်ရဲ့ သာဝကကြီး ဖြစ်တဲ့ ရှင်သာရိပုတ္တရာထံ အပ်နှံလိုက်ပြီး ရှင်သာမဏေ ပြုပေးလိုက်ပါတယ်။ သည်အဖြစ်ကိုကြားတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ စိတ်နှလုံး မသာမယာဖြစ်ပြီး...

"သားတော်ဘုရား... အမိအဖတို့ ခွင့်မပြုတဲ့ သားသမီးကို သာသနာ့ဘောင်သို့ အတင်းအကြပ် သွတ်သွင်းခြင်းကို မပြုသင့်ပါ"

လို့ လျှောက်ထားပါတယ်။ သည်အခါ ဗုဒ္ဓဘုရားရှင်လည်း...

"ကောင်းပေပြီ ခမည်းတော်၊ ခမည်းတော်ရဲ့ ဆန္ဒအတိုင်း နောင်အခါမှာ ပညတ်တော်မူပါ့မယ်"

လို့ မိန့်ကြားလိုက်ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၄၁)
## ရဟန်းပြုဖို့ လာကြသည်

ဗုဒ္ဓဘုရားရှင်က ဝါဆိုရတော့မယ့်အချိန် နီးကပ်လာတဲ့ အခါ နောက်တော်ပါ သံဃာအပေါင်းခြံရံပြီး ကပိလဝတ်ကနေ ရာဇဂြိုဟ်ပြည်ကို ပြန်လည် ကြွမြန်းခဲ့ပါတယ်။ ဘုရားရှင်နဲ့ အတူ ညီတော် နန္ဒရဟန်းနဲ့ သားတော် ရာဟုလာ သာမဏေ လည်း နောက်တော်ပါးကနေ လိုက်ပါသွားခဲ့ကြပါတယ်။

သည်လိုနဲ့ ရာဇဂြိုဟ်ပြည်ကို ရောက်ခါနီး အနုပိယ သရက်ဥယျာဉ်ကြီးရှိရာ ရောက်တော့ သာကီဝင်မင်းတွေ ဖြစ် ကြတဲ့ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်နဲ့ ဆတ္တာသည်ဥပါလိတို့ဟာ ရဟန်းပြုလိုကြပါတယ်ဆိုပြီး ဘုရား ရှင်ထံ ရောက်ရှိလျှောက်ထားကြပါတယ်။

အဲသည် သာကီဝင်မင်းသားတွေဆိုတာဟာ ဗုဒ္ဓဘုရားရှင် ရဲ့ တစ်ဝမ်းကွဲ ညီအစ်ကိုတွေ ဖြစ်ကြပါတယ်။ သူတို့အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အာနန္ဒာဟာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ ညီတော် အမိတောဒနရဲ့ သားတော်ဖြစ်ပြီး နောင်အခါမှာ ဘုရားရှင်ကို အလုပ်အကျွေးပြုသူ ဖြစ်လာပါတယ်။ ဒေဝဒတ်ဆိုတာကတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ ညီမထွေးဖြစ်သူ အမိတ္တာရဲ့ သားတော်ဖြစ်ပါတယ်။ ယသော်ဓရာနဲ့ မောင်နှမအရင်း တော် စပ်ပြီး ဗုဒ္ဓဘုရားရှင်ရဲ့ ယောက်ဖတော်ဖြစ်တာနဲ့အမျှ နောင် အခါ ဗုဒ္ဓဘုရားရှင်ကို အသက်အန္တရာယ်ပြုမူမယ့်သူ ဖြစ်ပါ တယ်။

ဗုဒ္ဓဘုရားရှင်ဟာ ဆတ္တာသည် ဥပါလိနဲ့ ညီတော်မင်းသား တွေကို ရဟန်းပြုပေးပြီးတဲ့နောက် ရာဇဂြိုဟ်ကို ဆက်လက် ကြွမြန်းလာခဲ့ပါတယ်။

ရာဇဂြိုဟ်ပြည်ကိုရောက်တော့ ဗိမ္ဗိသာရမင်းကြီး ဆောက် လုပ်လှူဒါန်းထားတဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးပါ တယ်။

အဲသည်တုန်းမှာပဲ မဂရောဇ်တိုင်း မဟာတိတ္ထရွာက "ရှင် မဟာကဿပ (ဝိပ္ပလိ)"၊ အဝန္တီတိုင်း ဥဇ္ဇေနီပြည်က "ရှင် မဟာကစ္စည်း"၊ ကုရုတိုင်း ထုလ္လကောဋ္ဌိနိဂုံးက "ရှင်ရဋ္ဌပါလ"၊ ရာဇဂြိုဟ်ပြည်က "ရှင်ပိဏ္ဍောလ"၊ "ရှင်မဟာပန်"၊ "ရှင်စူဠ ပန်" နဲ့ ကာလစမ္ပာနဂိုရ်က "အရှင်သောဏ" တို့ ရောက်ရှိ လာကြပြီး ဗုဒ္ဓဘုရားရှင်ထံမှာ ရဟန်းပြုခဲ့ကြပါတယ်။ အမျိုး ကောင်းသားတွေ ဖြစ်ကြတဲ့ သူတို့အားလုံးကို ဗုဒ္ဓဘုရားရှင်ဟာ ရဟန်းပြုပေးတော်မူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အချိန်ကာလဆိုတာ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်ကြီး အထူးစည်ပင်ပြန့်ပွားနေတဲ့ ကာလပဲဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ သံဃာအဖွဲ့ကြီးဆိုတာဟာလည်း ကြီးမားကျယ်ပြန့်မဆုံး ဖြစ်လာတာပဲပေါ့။ ဗုဒ္ဓဘုရားရှင်ရဲ့ တပည့်သံဃာတော်တွေဟာ မြို့ရွာဇနပုဒ်တွေရှိရာ ကြွမြန်းသွားကြပြီး ဘုရားရှင်ရဲ့ သာသနာတော် အဆုံးအမတွေကို ဟောကြားဖြန့်ဖြူးလျက် ရှိကြပါတယ်။

အဲသည်အတွက်ကြောင့်ပဲ သာသနာတော်ကို ခိုလှုံလာကြတဲ့ ပုဂ္ဂိုလ်အမြောက်အမြားဟာ တိုးပွားသည်ထက် တိုးပွားလာကြတယ်။ လူပေါင်းများစွာတို့ဟာလည်း ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး ခုမှပဲ အစစ်အမှန်အခြေအနေကို ရောက်ပြီလို့ ဆိုကြရင်း ဝမ်းမြောက်ဝမ်းသာ ရှိနေကြပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၄၂)

## အနာထပိဏ်ရဲ့ဇေတဝန်

တစ်နေ့မှာတော့ အနာထပိဏ်သူဌေးဟာ သူနေထိုင်တဲ့ သာဝတ္ထိပြည်ကနေ အကြောင်းကိစ္စတစ်ခုနဲ့ ရာဇဂြိုဟ်ကို ခေတ္တ ရောက်လာခဲ့ပါတယ်။ ရောက်လျှင်ရောက်ချင်းမှာပဲ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေတဲ့ ဗုဒ္ဓဘုရားရှင်ကို သွားရောက် ဖူးမြော်ခဲ့ရာမှာ ပါရမီရှင့်သန်တဲ့သူ ဖြစ်တာကြောင့် တရားထူး ကို ရသွားပါတော့တယ်။

သည့်အတွက် အနာထပိဏ်သူဌေးဟာ ဗုဒ္ဓဘုရားရှင်ကို အလွန်အမင်း ကြည်ညိုသွားခဲ့တယ်။

ဒါနဲ့ပဲ သူ့နေရင်း သာဝတ္ထိပြည်ကို ပြန်ရောက်တဲ့အခါ ကြီးကျယ်ထင်ရှားတဲ့ ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းဖို့ရာ စိတ်အားထက်သန်လာခဲ့ပါသတဲ့။ အဲဒါကြောင့်ပဲ ကျောင်းတော်ဆောက်လုပ်ဖို့ မြေနေရာ ရှာဖွေတဲ့အခါ ဇေတ မင်းသား ပိုင်ဆိုင်တဲ့ ဥယျာဉ်မြေကွက်ကို တွေ့ရှိပြီး သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျသွားခဲ့ပါတယ်။ ဒါနဲ့ ဧတမင်းသားနဲ့ တွေ့ဆုံညှိနှိုင်းပြီး ဧတမင်းသား တောင်းဆိုတဲ့အတိုင်း မြေကွက်အကျယ်ရှိသမျှ ငွေဒင်္ဂါးချင်း ထိစပ်အောင် ခင်းကျင်းလိုက်တဲ့အခါ တန်ဖိုးငွေ ၁၈ ကုဋေကျသွားပြီး ဝယ်ယူခဲ့ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်ပါတော့တယ်။

ကျောင်းတော်ကြီး ပြီးမြောက်တဲ့အခါ အဲသည် ကျောင်းတော်ကြီးဟာ "ဧတဝန်ကျောင်းတော်ကြီး" အဖြစ် ထင်ရှားလာပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၄၃)

# နတ်သားအတွက် အဖြေစကား

ဗုဒ္ဓဘုရားရှင်ဟာ သာဝတ္ထိပြည်က အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ စမ္မယ်သီတင်းသုံး နေထိုင်တော်မူစဉ်က ဖြစ်ပါတယ်။

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင် စံနေတော်မူရာကို နတ်သား တစ်ပါးရောက်လာပြီး…

"အရှင်ဘုရား… ဘယ်တရားဟာဖြင့် အိုတဲ့ထိ တိုင် ကောင်းပါသလဲ။ ဘယ်တရားဟာဖြင့် တည်ရှိနေမယ်ဆိုရင် ကောင်းပါသလဲ။ ဒါ့အပြင် ဘယ်တရားဟာ လူတို့ရဲ့ ရတနာမည်ပါသလဲ။ နောက်ဆုံးသိချင်တာက ဘယ်တရားကို ခိုးသူတို့ ခိုးယူခြင်းငှာ မစွမ်းပါသလဲ။ ဖြေကြားပေးတော်မူပါဘုရား…"

လို့ လျှောက်ထားခဲ့ပါတယ်။ သည်တော့ ဗုဒ္ဓဘုရားရှင် က…

www.burmeseclassic.com

www.burmeseclassic.com



"အချင်းနတ်သား၊ အကျင့်သီလဆိုတာဟာ အိုတဲ့ထိတိုင် ကောင်းတဲ့တရား ဖြစ်ပါတယ်။ ယုံကြည်မှုသဒ္ဓါတရားဆိုတာ တည်ရှိနေမယ်ဆိုရင် ကောင်းပါတယ်။ ပညာဆိုတဲ့ တရားဟာ လူတို့ရဲ့ ရတနာမည်ပါတယ်။ နောက်ဆုံး ကောင်းမှုဆိုတဲ့တရားကတော့ဖြင့် ဘယ်ခိုးသူတို့မှ မခိုးယူနိုင်ပါဘူး"

လို့ ဖြေကြားတော်မူပါတယ်။

နတ်သားလည်း ဝမ်းသာပီတိဖြစ်စွာနဲ့ ဘုရားရှင်ကို ကြည်ညိုစွာ ဖူးမြော်ပြီး နတ်ပြည်ရှိရာ ပြန်သွားခဲ့ပါသတဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၄၄)
## ရောဟိဏီအတွက် အရေးအခင်း

ဗုဒ္ဓဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။

အဲသည်ကာလမှာ ကပိလဝတ်က ပြည်သူတွေနဲ့ ကောလိယ က ပြည်သူတွေဟာ နှစ်ပြည်ထောင်အကြားမှာရှိတဲ့ ရောဟိဏီမြစ်ရေကို စိုက်ပျိုးရေးအတွက် ခွဲဝေသုံးစွဲဖို့ရာ အဝေမတည့် ဖြစ်ခဲ့ကြပါသတဲ့။ တစ်ဖက်နဲ့တစ်ဖက် စကားတွေများ၊ ငြင်းခုန်ကြရင်း ဒေါသတွေ မတားဆီးနိုင် ဖြစ်လာကြပြီး နောက်ဆုံးမှာတော့ နှစ်ပြည်ထောင်မင်းတို့ဟာ တစ်ဖက်နဲ့တစ်ဖက် စစ်တပ်ကြီးတွေကိုယ်စီနဲ့ ချီတက်လာခဲ့ကြပါလေရော။ ပြီးတော့ ခုတ်မယ်၊ ထစ်မယ်၊ သတ်မယ်၊ ဖြတ်မယ်နဲ့ ဆူပူအော်ဟစ်နေကြတယ်။

ဒါကို ကြားသိရတော့ ဗုဒ္ဓဘုရားရှင်ဟာ အဲသည်နေရာကို ထွက်ကြွတော်မူလာခဲ့ပါတယ်။ အခင်းဖြစ်ပွားနေကြတဲ့ နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အခါ နှစ်ဖက်စစ်တပ်ရဲ့အလယ် သဲသောင်ပြင်ပေါ်မှာ ထက်ဝယ် ဖွဲ့ခွေထိုင်တော်မူရင်း ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားပါတယ်။

"မြတ်သော မင်းအပေါင်းတို့...

သင်တို့ဟာ အနည်းငယ်မျှလောက်သာ အဖိုးထိုက်တန်တဲ့ ရေကလေးအတွက်နဲ့ ဘာကြောင့်များ အဖိုးထိုက်တန်တဲ့ အသက်သွေးတွေကို အဆုံးရှုံးခံကြမှာတဲ့လဲ။ ခိုက်ရန်ဖြစ်ပွားခြင်းဖြင့် ငြိမ်းချမ်းသာယာမှုကို မဖျက်ဆီးသင့်ပေဘူး"

လို့ မိန့်ဆိုဆုံးမတော်မူခဲ့ပါတယ်။ ရန်စစ်မီးကို ငြိမ်းပေးတော်မူခဲ့ပါတယ်။

အဲဒါနဲ့ပဲ နှစ်ပြည်ထောင်မင်းတို့ဟာ အသိတရားတွေ ဝင်လာကြပြီး ရန်စစ်မီးကို ငြိမ်းအေးလိုက်ကြပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)
## ရတနသုတ်၏ တန်ခိုးတော်

ဝေသာလီပြည်ဆိုတာ လိစ္ဆဝီမင်းတို့ အုပ်ချုပ်တဲ့ တိုင်းပြည်ပါ။

တစ်နေ့မှာတော့ ဝေသာလီပြည်ကို ရောဂါကပ်ဆိုးတွေ ကျရောက်လာခဲ့ပါသတဲ့။

အဲဒါကြောင့် ကနဦးမှာတော့ လိစ္ဆဝီမင်းတွေဟာ အားကိုးရာရှာတဲ့အနေနဲ့ နတ်တွေကို ပူဇော်ပသကြပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုမှ အကြောင်းထူးမလာခဲ့ပါဘူး။ အဲသည်လိုအနေအထားမျိုးဖြစ်နေချိန်မှာ တချို့က တိတ္ထိဆရာကြီးတွေကို ပင့်ဖို့ အကြံပြုကြပါတယ်။ တချို့ကျပြန်တော့လည်း ဗုဒ္ဓဘုရားရှင်ကို ပင့်ဆောင်ဖို့ရာ အကြံပေးပြန်ပါတယ်။ အဲသလို ဝိဝါဒကွဲနေကြတုန်း နောက်ဆုံးမှာတော့ ဗုဒ္ဓဘုရားရှင်ကို ပင့်ဆောင်ဖို့ရာ တစ်ပြေးညီ သဘောတူကြတဲ့အတွက် ရာဇဂြိုဟ်ပြည်ကို သွားရောက်ပင့်ဆောင်ကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင်ဟာ သတ္တဝါတွေရဲ့ ဘေးဒုက္ခတွေကို ကယ်တင်ဖို့ရာကိစ္စ ဖြစ်နေတာမို့ နောက်ပါသံဃာတော်တွေနဲ့အတူ ဝေသာလီပြည်ကို ကြွချီပါတော့တယ်။ ဝေသာလီပြည်ကို ရောက်တဲ့အခါမှာတော့ "ဘုရား၊ တရား၊ သံဃာ" ဆိုတဲ့ ရတနာသုံးပါးဂုဏ် ဖော်ကျူးလို့ သစ္စာဆိုတဲ့ "ရတနသုတ်ပရိတ်တော်" ကို ရှင်အာနန္ဒာကို သင်ပေးတော်မူပါတယ်။ ပြီးတော့ မြို့ကို ပတ်စေပြီး တစ်ညလုံး ရွတ်ဆိုသရဇ္ဈာယ်စေခဲ့ပါတယ်။

ရတနသုတ်ပရိတ်တော်ရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဝေသာလီပြည်အပေါ် ကျရောက်နေတဲ့ ကပ်ရောဂါဘေးဆိုးအန္တရာယ်ကနေ ကင်းလွတ်သွားခဲ့ပါတယ်။

အဲသည်နောက်မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်မှာ (၁၅) ရက်ခန့် သီတင်းသုံးနေထိုင်တော်မူခဲ့ပြီး ရာဇဂြိုဟ်ပြည်ကို ပြန်ကြွတော်မူခဲ့ပါတယ်။ (မဟာသက္ကရာဇ် ၁၀၆ ခုနှစ်မှာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်မှာ စတုတ္ထဝါဆိုတော်မူခဲ့ပါတယ်)

❖

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

## သုဒ္ဓေါဒနမင်း၏ နောက်ဆုံးနေ့

မဟာသက္ကရာဇ် ၁၀၆ ခုနှစ်၊ ဝါကျွတ်ကာလ ရောက်တဲ့အခါ ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်ကို ဒေသစာရီ ကြွချီတော်မူပြန်ပါတယ်။ ဝေသာလီပြည်အနီး မဟာဝုန်တောကြီးအတွင်းကို ရောက်တော်မူတဲ့အခါ စုလစ်မွမ်းချွန် အထွတ်တပ်ထားတဲ့ ပြာသာဒ်ဇရပ်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ ဒါကို ဝေသာလီပြည်က လိစ္ဆဝီမင်းတို့ သိတဲ့အခါ ဗုဒ္ဓဘုရားရှင်ထံ ချဉ်းကပ်ပြီး...

"ယခုနှစ် တပည့်တော်တို့ရဲ့ ဝေသာလီပြည်မှာ ဝါဆိုသီတင်းသုံးတော်မူပါ ဘုရား"

လို့ လျှောက်ထားကြပါတယ်။ အဲဒါကြောင့်ပဲ ဗုဒ္ဓဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၀၇ ခုနှစ်မှာ မဟာဝုန်တောအုပ်အတွင်း ပြာသာဒ်ဆောင်ဖြစ်တဲ့ ဇရပ်မှာ ပဥ္စမဝါဆိုတော်မူခဲ့ပါတယ်။ အဲသည်ကာလမှာပဲ ကပိလဝတ်ပြည်က မင်းသား ၂၅၀

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကောလိယပြည်က မင်းသား ၂၅၀၊ စုစုပေါင်း မင်းသား ၅၀၀ တို့ကို နှစ်ပြည်ထောင်မင်းတွေက ဗုဒ္ဓဘုရားရှင်ထံမှာ အပ်နှံပြီး ရဟန်းပြုစေခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်အနီး မဟာဝုန်တောမှာ သီတင်းသုံးနေတုန်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အသည်းအသန် နာမကျန်းဖြစ်နေတဲ့အကြောင်း လာရောက် လျှောက်တင်ကြတဲ့အတွက် ဗုဒ္ဓဘုရားရှင်ဟာ နောက်ပါသံဃာတော် ၅၀၀ နဲ့အတူ ကပိလဝတ်နေပြည်တော်ကို ကြွတော်မူခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင် ရောက်ရှိတော်မူပြီး သုံးရက်မြောက်တဲ့နေ့မှာ ခမည်းတော်မင်းကြီးဟာ လူဝတ်ကြောင်ဘဝနဲ့ပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်ခဲ့ပါတော့တယ်။ (ခမည်းတော်မင်းကြီးဟာ ဗုဒ္ဓဘုရားရှင် အဦးဆုံး ကပိလဝတ်ကို ကြွသွားတဲ့အခါမှာ သကဒါဂါမိ တည်ပြီးဖြစ်ပါတယ်။ သကဒါဂါမိ ဆိုတာကတော့ ကာမဘုံရှိရာကို တစ်ကြိမ်သာ ပြန်လာရတဲ့ ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ရပါတယ်)

❖

www.burmeseclassic.com

www.burmeseclassic.com

## (၄၇)
## ဝမ်းနည်းစွာနဲ့ ဂေါတမီ

ဂေါတမီဆိုတာဟာ ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူခါစ ကပဲ နို့ချိုတိုက်ကျွေး စောင့်ရှောက်ခဲ့တဲ့ မိခင်ရင်းနဲ့မခြားသူ မိထွေးတော်ပဲ ဖြစ်ပါတယ်။

ခမည်းတော်မင်းကြီးရဲ့ ဈာပနပြီးမြောက်တဲ့အခါမှာ ဗုဒ္ဓဘုရားရှင်ဟာ ကပိလဝတ်မှာရှိတဲ့ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ သည်အခါမှာ မိထွေးတော် ဂေါတမီ ရောက်လာပြီး အမျိုးသမီးတွေကို ဘုရားရှင်ရဲ့ သာသနာတော်မှာ ရဟန်းမအဖြစ် ပြုခွင့်ပေးတော်မူပါရန်အကြောင်း လာရောက်လျှောက်ထား တောင်းပန်ခဲ့ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘုရားရှင်ဟာ ခွင့်ပြုတော်မမူခဲ့ပါဘူး။ သည်တော့ မိထွေးတော် ဂေါတမီဟာ သုံးကြိမ်တိုင်အောင် ထပ်ပြီး တောင်းပန်လျှောက်ထားခဲ့ပါတယ်။ ဒါကိုလည်းပဲ ဗုဒ္ဓဘုရားရှင်ဟာ ခွင့်ပြုတော်မမူပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါကြောင့်ပဲ မိထွေးတော် ဂေါတမီဟာ ဝမ်းနည်းစွာနဲ့ နန်းတော်ကို ပြန်သွားရရှာပါတယ်။

မကြာခင်မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်ကို ပြန်ကြွတော်မူပါတယ်။ သိပ်မကြာပါဘူး။ မိထွေးမတော် ဂေါတမီဟာ သာကီဝင်မင်းသမီး ၅၀၀ နဲ့အတူ မိမိတို့ဘာသာ ဆံပင်ကို ရိတ်၊ သစ်ခေါက်ဆိုးထားတဲ့ အဝတ်တွေဝတ်လို့ ရဟန်းမ အသွင်နဲ့ ဝေသာလီပြည်ရှိ ဗုဒ္ဓဘုရားရှင်ထံသို့ ခြေကျင် ခရီးသွား ခဲ့ကြပါတယ်။ (သာကီဝင်မင်းသမီး ၅၀၀ ဆိုတာဟာ ကပိလဝတ်နဲ့ ကောလိယပြည်တို့က ရဟန်းပြုသွားခဲ့ကြတဲ့ သာကီဝင် မင်းသားငါးရာတို့ရဲ့ ဇနီးများ ဖြစ်ကြပါတယ်။)

သူတို့ လျှောက်လှမ်းလာခဲ့ကြတဲ့ ခရီးဟာ ဝေးလံလှတဲ့ အပြင် ကြမ်းလည်း ကြမ်းတမ်းလှပါတယ်။ ဒါကြောင့် အလွန့် အလွန် ဆင်းရဲပင်ပန်းကြတာပေါ့။ သူတို့ရဲ့ ခြေဖဝါးတွေဆိုတာ နုနယ်လွန်းလှတာမို့ သွေးတွေ ချင်းချင်းနီနေသလို ကိုယ်ခန္ဓာ ပေါ်မှာလည်း မြူမှုန်တွေ အလိမ်းလိမ်း ကပ်ညိလို့ပေါ့။ ဒါပေမဲ့ သူတို့ဟာ အားလျှော့မသွားခဲ့ကြပါဘူး။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၄၈)
## ရဟန်းပြုခွင့်ရခဲ့ပြီ

ဝေသာလီပြည် မဟာဝုန်တောရှိရာကို ဗုဒ္ဓဘုရားရှင်အပေါ် ကြည်ညိုရှိသေတဲ့အနေနဲ့ ဘယ်ယာဉ်ကိုမှ မစီးဘဲ ခြေကျင် လာခဲ့ကြတဲ့ မိထွေးတော်ဂေါတမီတို့အဖွဲ့ကို ရှင်အာနန္ဒာ မြင်တွေ့ လိုက်ရတဲ့အခါ သိပ်ကို အံ့သြသွားခဲ့ရပါတယ်။ ပင်ပန်းဆင်းရဲ ခြင်းတွေနဲ့ ဖြတ်သန်းလာခဲ့ရတာမို့လည်း မိထွေးတော်နဲ့ အဖွဲ့ အပေါ် ကြင်နာသနားစိတ်တွေ ဝင်လာခဲ့ရပါတယ်။

ရှင်အာနန္ဒာဟာ အကျိုးအကြောင်း အစုံအလင်ကို သိ သွားခဲ့ပြီးတဲ့နောက်မှာတော့ မိထွေးတော် ဂေါတမီနဲ့ သာကီဝင် မင်းသမီးတို့ကို ကျောင်းတံခါးဝမှာ ထားခဲ့ပြီး ဗုဒ္ဓဘုရားရှင်ထံ ကို ဝင်တွေ့ပါတယ်။ အကျိုးအကြောင်း အစုံအလင်ကို တင်ပြ လျှောက်ထားပြီး...

"အရှင်ဘုရား... မိထွေးတော်တို့ကို ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com


လို့ တောင်းပန်တော်မူပါတယ်။ ဒါပေမဲ့လည်း ဗုဒ္ဓဘုရားရှင်ဟာ လက်ခံတော် မမူခဲ့ပါဘူး။ သည်အခါ ရှင်အာနန္ဒာလည်း မိထွေးတော် ဂေါတမီရဲ့ ဂုဏ်ကျေးဇူးတော်ကို ဖော်ကျူးလို့ ထပ်မံ လျှောက်ထားခဲ့ပြန်ပါတယ်။

"အရှင်ဘုရား... မိထွေးတော်ဂေါတမီဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နို့ချိုတိုက်ကျွေးလို့ မွေးမြူခဲ့ရတဲ့ မိထွေးချစ် ဖြစ်ပါတယ်ဘုရား။ မယ်တော်ရှင်း မရှိတော့လို့ ကရုဏာအသနားပိုပြီး အနွံတာဆင်းရဲကို ခံခဲ့ရသူဖြစ်ပါတယ်ဘုရား။ အဲသည် ကျေးဇူးတရားတွေကို ငဲ့ညှာစာနာ သနားထောက်ထားပြီး မိထွေးတော်မြတ်ရဲ့ ဆန္ဒအတိုင်း ရဟန်းပြုခွင့် ပေးသနားတော်မူပါဘုရား"

သည်အခါမှာတော့ ဗုဒ္ဓဘုရားရှင်လည်း တင်းမခံတော့ဘဲ

"ကောင်းပြီ အာနန္ဒာ၊ မိထွေးတော် ဂေါတမီကို ဂရုဓမ်တရား (၈) ပါးကို စောင့်ထိန်းနိုင်မယ်ဆိုရင် ရဟန်းပြုခွင့်ပေးလိုက်ပါ"

လို့ မိန့်တော်မူပါတယ်။ အဲသည် ဂရုဓမ် (၈) ပါး ဆိုတာကတော့....

၁။ ဘိက္ခုနီမဟာ ဝါပေါင်း ၁၀၀ ရရှိထားသူပင် ဖြစ်နေပါစေ၊ ယနေ့မှ ရဟန်းပြုလာတဲ့ ရဟန်းယောကျ်ားကို အရိုအသေပေးလို့ ရှိခိုးရပါမယ်။

၂။ ဘိက္ခုနီမဟာ ရဟန်းယောကျ်ားတွေကင်းတဲ့ ကျောင်းမှာ ဝါမဆိုရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဘိက္ခုနီမဟာ လပြည့်လကွယ်နေ့တိုင်း ရဟန်းယောကျ်ားသံဃာထံမှာ ဥပုသ်မေးရပါမယ်။ အဆုံးအမကို ခံယူရပါမယ်။

၄။ ဘိက္ခုနီမဟာ ဝါကျွတ်တဲ့အခါ ရဟန်းယောကျ်ားသံဃာ (ဘိက္ခုသံဃာ) ရဟန်း၊ မိန်းမသံဃာ (ဘိက္ခုနီသံဃာ) ထံမှာ ပဝါရဏာ ပြုရပါမယ်။ (အပြစ်တွေ့က ဆိုဆုံးမဖို့ရာ ဖိတ်ကြားရပါမယ်။)

၅။ ဘိက္ခုနီမဟာ သံဃာဒိသိသ် အာပတ်သင့်ရင် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာမှ ၁၅ ရက် မာရ်နတ် ကျင့်ရပါမယ်။ (သံဃာမြတ်နိုးအောင် ကျင့်သုံးနေရပါမယ်။)

၆။ နှစ် နှစ်တိုင်တိုင် သိက္ခာပုဒ်ခြောက်ပါးကို ကျင့်သုံးပြီးတဲ့ သိက္ခာမာန်ကို ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာမှာ ရဟန်းပြုရပါမယ်။

၇။ ဘိက္ခုနီမဟာ ဘယ်လိုမျိုးအကြောင်းကြောင့်မျှ ရဟန်းယောကျ်ားကို မဆဲရေးရပါဘူး။

၈။ ဘိက္ခုနီမက ရဟန်းယောကျ်ားတို့အပေါ် ပြောဆိုခြင်းကို တားမြစ်ရပါမယ်။ ရဟန်းယောကျ်ားတို့က ဘိက္ခုနီမတို့ကို ပြောဆိုတာကိုတော့ မတားမြစ်ရပါဘူး။

"ချစ်သား အာနန္ဒာ၊ မိထွေးတော်ကို ငါဟာ ရဟန်းမ ပြုခွင့်ပေးလိုက်ပါပြီ။ ရဟန်းမိန်းမတို့ လိုက်နာပြုကျင့်ရမယ့် ဂရုဓမ္မရှစ်ပါးကို ဝန်ခံစေပြီး စွဲမြဲစွာ လိုက်နာပါစေ"

www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော်ဂေါတမီဟာ ဂရုဓံ ၈ ပါးကို ဝန်ခံခဲ့ရုံမျှနဲ့ ရဟန်းအဖြစ်ကို ရရှိခဲ့ပါတယ်။ ကျန် သာကီဝင်မင်းသမီး ၅၀၀ တို့ဟာလည်း ဘိက္ခုသံဃာထံမှာ ရဟန်းပြုခဲ့ကြပါတယ်။ နောင် အခါ သာသနာတော်ကို ဝင်ကြတဲ့ မာတုဂါမတွေဆိုတာဟာ လည်း ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်စလုံးမှာ ၂ ကြိမ် တိုင်အောင် ရဟန်းခံရပါတယ်။ (ဘိက္ခုဆိုတာ ရဟန်း၊ ဘုန်း ကြီး၊ သံသရာဘေးကို ရှုလေ့ရှိသူလို့ အဓိပ္ပာယ်ရပြီး ဘိက္ခုနီမ ဆိုတာကတော့ ရဟန်းမလို့ အဓိပ္ပာယ်ရပါတယ်။)

❖



www.burmeseclassic.com

www.burmeseclassic.com

(၄၉)

## တိုးပွားလာသော ရဟန်းများ

ဗုဒ္ဓဘုရားရှင်ဟာ ဝါလကင်းလွတ် သီတင်းကျွတ်တဲ့အခါ ရာဇဂြိုဟ်ပြည်ကို ပြန်ကြွတော်မူပြီး ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။

အဲသည်ကာလမှာ ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရား ခေမာဟာ အလှမာန်တက်နေပြီး ဘုရားရှင်နဲ့ မတွေ့အောင် ရှောင်လို့နေပါတယ်။ ဒါပေမဲ့လည်း ဥယျာဉ်တော်ကိုထွက်ရင်း ဘုရားရှင် ဖန်ဆင်းတဲ့ နတ်သမီးရဲ့ အလှအပ ဖောက်ပြန်ပျက်စီးမှုကို တွေ့မြင်ရပြီးတဲ့နောက် ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရတဲ့အခါ လူဝတ်ကြောင်အဖြစ်နဲ့ပဲ အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။ ရဟန်းလည်း ပြုပါတယ်။

ခေမာမိဖုရားကြီးလိုပါပဲ။ ဝိသာခါသူဌေးကြီးရဲ့ ဇနီး ဓမ္မဒိန္နာ၊ ပိပ္ပလိ (ရှင်မဟာကဿပအလောင်း) ရဲ့ ဇနီး ဘဒ္ဒကာပိလာနီ၊ ကပိလဝတ်ပြည်က ဇနပဒကလျာဏီနဲ့ ရှေးဘုလာရဲ့

www.burmeseclassic.com

www.burmeseclassic.com


မယ်တော် ယသော်ဓရာမိဖုရားတို့လည်း ရာဇဂြိုဟ်ပြည်ကို လိုက်လာကြကာ ရဟန်းပြုကြပါတော့တယ်။ (ဗုဒ္ဓဘုရားရှင်ဟာ ဝါဆိုချိန် နီးတဲ့အခါ မဟာသက္ကရာဇ် ၁၀၈ ခုနှစ် ရာဇဂြိုဟ်ပြည်မှာ ဆဋ္ဌမဝါဆိုတော်မူခဲ့ပါတယ်။)

ဗုဒ္ဓဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်အခါက သိပ်ကို ချောမောလှပပြီး ကျက်သရေတင့်တယ်တဲ့ သူဌေးသမီး ဥပ္ပလဝဏ်ဟာ ရဟန်းမ ပြုလာခဲ့ပါတယ်။ သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီး၊ မလ္လိကာမိဖုရား၊ စူဠအနာထပိဏ်၊ သုပ္ပဝါသာ အစရှိတဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေဆိုရင်လည်း ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုစွာ ဆည်းကပ်ကိုးကွယ်ကြပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၂၀)
## ကြင်နာသမှ သူနာပြု

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ရဟန်းတွေ သီတင်းသုံးနေကြတဲ့ ကျောင်းသင်္ခမ်းတွေကို လှည့်လည်ကြည့်ရှု စစ်ဆေးတော်မူပါတယ်။

အဲသည်အချိန်မှာ ဝမ်းရောဂါဖြစ်ပွားလို့ အလူးအလဲ ခံစားနေရတဲ့ ရဟန်းတစ်ပါးကို တွေ့ရပါတယ်။ အဲသည် ရဟန်းဟာ နေရာက မထနိုင်ရှာပါဘူး။ အားအင်တွေကလည်း ချည့်နဲ့နေတယ် မဟုတ်ပါလား။ အနံ့အသက်တွေကလည်း မကောင်း၊ ကျင်ကြီးကျင်ငယ်တွေကလည်း အလိမ်းလိမ်းနဲ့ အိပ်ရာထက်မှာ လဲလျောင်းနေရှာပါတယ်။

ဒါနဲ့ပဲ ဗုဒ္ဓဘုရားရှင်ဟာ ရှင်အာနန္ဒာကို ချက်ချင်းပဲ ရေအယူခိုင်းလိုက်ပါတယ်။ အဲသည်နောက်မှာတော့ ကိုယ်တော်တိုင်ပဲ လူနာရဟန်းရဲ့ ခန္ဓာကိုယ်က အညစ်အကြေးတွေကို သုတ်သင်ဖယ်ရှား ဆေးကြောသန့်စင်ပေးပါတယ်။ ရှင်အာနန္ဒာ

www.burmeseclassic.com

www.burmeseclassic.com




နဲ့အတူ လူနာရဟန်းအဖို့ သက်သာရာရအောင် ကိုယ်ဖိရင်ဖိ ပြုစုပေးတော်မူပါတယ်။ သည်အခါမှာ ရွံ့ရှာလို့ အဝေးရှောင်နေတဲ့ ရောဂါကူးမှာစိုးလို့ မသိကျိုးကျင်ပြုနေတဲ့ ရဟန်းတွေဟာ ဝိုင်းဝန်းစုဝေးလာကြပြီး ဘုရားရှင်ရဲ့ ဦးဆောင်လုပ်ရှားမှုတွေကို အံ့အားတသင့် ကြည့်ရှုနေမိကြပါတော့တယ်။

သည်အခါ ဗုဒ္ဓဘုရားရှင်လည်း ရဟန်းတော်တွေကို စုဝေးစေလိုက်ပြီး...

“ချစ်သားရဟန်းတို့၊ သင်တို့မှာ ရောဂါဝေဒနာ တစ်ခု ကပ်ငြိရင် ပြုစုမယ့် မိဘဆွေမျိုးတွေဆိုတာ အနီးအပါးမှာ ရှိကြတာမဟုတ်ဘူး။ သည်တော့ ကိုယ့်အချင်းချင်းမှ မပြုစုကြရင် ဘယ်သူက ပြုစုကြမှာတဲ့လဲ။ ဒါကြောင့် ငါဘုရားရှင်ကို ပြုစုမယ့်အစား မကျန်းမမာသူကိုသာ ပြုစုကြပါ”

လို့ ဩဝါဒပေးတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# (၅၁)
# အဆွေခင်ပွန်းဆိုသည်မှာ

ဗုဒ္ဓဘုရားရှင် စမွယ် သီတင်းသုံးတော်မူရာကို နတ်သား တစ်ပါး ရောက်ရှိလာခဲ့ပါတယ်။ ရောက်လာတဲ့အခါမှာ...

"အရှင်ဘုရား... ခရီးသွားနေသူအတွက် မိတ်ဆွေ ခင်ပွန်းဆိုတာဟာ ဘယ်သူပါလဲ။ မိမိရဲ့ အိမ်ဂေဟာမှာ မိတ်ဆွေခင်ပွန်းဆိုတာဟာ ဘယ်သူဖြစ်ပါသလဲ။ ကိစ္စ ရှိတဲ့သူရဲ့ မိတ်ဆွေခင်ပွန်းဆိုတာကကော ဘယ်သူဖြစ် ပါသလဲ။ တမလွန်မှာ ဖြစ်တဲ့ မိတ်ဆွေခင်ပွန်းဆိုတာ ကကော ဘယ်သူဖြစ်ပါသလဲ... ဖြေကြားပေးတော်မူပါ အရှင်ဘုရား"

လို့ တောင်းပန်လျှောက်ထားတော်မူပါတယ်။ သည်အခါ မှာ ဗုဒ္ဓဘုရားရှင်က–

"အချင်းနတ်သား... ခရီးသွားနေသူအတွက် မိတ် ဆွေခင်ပွန်းဆိုတာဟာ ခရီးအတူ သွားဖော်သွားဖက်တွေ

www.burmeseclassic.com

www.burmeseclassic.com




ပဲ ဖြစ်ပါတယ်။ မိမိရဲ့အိမ်ဂေဟာမှာ အဆွေခင်ပွန်းဆိုတာဟာ မိခင်ပဲ ဖြစ်ပါတယ်။ ပြုဖွယ်ကိစ္စရှိတဲ့ အဆွေခင်ပွန်းဆိုတာဟာ သူငယ်ချင်းပဲ ဖြစ်ပါတယ်။ တမလွန်မှာဖြစ်တဲ့ မိတ်ဆွေခင်ပွန်းဆိုတာကတော့ မိမိကိုယ်တိုင် အဖန်ဖန်တလဲလဲပြုလုပ်တဲ့ ကောင်းမှုကုသိုလ်တွေပဲ ဖြစ်ပါတယ် နတ်သား”

လို့ မိန့်ကြားအဖြေပေးတော်မူပါတယ်။

သည်အဖြေစကားကြားရတော့ နတ်သားဟာ အင်မတန်မှ စိတ်ဘဝင်ကျသွားပါတော့တယ်။ အဲဒါကြောင့်ပဲ နတ်သားဟာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ ဘုရားရှင်ကို ကြည်နူးစွာ ဖူးမြော်ကန်တော့ပြီး နတ်ပြည်ကို ပြန်တက်သွားပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၅၂)
## ချေချွတ်ခဲ့ရ သစ္စက

သစ္စကပရိဗိုဇ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ လိစ္ဆဝီမင်းတို့ရဲ့ မူလဆရာရင်း ဖြစ်ပါတယ်။ သူဟာ အတိုင်းတိုင်းအပြည်ပြည်၊ အနယ်နယ်အရပ်ရပ်မှာ ထင်ရှားပြီး ကြည်ညိုပူဇော်သူတွေ တိုးပွားရင်း တိုးပွားနေတဲ့ ဗုဒ္ဓဘုရားရှင်အပေါ် မနာလို ဝန်တိုစိတ်တွေ တိုးပွားနေပါတယ်။

သူဟာ သူ့ရဲ့ ဝမ်းဗိုက်ထဲမှာရှိတဲ့ ပညာတွေ များပြားလွန်းလှတာမို့ ပေါက်ထွက်ကျလိမ့်မယ်လို့ ယူဆပြီး သူ့ရဲ့ဝမ်းဗိုက်ကို သံပြားနဲ့ ရစ်ပတ်ထားခဲ့သူ ဖြစ်ပါတယ်။

တစ်နေ့မှာတော့ သစ္စကပရိဗိုဇ်ဟာ ဗုဒ္ဓဘုရားရှင်နဲ့ ဝါဒချင်းပြိုင်မယ်ဆိုပြီး ဗုဒ္ဓဘုရားရှင်ကို စိမ်ခေါ်ပါတယ်။ ဗုဒ္ဓဘုရားရှင်နဲ့ တွေ့တော့...

"ရုပ်ဆိုတာဟာ အတ္တပဲ ဖြစ်တယ်။ ဝေဒနာဆိုတာကလည်း အတ္တပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ သူ့အဆိုကို တင်သွင်းခဲ့ပါတယ်။ အဲသည်အခါ ဘုရားရှင်က သစ္စကပရိဗိုဇ်ရဲ့ မှားယွင်းတဲ့ အယူဝါဒကို ညွှန်ပြတော်မူပါတယ်။

"ဒါဆိုရင် အရှင်ဂေါတမ၊ သင်ဟာ သင့်ရဲ့ တပည့်သာဝကတွေကို ဘယ်လိုဆုံးမတော်မူပါသလဲ... ကျွန်ုပ် သိချင်ပါတယ်"

"အချင်း သစ္စက၊ ငါဟာ ငါ့ရဲ့ တပည့်သာဝက တွေကို လောကမှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါလို့ သတ်မှတ်ကြတယ်ဆိုတာဟာ ခန္ဓာငါးပါးအစုသာ ဖြစ်ပါ တယ်"

နောက်ဆုံးမှာတော့ ဗုဒ္ဓဘုရားရှင် ညွှန်ပြတဲ့အတိုင်း...

"ရုပ်ဟာ အနတ္တဖြစ်တယ်။ ဝေဒနာဟာ အနတ္တ ဖြစ်တယ်"

စသဖြင့် ဝန်ခံသွားခဲ့ရပါတယ်။ သည်အခါမှာ သစ္စက ပရိဗိုဇ်က...

"အရှင်ဘုရား... တပည့်တော်ဟာ မှားခြင်းကြီး မှားခဲ့ ရပါပြီ။ အရှင်ဘုရားရဲ့ ဝါဒကို အသက်ထက်ဆုံး ယုံ မှတ်ကိုးကွယ်ပါတော့မယ်ဘုရား"

လို့ ဝန်ခံပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၃)
# မုန်ညင်းစေ့ကို ဖွေရှာသူ

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။

တစ်နေ့မှာတော့ သာဝတ္ထိမြို့က သူဌေးကတော် ကိသာ ဂေါတမီဟာ အပူမီးတွေ တောက်လောင်ခံစားနေရပါသတဲ့။ ဘာကြောင့်လဲဆိုတော့ သူ အလွန်မတန်ချစ်ရတဲ့ သားကလေး ဟာ ဝေဒနာခံစားရပြီး ကွယ်လွန်သွားခဲ့လို့ပါပဲ။ သည်အခါ တရားကို နှလုံးသွင်း မဆင်ခြင်နိုင်တော့ဘဲ သားကလေး အသက် ပြန်ရှင်လာအောင် ကုပေးနိုင်မယ့်သူကို နေရာအနှံ့ လိုက်လံ ရှာဖွေပါတော့တယ်။ သွားလေရာ၊ လာလေရာမှာလည်း သားသေ ကလေးကို ရင်ဝယ်ပိုက်လို့ပေါ့။ အနံ့အသက်တွေ ထွက်နေသော် တောင်မှ ဂရုမစိုက်နိုင်အားပါဘူး။ ဒါနဲ့ နောက်ဆုံးမှာတော့ စာနာသနားစိတ်နဲ့ တွေးခေါ်မြော်မြင်တတ်သူတစ်ဦးက ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ထံကို လမ်းညွှန်လိုက်ပါတယ်။ ကိသာဂေါတမီဟာ ဘုရားရှင်ထံမှောက်ကို ရောက်တော့…

"အရှင်ဘုရား… တပည့်တော်မရဲ့ သားကလေးကို အသက်ပြန်ရှင်လာအောင် ကုသပေးတော်မူပါဘုရား"

လို့ လျှောက်ထားတောင်းပန်ပါတယ်။ သည်တော့ ဘုရားရှင်က…

"ချစ်သမီး… သင် တောင်းဆိုတဲ့အတိုင်း သင့်သားကလေး အသက်ပြန်ရှင်လာအောင် ကုသပေးပါမယ်။ သည့်အတွက် လူမသေဖူးသေးတဲ့ အိမ်ကနေ မုန်ညင်းစေ့ကို ရအောင် ရှာခဲ့ပါ"

လို့ မိန့်တော်မူပါတယ်။ ကိသာဂေါတမီလည်း သားသေကို ပိုက်ရင်း တစ်အိမ်တက် တစ်အိမ်ဆင်း မုန်ညင်းစေ့ကို ရှာပါတယ်။ မုန်ညင်းစေ့ရပေမဲ့ လူသေဖူးတဲ့အိမ်တွေချည်း ဖြစ်နေလို့ သေခြင်းတရားကို သဘောပေါက်သွားခဲ့ပါတယ်။ အဲဒါကြောင့် သားသေကို စွန့်ပယ်လိုက်ပြီး ဘုရားရှင်ရဲ့ အဆုံးအမကို နာကြားခံယူလို့ ရဟန်းမ ပြုခဲ့ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

## နန္ဒောပနန္ဒ မာန်စွယ်ကျ

နန္ဒောပနန္ဒနဂါးမင်းဟာ နဂါးအပေါင်း ခြံရံလို့ နဂါးစည်းစိမ်ခံစားရင်း မြင်းမိုရ်တောင်မှာ နေပါသတဲ့။

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ အမျက်မာန်စောင်ကြီးမားလှတဲ့ နန္ဒောပနန္ဒနဂါးမင်းကို ချေချွတ်ဖို့ အကြောင်းဖန်လာပါတယ်။ ဘုရားရှင်ဟာ ရဟန္တာငါးရာ ခြံရံပြီး နဂါးမင်းရဲ့ ဗိမာန်ထက်က ဖြတ်သန်းပြီး တာဝတိံသာကို ကြွတဲ့အခါ နဂါးမင်းအပေါ်ကို ခြေမှုန့်တွေ ကျသွားခဲ့ပါတယ်။ သည်အခါ နဂါးမင်းလည်း အမျက်ဒေါသတွေ တော်တော်ကလေး ထွက်သွားတာမို့ သူ့ခန္ဓာကိုယ်ကို အကြီးမားဆုံးဖြစ်အောင် ဖန်ဆင်းပါတယ်။ ပြီးတော့ မြင်းမိုရ်တောင်နဲ့ တာဝတိံသာကို ဖုံးအုပ်လိုက်ပါတယ်။ သည့်အတွက်ကြောင့် တစ်ခဏချင်းမှာပဲ မှောင်အတိကျသွားခဲ့ရတယ်။ မှောင်အတိ ဘယ်လောက်တောင် ကျသွားလဲဆိုတော့ တာဝတိံသာကို မြင်တောင်မှ မမြင်ရတဲ့အထိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ဗုဒ္ဓဘုရားရှင်လည်း တန်ခိုးအရာမှာ ဧတဒဂ် ရထားတဲ့ လက်ဝဲတော်ရံ သာဝက ရှင်မောဂ္ဂလာန်ကို...

"ချစ်သား မောဂ္ဂလာန်... နန္ဒောပနန္ဒကို သင့်ရဲ့ တန်ခိုးနဲ့ နှိမ်နင်းပါ။ အောင်မြင်စွာ နှိမ်နင်းနိုင်ဖို့ သင့်ကို ငါ နည်းလမ်းပေးလိုက်မယ်"

လို့ မိန့်ကြားပြီး တာဝန်ပေးလိုက်ပါတယ်။

သည်အခါမှာ ရှင်မောဂ္ဂလာန်လည်း နန္ဒောပနန္ဒ နဂါးမင်းထက် နှစ်ဆကြီးတဲ့အရွယ် ဖန်ဆင်းပြီး နဂါးကြီးကို ရစ်ပတ်ပါတယ်။ ဖိညှစ်ပါတယ်။ ကျိုးနှံ့အောင် ဆုံးမတော်မူပါတယ်။ သည်အခါ နန္ဒောပနန္ဒနဂါးမင်းဟာ မာန်စွယ်တွေကျိုးပြီး ဘယ်လိုမှ မတုံ့ပြန်နိုင်တော့ပါဘူး။ အဲသည်အခါကျ ဗုဒ္ဓဘုရားရှင် ရှေ့တော်မှောက်ကို ခေါ်ဆောင်လာခဲ့ပါတယ်။ ဘုရားရှင်လည်း နန္ဒောပနန္ဒနဂါးမင်းကို ဟောကြားဆုံးမတော်မူပြီး ရတနာသုံးပါးကို ကိုးကွယ်စေခဲ့ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၅၅)

## တိတ္ထိဆိုတာ ချိုနဲ့လား

ဗုဒ္ဓဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။

သူကြွယ်တစ်ဦးဟာ ရေကစားရင်း ရလာတဲ့ စန္ဒကူးတုံးကြီးကို သပိတ်ဖြစ်အောင် လုပ်ခဲ့ပြီး အတောင် ၆၀ အမြင့် ဝါးလုံးတွေဆက်လို့ ထိပ်ဖျားမှာ သပိတ်ကို ချိတ်ဆွဲလိုက်ပါတယ်။ ပြီးတော့...

"သည်လောကမှာ ရဟန္တာပုဂ္ဂိုလ်ဆိုတာ အမှန်တကယ်ရှိခဲ့ရင် ဤသပိတ်ကို တန်ခိုးနဲ့ ယူဆောင်နိုင်ကြတယ်"

လို့ အရပ်ရှစ်မျက်နှာအနှံ့ လှည့်လည်ကြေညာစေခဲ့ပါတယ်။ ဘယ်တိတ္ထိမှ စန္ဒကူးသပိတ်ကို မရယူနိုင်ခဲ့ပါဘူး။ ရက်ကြာလာတော့ ရာဇဂြိုဟ်သူကြွယ်ဟာ သည်လောကမှာ ရဟန္တာပုဂ္ဂိုလ်ဆိုတာ တကယ်မရှိပါဘူးလို့ ထင်မြင်ယူဆ ပြောကြားလာခဲ့ပါတယ်။ သည်တော့ ရှင်မောဂ္ဂလာန်နဲ့ ဆွမ်းခံထွက်ကြွလာတဲ့ ရှင်ပိဏ္ဍောလဟာ စန္ဒကူးသပိတ်ကို တန်ခိုးတော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်ပြခဲ့ပါတယ်။ သည်အကြောင်းကို ဗုဒ္ဓဘုရားရှင် သိတော့...

"ရဟန်းများ တန်ခိုးမပြရ"

လို့ ပညတ်တော်မူခဲ့ပါတယ်။ သည်လို ပညတ်လိုက်ခြင်းဟာ တိတ္ထိတွေအတွက်တော့ တကယ့်ကို အကွက်ကောင်းပါပဲ။ သည်အခွင့်ကောင်းကိုယူလို့ တိတ္ထိအပေါင်းဟာ ဗုဒ္ဓဘုရားရှင်နဲ့ တန်ခိုးပြာဋိကာ ယှဉ်ပြိုင်လိုတဲ့အကြောင်း အသံကောင်းဟစ်ပြီး လှည့်လည်ကြေညာပါတော့တယ်။ သည်အခါမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ရှောင်လွှဲဖို့ရာ မဖြစ်တော့မှန်း သိလိုက်တာမို့ သရက်ဖြူပင်ရင်းမှာ တန်ခိုးပြမယ့်အကြောင်း တုံ့ပြန်မိန့်ကြားတော်မူပါတယ်။

ဝါဆိုချိန်နီးတဲ့အခါမှာတော့ တိတ္ထိအပေါင်းဟာ ဗုဒ္ဓဘုရားရှင်နဲ့ တန်ခိုးပြိုင်ဖို့ရာအတွက် သာဝတ္ထိပြည်မှာ ကြီးကျယ်ခံ့ညားတဲ့ မဏ္ဍပ်ကြီးကို ဆောက်လုပ်ပါတယ်။ တစ်ဖက်ကလည်း အမှန်တကယ် မယှဉ်ရဲတာမို့ ဘုရားရှင်က သရက်ဖြူပင်ရင်းမှာ တန်ခိုးပြမယ်ဆိုတဲ့ စကားကို စွဲပြီး သရက်ဖြူပင်မှန်သမျှကို ရှာဖွေနုတ်ယူ ဖျက်ဆီးပစ်ကြပါတယ်။

တန်ခိုးပြာဋိဟာချင်း ယှဉ်ပြိုင်မယ့် ဝါဆိုလပြည့်နေ့ကို ရောက်ခဲ့ပါပြီ။

ဗုဒ္ဓဘုရားရှင်ဟာ ကဏ္ဍအမည်ရှိတဲ့ ဥယျာဉ်မှူးဆက်ကပ်တဲ့ သရက်ဖြူသီးကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးတဲ့နောက် သရက်ဖြူစေ့ကို ဥယျာဉ်မှူးကဏ္ဍကိုပဲ စိုက်ခိုင်းတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သရက်စေ့ဟာ မြေကျင်းထဲ ရောက်ပြီးတာနဲ့ ခဏကလေးတောင် မဆိုင်းဘဲ ဘုရားရှင်ရဲ့ တန်ခိုးတော်နဲ့ အပင်ပေါက်လာပါတယ်။ အပင်ဟာ မျက်စိရှေ့မှာတင် တဖြည်းဖြည်း ကြီးမားကြီးထွား လာပြီး အခက်အလက်တွေ မြိုင်မြိုင်ဆိုင်ဆိုင် အသီးအပွင့်တွေ ဝေဝေဆာဆာ ဖြစ်လာခဲ့ပါတယ်။

သည်အခါ ဗုဒ္ဓဘုရားရှင်လည်း သရက်ဖြူပင်ခြေရင်းက နေ ကောင်းကင်ထက်ကို ကြွမြန်းသွားပြီး ရေမီးအစုံ ဖြစ်ပေါ် စေလို့ တန်ခိုးပြာဋိဟာကို ပြတော်မူပါတယ်။ အဲသည် တန်ခိုး တော်ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်ဆိုတာ ဖွေး ဖွေးကို လှုပ်လို့ပါပဲ။ ဘုရားရှင်ဟာ ပရိသတ်ကြီးရဲ့ အထက် ကောင်းကင်မှာ ရပ်တည်ပြီး အရှေ့အရပ်ကနေ အနောက်အရပ် ထိ ရှမျှော်လို့မဆုံးနိုင်တဲ့ ရတနာစင်္ကြံကြီးကို ဖန်ဆင်းပါတယ်။ ပြီးတော့ စင်္ကြံထက်မှာ လူးလာခေါက်တုံ့ကြွလှမ်းရင်း တန်ခိုး ပြာဋိဟာ ပြတော်မူပါတယ်။ အဲသည်အခါ လေကြီးမိုးကြီး ကျပါလေရော။ အဲဒါကြောင့် တိတ္ထိတွေ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်ကြီးဟာ ပြိုကျပျက်စီးပြီး တိတ္ထိတွေလည်း ရပ်ပျက်ဆင်း ပျက်၊ ဖရိုဖရဲ၊ အလဲလဲအပြိုပြိုဖြစ်ရင်း ဖဝါးနဲ့တင်ပါး တစ်သား တည်းကျအောင် ထွက်ပြေးကြရပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၃၆)

## ဦးနိမ်မာန်ချ ဗကဗြဟ္မာ

"ဗက" အမည်ရှိတဲ့ ဗြဟ္မာကြီးဟာ ပထမဈာန်ဘုံမှာ နေပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေထိုင်တော်မူရင်း မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ဗကဗြဟ္မာမင်းနဲ့ ဗြဟ္မာ ၇၂ ပါးတို့ကို ဟောပြောချေချွတ်ဖို့ရာ အကြောင်းဖန်လာပါတော့တယ်။ ဗကဗြဟ္မာကြီးက–

"ငါနေထိုင်တဲ့ဘုံဟာ အထက်ဆုံးမှာရှိတယ်။ အမြဲတမ်းလည်း တည်တံ့တယ်။ ပြီးတော့ ငါ့ဘဝဟာလည်း မြဲတယ်"

လို့ ထင်မှတ်နေခဲ့ပါတယ်။ (အဲသည်လို အယူလွဲမှားနေတဲ့ ဗကဗြဟ္မာကြီးဆိုတာဟာ ရှေးရှေးတုန်း ကမ္ဘာတစ်ခုမှာ "ကေသဝ" အမည်ရှိတဲ့ ပုဏ္ဏားသူကြွယ် ဖြစ်ခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဗာရာဏသီပြည်မှာ နေထိုင်ရင်းက အိမ်ရာထောင်မှုရဲ့ အပြစ်တွေကို သိမြင်လာတဲ့အတွက် ရသေ့ရဟန်းပြုခဲ့ပါတယ်။ စတုတ္ထကသိုဏ်းကို ရှုပြီး လောကီဖြစ်တဲ့ ဈာန်သမာပတ်တို့ကို မပြတ်တမ်း ကြိုးစားလေ့လာ အားထုတ်ပါတယ်။ အဲသည် အခါတုန်းကဆိုရင် ဂေါတမဘုရားလောင်းတောင်မှ ကေသဝ ရသေ့ကြီးရဲ့ အန္တေဝါသိကတပည့် ဖြစ်ခဲ့ဖူးပါသတဲ့။)

ဗုဒ္ဓဘုရားရှင်ဟာ ဗကပြဟ္မာကြီးနဲ့တကွ အခြားပြဟ္မာတွေရဲ့ လွဲမှားယုံကြည်နေမှုတွေကို ချေဖျက်ဖို့ရာအတွက် ပြဟ္မာ့ဘုံကို ရုတ်ချည်းပဲ ကြွရောက်သွားခဲ့ပါတယ်။ ပြဟ္မာ့ဘုံကို ရောက်လို့ ဗကပြဟ္မာကြီးနဲ့ တွေ့တဲ့အခါ ...

"အသင်ဗက... သင့်ရဲ့ အယူအစွဲတွေဟာ မှားယွင်းနေပါတယ်။ သင်နေထိုင်ရာဘုံထက် သာလွန်တဲ့ ပြဟ္မာ့ဘုံတွေဆိုတာ ရှိနေပါသေးတယ်။ ဒါပေမဲ့ ဘယ်ပြဟ္မာ့ဘုံမှ မြဲတယ်မရှိဘူး။ သင်လည်း မမြဲဘူး"

ဆိုပြီး ဆုံးမဟောကြားတော်မူပါတယ်။

သည်အခါမှာ ဗုဒ္ဓဘုရားရှင်ဟာ ကေသဝ အမည်ရှိတဲ့ ပုဏ္ဏားသူကြွယ် ဖြစ်စဉ်ဘဝက စလို့ ဗကပြဟ္မာကြီးရဲ့ ရှေးဟောင်းဖြစ်စဉ်တွေကို ဟောတော်မူပါတယ်။ ဗကပြဟ္မာကြီး မေးတဲ့ မေးခွန်းတိုင်းကိုလည်း ရှင်းလင်းအောင် ဖြေကြားတော်မူပါတယ်။ ဒါ့အပြင် တန်ခိုးအရာအနေနဲ့ ဗုဒ္ဓဘုရားရှင်ဟာ ဗကပြဟ္မာကြီးထက် သာလွန်ကြောင်း ပုန်းကွယ်ပျောက်ကွယ်၍ တန်ခိုးတော်အဟုန်ကို အယူလွဲနေကြတဲ့ ဗကပြဟ္မာကြီးနဲ့တကွ

www.burmeseclassic.com

www.burmeseclassic.com


ဗြဟ္မာ့ပရိသတ်၊ ဗြဟ္မာ့အခြွေအရံတို့ရှေ့မှောက်မှာ ပြသတော်မူခဲ့ပါတယ်။

အဲသည်အခါကျတော့မှပဲ ဗကဗြဟ္မာကြီးနဲ့တကွ ဗြဟ္မာအပေါင်းဟာ အမြင်မှန်ရရှိသွားကြပါတော့တယ်။ သူတို့ရဲ့ လွဲမှားနေတဲ့ မိစ္ဆာဒိဋ္ဌိအယူကို ပယ်စွန့်ပြီး မှန်ကန်တဲ့ သမ္မာဒိဋ္ဌိအယူကို ပြောင်းလဲခံယူကြတယ်။ သည့်နောက်မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ဗကဗြဟ္မာကြီးနဲ့တကွ ဗြဟ္မာအားလုံးကို သစ္စာလေးပါး တရားတော် ဟောကြားပြီးတဲ့နောက် ဗြဟ္မာ့ပြည်ကနေ ပြန်လည် ကြွမြန်းလာခဲ့ပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၃၇)

## ဗုဒ္ဓချစ်သော လယ်မြေယာ

ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ်မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ "နာဠ" အမည်ရှိတဲ့ ရွာမှာ သီတင်းသုံးပါတယ်။ တစ်နေ့မှာတော့ အဲသည် နာဠာရွာသား လယ်သမားကြီးဖြစ်တဲ့ ကသိဘာရဒွါဇ ပုဏ္ဏားကြီးရဲ့ လယ်ထွန်ပွဲကို ရောက်ရှိသွားခဲ့ပါတယ်။ လယ်သမားပုဏ္ဏားကြီးဟာ သူပိုင်တဲ့ လယ်မြေယာတွေကို ထွန်တုံးပေါင်း ငါးရာနဲ့ လယ်ထွန်နေချိန်ပေါ့။ အဲသည်မှာပဲ လယ်သမားပုဏ္ဏားကြီးကို လယ်ယာလုပ်ငန်းနဲ့ ဥပမာပြုပုံဆောင်ပြီး တရားဓမ္မတွေကို ဟောကြားတော်မူပါတယ်။

"ပုဏ္ဏားကြီး… ဘယ်သူမဆို စပါးမျိုးစေ့ကြဲလို့ ထွန်ယက်စိုက်ပျိုးရသလိုပဲ သဒ္ဓါမျိုးစေ့ကြဲလို့ ကြိုးစားကျင့်ဆောင်မယ်ဆိုရင် အမြိုက်နိဗ္ဗာန်အသီးကို ရရှိနိုင်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့ အပ်စပ်သင့်လျော်တဲ့ တရားကို နာကြားလိုက်ရတာနဲ့ပဲ လယ်သမားပုဏ္ဏားကြီးလည်း အကျွတ်တရား ရသွားခဲ့ပါတော့တယ်။

ဗုဒ္ဓဘုရားရှင်ဟာ လယ်ယာလုပ်ငန်းမှန်သမျှကို အလေးထား ချစ်ခင်မြတ်နိုးတော်မူပါတယ်။ လယ်သမားတွေကိုသာ မကပါဘူး။ ရဟန်းသံဃာတွေနဲ့ အခြားသူတွေကို တရားဟောရာမှာလည်း လယ်ယာနဲ့ လယ်လုပ်ငန်းကို ဥပမာပေးပြီး ဟောတော်မူလေ့ရှိပါတယ်။ ဒါ့အပြင် ဘုရားရှင်နဲ့တကွ သံဃာတော်တွေရဲ့ အသုံးအဆောင် သင်္ကန်းကိုတောင်မှ လယ်ကွက် ပုံသဏ္ဌာန် အခန်းအကွက်တွေ စီမံချုပ်လုပ်စေပြီးမှ ရဟန်းတို့ ဝတ်ရုံကြဖို့ရာ ပညတ်တော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၃၈)
## တကယ်ရှုပါ လယ်ဥပမာ

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ရဟန်းရှင်လူအပေါင်းကို တရားဟောကြားတော်မူပါတယ်။ အဲသည်တရားဟာ လယ်ယာမြေ၊ လယ်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဥပမာပေး ဟောကြားတဲ့ တရားတော်ပါပဲ။

"တရားနာပရိသတ်အပေါင်းတို့...

စပါးစိုက်ပျိုးမယ်ဆိုရင် လယ်ကွက်ကို ကြည့်ပါ။ အဲသည်လယ်ကွက်ဟာ မြေသား မညီမညာ ဖြစ်နေမယ်။ နိမ့်တုံမြင့်တုံ ဖြစ်နေမယ်။ ကျောက်စရစ်၊ ကျောက်ခဲတွေ ရှိနေမယ်။ ဆပ်ပြာပေါက်နေမယ်။ ထွက်ကြောင်းရာ မနက်ဘဲနေရင်၊ ရေဝင်ပေါက်မရှိရင်၊ ရေထွက်ပေါက်မရှိရင်၊ ရေသွင်းဖို့ရာ ရေမြောင်းမရှိရင်၊ ကန်သင်းရိုးဖွဲ့စည်းမှုမရှိရင် စပါး မစိုက်ပျိုးပါနဲ့။ အဲသည်အင်္ဂါရပ်ရှစ်မျိုးကို တွေ့ရတဲ့ လယ်ဆိုတာ ဘယ်လိုမှ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ထွန်းနိုင်တဲ့ အချည်းနှီးသော လယ်ကွယ်ပဲ ဖြစ်ပါတယ်။ မကောင်းတဲ့လယ်မြေ၊ မျိုးစေ့သာကုန်ပြီး လူပင်ပန်းစေတဲ့ လယ်ကွက်ပဲ ဖြစ်တယ်။

တရားနာပရိသတ်အပေါင်းတို့...

အဲသလိုမျိုးပါပဲ။ လူတွေမှာလည်းပဲ လက္ခဏာရှစ်မျိုးနဲ့ ယှဉ်တာ၊ မယှဉ်တာကို ဆင်ခြင်စိစစ်ဖို့ လိုပါတယ်။ အဲသည် လက္ခဏာရှစ်မျိုးဆိုတာဟာ...

၁။ မမှန်ကန်တဲ့ အသိအမြင်၊ အယူအဆ
၂။ မမှန်ကန်တဲ့ ကြံစည်တွေးတောမှု
၃။ မမှန်ကန်တဲ့ စကားကို ပြောဆိုမှု
၄။ မမှန်ကန်တဲ့ လုပ်ကိုင်ဆောင်ရွက်မှု
၅။ မမှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမှု
၁။ မမှန်ကန်တဲ့ အားထုတ်မှု
၁။ မမှန်ကန်တဲ့ ဆင်ခြင်အောက်မေ့မှု
၁။ မမှန်ကန်တဲ့ တည်ကြည်စွဲမြဲမှု

စတာတွေပဲ ဖြစ်ကြတယ်။

တရားနာပရိသတ်အပေါင်းတို့...

အဲသည်လို လက္ခဏာရှစ်မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အချည်းနှီးသော ပုဂ္ဂိုလ်သာဖြစ်တယ်။ မကောင်းတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ အဲသည် ပုဂ္ဂိုလ်ကို ဆည်းကပ်မယ်၊ ပေးကမ်းကူညီမယ်၊ ပေါင်းသင်းဆက်ဆံမယ်ဆိုရင် ဘယ်လိုမှ အကျိုးမရှိနိုင်ပါဘူး။ အကျိုးမဲ့သာ ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ လယ်ယာမြေလုပ်ငန်းနှင့် ယှဉ်ပြီး ဥပမာပေး ဟောကြားတော်မူခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ နာဠပုဏ္ဏားရွာမှာ ဝါဆိုပြီး ဝါကျွတ်တဲ့အခါမှာတော့ ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်ရှိရာကို ပြန်လည် ကြွချီသွားခဲ့ပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၃၉)
## တစ်ခုသောဝါကျွတ်မှာ

အခါတစ်ပါးမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ တာဝတိံသာ နတ်ပြည်ကို တက်ကြွတော်မူခဲ့ပါတယ်။ အကြောင်းရင်းကတော့ မွေးမယ်တော် မာယာဒေဝီဟာ နတ်ရွာစံပြီးတဲ့နောက် တုသိတာ နတ်ပြည်မှာ သန္တုသိတနတ်သား ဖြစ်နေခဲ့တဲ့အတွက် ဗုဒ္ဓဘုရားရှင်ဟာ မယ်တော်မိနတ်သားကို အမှူးထားလို့ နတ်ဗြဟ္မာ အပေါင်းတို့ကို ဝါတွင်းသုံးလတာ ကာလပတ်လုံး အဘိဓမ္မာ တရားကို ဟောကြားတော်မူပြီး မွေးကျေးဇူးကို ဆပ်တော်မူခဲ့ ပါတယ်။

အဲသည် ဝါတွင်းသုံးလ ကာလပတ်လုံး ဗုဒ္ဓဘုရားရှင်ကို မဖူးမြင်ရတဲ့အတွက် လူ့ပြည်၊ လူ့ဌာနက ဒါယကာ၊ ဒါယိကာမ အပေါင်းဟာ လွမ်းဆွတ်တမ်းတနေခဲ့ကြပါတယ်။

သည်လိုနဲ့ ဝါကျွတ်ချိန်ခါ ရောက်လာတော့မှ ဗုဒ္ဓဘုရား ရှင်ဟာ လူ့ပြည်မှာရှိတဲ့ သင်္ကဿနဂိုရ်ပြည်ကို ဆင်းကြွတော်

www.burmeseclassic.com

www.burmeseclassic.com



မှုပါတယ်။ ဆင်းကြွချိန်မှာ သိကြားမင်းက နတ်ပြည်ကနေ လူ့ပြည်အထိ လက်ယာဘက်မှာ ရွှေစောင်းတန်း၊ လက်ဝဲဘက်မှာ ငွေစောင်းတန်း၊ အလယ်မှာတော့ ပတ္တမြားစောင်းတန်း ဆိုပြီး စောင်းတန်းလှေကားကြီးသုံးသွယ် ဖန်ဆင်းလိုက်တဲ့အခါ ဗုဒ္ဓဘုရားရှင်ဟာ အလယ်မှာရှိတဲ့ ပတ္တမြားစောင်းတန်းမှ ဆင်းသက်တော်မူခဲ့ပါတယ်။ အဲသည်အခါ နတ်ဗြဟ္မာအပေါင်းဟာ ရွှေထီး၊ ငွေထီး၊ သန္တာထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ သန္တာတံခွန်တို့ ကိုင်ဆောင်ပြီး ခြံရံလိုက်ပါလာခဲ့ကြပါတယ်။

သည်မြင်ကွင်းကို ဖူးတွေ့ရတဲ့ သင်္ကာသနဂိုရ် ပြည်သူပြည်သားတွေဟာ ဗုဒ္ဓဘုရားရှင်ကို မီးရှူးမီးတိုင်တွေ ထွန်းညှိ ပူဇော် ကြိုဆိုကြပါတယ်။ (အဲဒါကို အစွဲပြုပြီး ဗုဒ္ဓဘာသာဝင်တွေဟာ သီတင်းကျွတ်လပြည့်နေ့ညကို ရောက်တဲ့အခါ မီးရောင်စုံတွေ ထွန်းညှိတဲ့ဓလေ့ ဖြစ်လာခဲ့ပါတယ်)

❖



www.burmeseclassic.com

www.burmeseclassic.com

## (၆၀)
## စိဉ္စမာဏ၏ အနှောင့်အယှက်

ဗုဒ္ဓဘုရားရှင်ဟာ သက်သနဂိုရ်ပြည်မှာ ခေတ္တမျှ သီတင်းသုံးတော်မူပြီးတဲ့နောက်မှာတော့ အမြို့မြို့အရွာရွာကို ဒေသစာရီကြွချီတော်မူပါတယ်။ ရောက်လေရာနေရာတိုင်းမှာ တရားရေအေး တိုက်ကျွေးတော်မူပါတယ်။ သည့်နောက်မှာ သာဝတ္ထိပြည်ကိုကြွပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတုန်းက ဖြစ်ပါတယ်။

တစ်နေ့မှာတော့ စိဉ္စမာဏဝိကာလို့ အမည်ရှိတဲ့ လှပချောမောတဲ့ ပရိဗိုဇ်မဟာ ဇေတဝန်ကျောင်းတော်ကို ညနေနေဝင်ချိန်လောက်မှာ ရောက်သွားပါတယ်။ ရည်ရွယ်ချက်ကတော့ ဘုရားရှင်ရဲ့ အသရေတော်ကို ဖျက်ဆီးဖို့ပါပဲ။ သူဟာ တိတ္ထိတွေရဲ့ တပည့်မတစ်ဦးလည်း ဖြစ်ပါတယ်။ တိတ္ထိတွေဟာ ဗုဒ္ဓဘုရားရှင် ပေါ်ထွန်းလာတဲ့အတွက် သူတို့ရဲ့ ကြေဇာအရှိန်အဝါဟာ တစ်စတစ်စနဲ့ မှေးမှိန်လာခဲ့တယ်။ သည်တော့ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်အပေါ် မနာလိုမရှုဆိတ်မှုတွေ ဖြစ်နေခဲ့တယ်။ ဒါ့ကြောင့်ပဲ ဂုဏ်သတင်းပျက်ပြားအောင် ကြံဆောင်ကြတဲ့အခါ တပည့်မ စိဥ္စမာဏဝိကာကို အသုံးချဖို့ စိတ်ကူးလိုက်ကြတယ်။ တိတ္ထိတွေရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ ညနေချိန် နေညိုချမ်းရောက်တဲ့အခါ ခြုထည်တဘက် ကလေးကို လွှမ်းလို့ ဇေတဝန်ကျောင်းကို သွားပါတယ်။ အဲသည့်နောက် မသိမသာ ပြန်ထွက်လာပြီး တိတ္ထိတို့ရဲ့ ကျောင်းသင်္ခမ်းမှာ အိပ်စက်ပါတယ်။ နောက်တစ်နေ့ မနက်စောစော ရောက်တဲ့အခါ မှာတော့ ဇေတဝန်ကျောင်းတော်ကနေ ပြန်လာဟန် ပြုပါတယ်။

အဲသည်လို လုပ်နေတာဟာ ကိုးလခန့် ကြာလာတော့ သစ်သားဘုကို ဝမ်းဗိုက်မှာ ကပ်ပြီး အဝတ်နဲ့ပတ်လို့ ကိုယ်ဝန်ရှိနေတဲ့ဟန် ဆောင်ပါတယ်။ အဲသည် အသွင်အပြင်နဲ့ပဲ ဘုရားရှင် တရားသဘင်မှာ ပရိသတ် အလယ်ကနေ ထရပ်ရင်း…

"အို… ရဟန်းကြီး၊ သင့်ကို စွဲမှီလို့ အခု ကျွန်မမှာ ကိုယ်ဝန်ရှိလာခဲ့ပြီ။ ကျွန်မ မီးဖွားဖို့ရာ အိမ်ရာကို မပြင်ဆင်တော့ဘူးလား"

လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး စွပ်စွဲပြောဆိုပါတော့တယ်။

သည်အခါမှာ တရားနာပရိသတ်အပေါင်းဟာ သို့လော သို့လောနဲ့ သံသယစိတ်တွေ ဝင်မိကြတယ်။ စိဥ္စမာဏရဲ့ စွပ်စွဲမှုအပေါ် ယုံထင်ကြောင်ထင် ထင်မိနေကြတယ်။ တချို့ဆို ဟုတ်

www.burmeseclassic.com



များ ဟုတ်နေမလားလို့တောင် ထင်မိကြတယ်။ ထင်မယ်ဆိုလည်း ထင်စရာ။ ဘာကြောင့်ဆို စိဉ္စမာဏဟာ ညနေပိုင်း ကျောင်းတော်ကို ရောက်လာ၊ မနက်စောစောကျတော့ ကျောင်းတော်ကနေ ပြန်ထွက်သွားတာကို တွေ့နေခဲ့ကြတယ် မဟုတ်လား။ သည်တော့ ဘုရားရှင်အနေနဲ့ ဘယ်လိုများ ဖြေရှင်းချက်ပေးမလဲဆိုပြီး ငံ့လင့်စောင့်စားနေမိကြပါတယ်။ သည်တုန်းမှာပဲ ဘုရားရှင်ထံကနေ စကားသံ ထွက်တော်မူလာခဲ့တယ်။

"အို နှမငယ်... စိဉ္စမာဏ၊ သင့်စကား မှန်တယ်၊ မမှန်ဘူးဆိုတာ သင်နဲ့ကျွန်ုပ်သာ သိကြပါတယ်"

သည်စကားကြောင့်ပဲ ပရိသတ်အဖို့ ပိုလို့တောင် သံသယဝင်မိကြပြန်ပါတယ်။ ဒါပေမဲ့ အမှန်တရားဆိုတာမျိုးက ဖုံးဖိထားလို့ မရပါဘူး။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေထဲက နတ်သားလေးပါးတို့ဟာ ကြွက်ငယ်ကလေးတွေအဖြစ် တန်ခိုးတော်နဲ့ အသွင်ပြောင်းသွားကြပြီး စိဉ္စမာဏရဲ့ ကိုယ်တွင်းကို ဝင်လို့ ဗိုက်မှာကပ်ထားတဲ့ သစ်သားဘုကြီးကို ကိုက်ဖြတ်လိုက်ကြတယ်။ သစ်သားဘုဟာ အရှိန်နဲ့ ခြေမပေါ် ပြုတ်ကျလာခဲ့ပါလေရော။

အဖြစ်မှန်ပေါ်ပေါက်လာတော့ ပရိသတ်ဟာ ငြိမ်သက်မနေတော့ပါဘူး။ ဘုရားရှင်အပေါ် လုပ်ရက်လေခြင်း၊ မဟုတ်မမှန် ကြံစည်ရက်လေခြင်းလို့ဆိုပြီး စိဉ္စမာဏကို ကျောင်းတော်ပေါ်ကနေ ဆွဲချ၊ ထုထောင်းရိုက်ပုတ်ကာ မောင်းထုတ်လိုက်ကြပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၆၁)

## ခက်ခဲလွန်းစွ ဆွမ်းကိစ္စ

မဟာသက္ကရာဇ် ၁၁၄ ခုနှစ်ကိုရောက်တော့ ဗုဒ္ဓဘုရားရှင်က ဝေရဉ္ဇာပြည် ပုဏ္ဏားရွာမှာ ၁၂ ဝါမြောက် ဝါဆိုတော်မူပါတယ်။

အဲသည်အချိန်မှာပဲ ဝေရဉ္ဇာပြည်မှာ အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဖြစ်ခဲ့ပါတယ်။ မိုးက ခေါင်၊ ရေကရှားနဲ့ အစာရေစာ ပြတ်လတ်ခဲ့တာကြောင့် လူပေါင်းများစွာ သေကြေပျက်စီးရပါတော့တယ်။ ဗုဒ္ဓဘုရားရှင်ကို ဝါဆိုဖို့ရာ တောင်းပန်လျှောက်ထားတဲ့ ပုဏ္ဏားသူကြွယ်ကြီးဟာ ဗုဒ္ဓဘုရားရှင်ကို သတိမရဘဲ တစ်ကြိမ်တစ်ခါကလေးတောင်မှ ဆွမ်းမကျွေးခဲ့ပါဘူး။ ရဟန်းသံဃာတွေဆိုတာဟာလည်း ဆွမ်းခံတိုင်း ဆွမ်းမရတဲ့ အခက်အခဲတွေ တွေ့ကြုံရပါတယ်။

သည်လိုမျိုး အခက်အခဲတွေ တွေ့ကြုံနေရတဲ့အချိန်မှာ မြင်းကုန်သည်တွေဟာ ဝေရဉ္ဇာပြည်ကို ရောက်ရှိလာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အခါမှာ မြင်းကုန်သည်တွေဟာ ရဟန်းသံဃာတွေကို မြင်းစာအဖြစ် ကျွေးတဲ့ မုယောဆန် ပေးလှူကြပါတယ်။ ဒါနဲ့ပဲ ရဟန်းတို့လည်း မြင်းစာမုယောဆန်အနည်းငယ်ကို အမှုန့်ထောင်းပြီး ရေနဲ့ ဖျော်သောက်ကြရပါတယ်။ ဗုဒ္ဓဘုရားရှင်လည်း အဲသည် မြင်းစာ မုယောဆန်ကိုပဲ ဘုဉ်းပေးရပါတယ်။

သည်လိုနဲ့ပဲ ဝါကျွတ်ကာလကို ရောက်ခဲ့ပါပြီ။ ဗုဒ္ဓဘုရားရှင်က ပုဏ္ဏားသူကြွယ်ကြီးကို အခြားအရပ်တစ်ပါးကို ကြွတော်မူမယ့်အကြောင်း အကြောင်းကြားတော့မှ ပုဏ္ဏားကြီးလည်း သတိရသွားပြီး ဗုဒ္ဓဘုရားရှင်နဲ့ သံဃာတော် ၅၀၀ တို့ကို အကြီးအကျယ် အလှူပေးပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၂)

## စိတ်ထားမမြတ် ဒေဝဒတ်

ဗုဒ္ဓဘုရားရှင်က ကောသမ္ဗီပြည်ကို ရောက်တဲ့အခါ သူဌေးကြီး သုံးဦး ဖြစ်ကြသူ ဃောသိတ၊ ကုက္ကုဋ၊ ပါဝါရိကတို့ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းသုံးကျောင်းမှာ တစ်လှည့်စီ သီတင်းသုံးတော်မူပါတယ်။

ကောသမ္ဗီ ပြည်သူပြည်သားအပေါင်း ဗုဒ္ဓဘုရားရှင်ကို အလွန်ကြည်ညိုကြတဲ့အတွက် များစွာပဲ ပူဇော်လှူဒါန်းမှုတွေ ပြုကြပါတယ်။ ရှင်သာရိပုတ္တရာ အမှူးပြုတဲ့ သာဝကကြီး ရှစ်ကျိပ် (အပါး ၈၀) ကိုလည်းပဲ အထူးဂရုစိုက်ပြီး ပူဇော်လှူဒါန်းကြပါတယ်။ ဒါပေမဲ့လည်း ကောသမ္ဗီပြည်သူပြည်သားတွေဟာ ရှင်ဒေဝဒတ်ကိုကျတော့ အရေးတယူ မလုပ်သလို ပူဇော်လှူဒါန်းခြင်းလည်း မရှိကြသေးပါဘူး။

သည့်အတွက်ကြောင့် ရှင်ဒေဝဒတ်ဟာ ဘုရားရှင်အပေါ် မနာလိုမရှုဆိတ် ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် ရှင်သာရိပုတ္တရာ စတဲ့ သာဝကတွေအပေါ်မှာလည်း မကျေမနပ် ဖြစ်နေမိလေရဲ့။ အဲဒါကြောင့်ပဲ သူတစ်ပါးတည်း ကောသမ္ဗီပြည်ကနေ ရာဇဂြိုဟ်ကို ကြွသွားပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၆၃)

## ဖြားယောင်းသွေးဆောင်ခြင်း

ဒေဝဒတ်ဟာ လောကီစျာန်ကို ရရှိနေသူ ဖြစ်ပါတယ်။ သူဟာ ကောသမ္ဗီကနေ ရာဇဂြိုဟ်ကို ရောက်တော့ လာဘ်လာဘတိုးပွားအောင် ဗုဒ္ဓဘုရားရှင်ကို ယှဉ်ပြိုင်နိုင်အောင် ဘယ်သူ့ကို အသုံးချရမလဲလို့ စဉ်းစားလိုက်တဲ့အခါ ဗိမ္ဗိသာရ မင်းကြီးရဲ့ သားတော်အိမ်ရှေ့မင်းသား အဇာတသတ်ကို ဖျတ်ခနဲ မြင်ယောင်မိပါတယ်။

"ငါဟာ အဇာတသတ်ကို သိမ်းသွင်းရမယ်။ လာဘ်လာဘတွေ တိုးပွားအောင် လုပ်ရမယ်"

ဒေဝဒတ်ဟာ တရားကျင့်ခဲ့တဲ့အတွက် လောကီစျာန် အဘိညာဉ်တန်ခိုးတွေ ရနေပေမဲ့လည်း အာသဝေါတရားတွေ ကုန်ခန်းတဲ့ ရဟန္တာတော့ မဖြစ်သေးပါဘူး။ တစ်ရက်မှာတော့ ဒေဝဒတ်ဟာ မိမိကိုယ်မိမိ လုလင်ပျိုသဖွယ် ဖန်ဆင်းပြီး ခါး မှာလည်း မြွေတစ်ကောင်ကို ပတ်လို့ အဇာတသတ်ရဲ့ရှေ့ကို

www.burmeseclassic.com

www.burmeseclassic.com


ဘွားခနဲ ရောက်အောင် အစွမ်းပြလိုက်ပါတယ်။ ရုတ်တရက်ဆိုတော့ အဇာတသတ်ဟာ အထိတ်တလန့်ဖြစ်ပြီး တုန်လှုပ်သွားခဲ့ရပါတယ်။ သည်အခါကျမှ ဒေဝဒတ်ဟာ ရဟန်းအသွင်ပြောင်းလဲပြီး ဒေဝဒတ်ရှေ့မှာ ရပ်လိုက်ပါတယ်။

"အရှင်မင်းသား... မကြောက်လန့်ပါနဲ့။ ငါဟာ တန်ခိုးအရာနဲ့ ပြည့်စုံတဲ့ ရှင်ဒေဝဒတ်ဖြစ်ပါတယ်"

သည်တော့ အဇာတသတ်ဟာ ဒေဝဒတ်ကို သိပ်ပြီးတော့လေးစားကြည်ညိုသွားပြီး တပည့်ခံပါတယ်။ ဒေဝဒတ်ရှိရာကို နေ့စဉ်သွားပြီး ဆွမ်းအုပ်ငါးရာ လှူဒါန်းပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၄)

# ပျောက်ကွယ်လေသော တန်ခိုးများ

ဒေဝဒတ်အဖို့ အဇာတသတ်ရဲ့ဆရာ ဖြစ်လိုက်တာဟာ ရဟန်းအချို့အနေနဲ့ အထင်ကြီးစရာ ဖြစ်လာခဲ့ရပါပြီ။ ရာဇဂြိုဟ်ရဲ့ ထီးနန်းကို စိုးစံရမယ့် အိမ်ရှေ့မင်းသားက နေ့စဉ်ဆွမ်းအုပ် ၅၀၀ ပို့ပေးနေလေတော့ ဘယ်မှာ အထင်သေးလို့ ဖြစ်မှာတဲ့လဲ။ ပြီးတော့ ဒေဝဒတ်ဆိုတာ ဗုဒ္ဓဘုရားရှင်ရဲ့ ယောက်ဖတော်။ နောက် လောကီဈာန် အဘိညာဉ်တန်ခိုးကို ရရှိထားတဲ့သူ။ အဲဒါတွေကြောင့်ပဲ ရဟန်းအချို့ဟာ ဒေဝဒတ်ထံ ရောက်လာပြီး တပည့်အဖြစ် ခံယူကြပါတယ်။ သည်တော့ ဒေဝဒတ်ဟာ သူ့ကိုယ်သူ အတော်ကလေး ဟုတ်နေပါလားဆိုပြီး ဘဝင်မြင့်၊ အထင်ကြီးသွားပါတော့တယ်။ ဒါ့အပြင်...

"ငါဟာ... သီးခြား ဘုရားတစ်ဆူ လုပ်တော့မယ်။ ရဟန်းတွေကို ငါ့ထံ ခေါ်ဆောင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကြံစည်စိတ်ကူးမိပါတယ်။ အဲသည်တုန်းမှာပဲ သူ ရရှိထားတဲ့ လောကီစျာန် အဘိညာဉ်တန်ခိုးတွေဆိုတာ လုံးဝ ပျောက်ကွယ်သွားပါတော့တယ်။

"မဖြစ်ဘူး မဖြစ်ဘူး၊ ငါ့မှာ တန်ခိုးတော်တွေ ဆိတ်သုဉ်းပျောက်ကွယ်သွားတယ်ဆိုတာကို လုံးဝ လူသိ ခံလို့ မဖြစ်ဘူး။ ဘယ်သူမှ မရိပ်စားမိအောင် ဖုံးကွယ် ထားရမယ်"

ဒါဟာ ဒေဝဒတ် စိတ်ထဲကနေ ရွတ်ဆိုနေတဲ့ စကားသံ တွေပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၅)

## ပလလည်း တောသို့ မြန်းခဲ့ပြီ

ဗုဒ္ဓဘုရားရှင်ဟာ ကောသမ္ဗီပြည်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။

တစ်နေ့မှာတော့ ကောသမ္ဗီပြည်မှာရှိတဲ့ သံဃာအချို့ဟာ အကြောင်းကိစ္စတစ်ခုကို အရင်းခံလို့ အချင်းချင်း သဘောထားကွဲလွဲကြပါတယ်။ အနေအထားတင်းမာပြီး အငြင်းအခုံ ဖြစ်ကြပါတယ်။ နောက်ဆုံး အဓိကရဏ်းဖြစ်ပွားပြီး သံဃာနှစ်စု ကွဲသွားပါတော့တယ်။

သည်လိုမျိုး သံဃာအချင်းချင်း သင်းကွဲတာကို ဗုဒ္ဓဘုရားရှင်က နှစ်သက်တော်မမူပါဘူး။ အဲဒါကြောင့်ပဲ အမျိုးမျိုး ဟောပြဆုံးမတော်မူပါတယ်။

"ချစ်သားရဟန်းတို့ ...

တစ်ပါးနဲ့တစ်ပါး ညီညီညွတ်ညွတ် နေကြရမယ့်ဥစ္စာ၊ ဘာဖြစ်လို့ သင်းကွဲရတာတဲ့လဲ။ မငြင်းခုံကြပါနဲ့။ ခိုက်ရန် မဖြစ်ပွားကြပါနဲ့"

www.burmeseclassic.com


www.burmeseclassic.com



ဘယ်လိုပဲ ဆုံးမဆုံးမ၊ သံဃာတော်တွေဟာ တစ်ဖက်နဲ့ တစ်ဖက် တင်းခံနေကြပါတယ်။ ဘုရားရှင်ရဲ့ ဆုံးမစကားကို လည်း နားမဝင်ကြပါဘူး။ အလေးအနက်ထားရကောင်းမှန်း လည်း သတိမရကြပါဘူး။

အဲဒါကြောင့်ပဲ နောက်ဆုံးမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ဘယ်သံဃာကိုမှ အသိမပေးဘဲ ကောသမ္ဗီပြည်ကနေ တစ်ပါး တည်း ထွက်ကြွသွားပါတော့တယ်။ သည်လိုနဲ့ပဲ ပါလိလေယျက လို့ခေါ်တဲ့ ပလလည်း တောကို ရောက်ရှိသွားခဲ့ပြီး အဲသည် တောမှာပဲ တစ်ပါးတည်း သီတင်းသုံးတော်မူပါတယ်။ သည် အခါ ပလလည်း ဆင်မင်းက ဘုရားရှင်ကို သစ်သီးကြီးငယ် တွေ ရှာဖွေဆက်ကပ်ပြီး လုပ်ကျွေးတော်မူပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၆)

## မှားမိသည့် ဝန်တာ

ကောသမ္ဗီပြည်မှာတော့ ပြည်သူပြည်သားတွေ ကြည်ညို တဲ့ ဘုရားရှင် မရှိတော့ပါဘူး။ အကြောင်းရင်းခံကို သိသွား ကြတဲ့ ဒါယကာတွေဟာ အဓိကရုဏ်းဖြစ်ပွားတဲ့ သံဃာတွေကို ဆွမ်းမလောင်းကြတော့ပါဘူး။ သည်တော့ ဒါယကာတွေရဲ့ ဆွမ်းကို မှီနေကြရတဲ့ သံဃာတွေဟာ သတိသံဝေဂတွေရပြီး အချင်းချင်း ဝန်ချတောင်းပန်ကြပါတယ်။ ဒါယကာတွေကိုလည်း

"ဒါယကာတို့... ငါတို့သံဃာတွေအချင်းချင်း အညီအညွတ်ဖြစ်သွားကြပါပြီ။ ငါတို့ကို ရှေးကလိုပဲ ပြန် လည် ဆက်ဆံကြပါ"

လို့ ဆိုလာကြပါတော့တယ်။

ဝါလကင်းလွတ် သီတင်းကျွတ်ကို ရောက်တဲ့အခါမှာတော့ အနာထပိဏ်သူဌေး အမှူးပြုတဲ့ ဒါယကာအပေါင်းဟာ အရှင် အာနန္ဒာထံ လူလွှတ်ပြီး ဗုဒ္ဓဘုရားရှင်ကို ပင့်ဆောင်ပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



ပျော့ကွက်တွေအား တောင်းပန်ကြပါတယ်။ ထို့အတူပါပဲ။ အဓိကရုဏ်း ဖြစ်ခဲ့ကြတဲ့ သံဃာတွေကလည်း တောင်းပန်ကြပါတယ်။

ဗုဒ္ဓဘုရားရှင်လည်း ဝါကျွတ်ပြီဖြစ်လို့ သာဝတ္ထိပြည်ကို ကြွမြန်းပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးပါတယ်။ သည်အခါ အဓိကရုဏ်းဖြစ်ခဲ့ကြတဲ့ သံဃာတွေလည်း ကောသမ္ဗီပြည်ကနေ သာဝတ္ထိကို လာရောက်ပြီး ဘုရားရှင်ကို ဝန်ချတောင်းပန်ကြပါတယ်။

"အရှင်ဘုရား... တပည့်တော်တို့ရဲ့ အမှားအတွက် ဝန်ချတောင်းပန်ပါတယ်ဘုရား"

အဲသည်အခါမှာ ဗုဒ္ဓဘုရားရှင်လည်း အဓိကရုဏ်းဖြစ်ခဲ့ကြတဲ့ သံဃာတွေကို ဆိုဆုံးမပြီး တရားဒေသနာတွေ ဟောကြားတော်မူပါတယ်။ ဒေသနာတော် ဆုံးတဲ့အခါမှာတော့ အဲသည် သံဃာတွေဟာ တရားထူးတွေ ရရှိသွားခဲ့ကြတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၇)

## ထူးခြားလိမ္မာ ရာဟုလာ

ဗုဒ္ဓဘုရားရှင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ စမ္ပယ်သီတင်းသုံးတော်မူစဉ်က ဖြစ်ပါတယ်။

တစ်နေ့မှာတော့ သာဝတ္ထိမြို့တွင်းကို ဆွမ်းခံထွက်ကြွခဲ့ပါတယ်။ ဘုရားရှင်ရဲ့ နောက်တော်ပါးကနေ လိုက်ပါလာသူကတော့ အသက် ၁၈ နှစ်အရွယ် ရှိနေပြီဖြစ်တဲ့ သားတော် ရာဟုလာပါပဲ။ ရာဟုလာက ခမည်းတော် ဗုဒ္ဓဘုရားရှင်ရဲ့ နောက်တော်ပါးက လိုက်ပါလာရင်း ခမည်းတော်ဗုဒ္ဓရဲ့ ရုပ်အဆင်းတင့်တယ်မှုကို သတိပြုမိပါတယ်။

"အဖဘုရားရှင်ရဲ့ ရုပ်ရည်တော်ဟာ သိပ်ကို တင့်တယ်လှပါကလား။ ငါဟာလည်း ဖခမည်းတော် ဘုရားရှင်နည်းတူ တင့်တယ်ပေတာပဲ။ တကယ်လို့ ဖခမည်းတော်သာ စကြဝတေးမင်းအဖြစ် ခံယူခဲ့မယ်ဆိုရင် ငါ့ကို ကြီးမြတ်တဲ့ ရာထူးပေးမှာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုး သားတော်ရာဟုလာရဲ့ မှားယွင်းတဲ့ တောင့်တမှုကို ဗုဒ္ဓဘုရားရှင်က သိတော်မူတဲ့အတွက်...

"ချစ်သားရာဟုလာ... မကြံကောင်း မစည်ရာကို မတွေးတောပါနဲ့"

လို့ဆိုပြီး တရားဟောတော်မူပါတယ်။ သားတော် ရာဟုလာကို အကြောင်းပြုလို့ များစွာသော တရားဒေသနာတော်တွေကို ဟောပါတယ်။ ပါရမီဉာဏ်ရင့်သန်တဲ့ ရှင်ရာဟုလည်း အကျွတ်တရားတွေ ရရှိပြီး အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာ ဖြစ်သွားပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၇)

## ဆုံးမတတ်စွာ မြတ်ဗုဒ္ဓါ

သားတော်ရာဟုလာကို ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေ များစွာရှိတဲ့အထဲက အောက်ပါတရားတော်ဟာ သိပ်ကို မှတ်သားလောက်စရာ ဖြစ်ပါတယ်။

"သားတော်ရာဟုလာ... အထပ်ထပ် ဆင်ခြင်ပြီးကာမှ ကိုယ်ဖြင့် အလုပ်လုပ်ရမယ်။ အထပ်ထပ် ဆင်ခြင်ပြီးကာမှ နှုတ်ဖြင့် ပြောဆိုရမယ်။ အထပ်ထပ် ဆင်ခြင်ပြီးကာမှ စိတ်ဖြင့် ကြံစည်ရမယ်။

ချစ်သားရာဟုလာ... သင်ဟာ ကိုယ်ဖြင့် အလုပ်တစ်ခုခုကို လုပ်တော့မယ်ဆိုတဲ့အခါ ငါ ပြုလုပ်မယ့် အလုပ်ဟာ မိမိအဖို့ ဆင်းရဲမလား၊ တစ်ပါးသူတို့ ဆင်းရဲမလား၊ မိမိရော တစ်ပါးသူပါ ဆင်းရဲမလား။ သည်အမှုကိစ္စဟာ အကုသိုလ်ဖြစ်မှာလား၊ ဆင်းရဲဒုက္ခကိုပွား စေမှာလား၊ ဆင်းရဲခြင်း အကျိုးရှိမှာလားဆိုတာကို ဆင်ခြင်ရမယ်။

www.burmeseclassic.com


www.burmeseclassic.com



ချစ်သားရာဟုလာ… အဲသည်လိုမျိုး ဆင်ခြင်ပြီး ငါပြုလုပ်မယ့် အမှုကိစ္စအား ငါ့အတွက် ဆင်းရဲခြင်းကို ဖြစ်စေမယ်၊ သူတစ်ပါးကိုလည်း ဆင်းရဲစေမယ်၊ ငါရော သူတစ်ပါးပါ ဆင်းရဲစေမယ်။ သည်အမှုဟာ အကုသိုလ် ဖြစ်စေတယ်။ ဆင်းရဲဒုက္ခ ပွားများစေတတ်တယ်။ ဆင်းရဲခြင်းအကျိုးရှိတယ်ဆိုတာတွေ သိလာရင် အဲသည်အမှုကိစ္စကို မပြုလုပ်အပ်ဘူး။

ချစ်သားရာဟုလာ… ငါ ပြုလုပ်မယ့် အမှုကိစ္စဟာ မိမိအဖို့ ဆင်းရဲခြင်းလည်း မဖြစ်၊ တစ်ပါးသူကိုလည်း ဆင်းရဲစေခြင်း မဖြစ်။ မိမိရော သူတစ်ပါးပါ ဆင်းရဲခြင်းလည်း မဖြစ်။ ဤအမှုကိစ္စဟာ ကုသိုလ်ဖြစ်စေတယ်။ ချမ်းသာသုခကို ပွားစေတတ်တယ်။ ချမ်းသာခြင်းအကျိုးလည်း ရှိစေတယ်ဆိုတာကို သိခဲ့ရင် အဲသည် အမှုကိစ္စကို လုပ်ဆောင်သင့်ပေတယ်ချစ်သား…”

❖



www.burmeseclassic.com

www.burmeseclassic.com

(၆၉)

# လက်ညှိုးတွေမှ လိုက်ဖြတ်သူ

ဘစ်ခါမှာတော့ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားဖြစ်တဲ့ အင်္ဂုလိမာလကို ဆရာဖြစ်တဲ့သူက အထင်အမြင်လွဲမှားပြီး သေကြောင်းကြံစည်ပါတယ်။

"အင်္ဂုလိမာလ... လူအများရဲ့ လက်ညှိုး တစ်ထောင်နဲ့ ပူဇော်မယ်ဆိုရင် သင့်ကို လွန်ကဲထူးမြတ်တဲ့ အတတ်ပညာ သင်ကြားပေးမယ်"

ဆရာလုပ်သူက အဲသည်စကားဆိုတော့ အင်္ဂုလိမာလလည်း တောပုန်းဓားပြကြီးလုပ်ပြီး လူတွေကို ဖမ်းဆီးလို့ လက်ညှိုးတွေ ဖြတ်ယူပါတယ်။ အဲသည် လက်ညှိုးတွေကို ပန်းကုံးပမာ နှယ်ကြိုးနဲ့ ဖောက်သီပြီး လည်မှာဆွဲပါတယ်။ လက်ညှိုးပေါင်းဟာ တစ်ထောင်အပြည့် မရသေးပါဘူး။

ပြည်သူပြည်သားတွေဟာ အင်္ဂုလိမာလရန်ကို ကြောက်ရွံ့ကြတဲ့အတွက် ကောသလမင်းကြီးကို တိုင်ကြားပါတယ်။ ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆီးဖို့ တောင်းဆိုကြပါတယ်။ ဒါကို အင်္ဂုလိမာလရဲ့ မိခင် ကြားသိသွားပြီး သားအတွက် စိုးရိမ်ပူပန်တာနဲ့ ချော့ခေါ်ဖို့ရာ အင်္ဂုလိမာလ ခိုအောင်းနေတဲ့တောကို ဝင်သွားပါတော့တယ်။

သည်အခါမှာ ဗုဒ္ဓဘုရားရှင်ဟာ အင်္ဂုလိမာလကို ချေချွတ်ဖို့ရာအတွက် အင်္ဂုလိမာလ ခိုအောင်းနေထိုင်တဲ့ တောအုပ်တွင်းသို့ တစ်ပါးတည်း ကြွသွားတော်မူပါတယ်။ သည်အချိန်မှာ အင်္ဂုလိမာလအဖို့ လက်ညှိုးပေါင်းတစ်ထောင်ပြည့်ဖို့ရာ တစ်ချောင်းတည်းသာ လိုပါတော့တယ်။ သည်အခိုက် မိခင်ကို တွေ့မြင်လိုက်ပြီး လက်ညှိုးတစ်ချောင်းရဖို့သာ စိတ်ဇောကပ်နေတာမို့ မိခင်ရဲ့နောက်ကို ဓားတရမ်းရမ်းနဲ့ လိုက်ပါတော့တယ်။ သည်အခါ ဘုရားရှင်ဟာ အင်္ဂုလိမာလနဲ့ သူ့မိခင်ကြားကို ဝင်ပြီး ရပ်လိုက်ပါတယ်။ သည်တော့ အင်္ဂုလိမာလလည်း သူ့မိခင်နောက်ကို မလိုက်တော့ဘဲ ဘုရားရှင်နောက်ကိုသာ သည်းကြီးမည်းကြီး လိုက်ပါတော့တယ်။

ဗုဒ္ဓဘုရားရှင်ဟာ အင်္ဂုလိမာလကို တရားပြပြီး ဆုံးမတော်မူပါတယ်။ အင်္ဂုလိမာလလည်း တရားရသွားပြီး ဓားကိုချလို့ ပုဆစ်ဒူးတုပ် ကန်တော့ပါတော့တယ်။ သည့်နောက် ဗုဒ္ဓရဲ့ ခြေအစုံကို ဦးတိုက်ရင်း ရဟန်းအဖြစ် ခံယူလိုက်ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၇၀)

## အာဠဝကတဲ့လား

ဗုဒ္ဓဘုရားရှင် အာဠဝီပြည်မှာ စမွယ်သီတင်းသုံးစဉ်အခါက ဖြစ်ပါတယ်။

သည်အချိန်မှာ အာဠဝီကဘီလူးဟာ သောင်းကျန်းနေပါပြီ။ သူဟာ တစ်နေ့ကို လူတစ်ယောက်ကျ ဖမ်းဆီးသတ်ဖြတ်စားသောက်နေပါသတဲ့။ သည်တော့ ဗုဒ္ဓဘုရားရှင်ဟာ အာဠာဝကဘီလူးကို ချေချွတ်ဆုံးမဖို့ရာအတွက် အာဠဝက ကျင်လည်ကျက်စားရာ မြို့ပြင်ရှိ ညောင်ပင်ကို ထွက်ကြွသွားပါတယ်။ ပြီးတော့ အာဠဝကရဲ့ ဘုံဗိမာန်ထဲကို ရဲရဲဝင့်ဝင့် ဝင်ရောက်နေရာယူလိုက်ပါတယ်။

ဒါကို တွေ့မြင်လိုက်ရတဲ့ အာဠဝကဟာ ဒေါသအမျက်ခြောင်းခြောင်းထွက်ပါတော့တယ်။ တောင်ထွတ်ပေါ်ကို ခုန်တက်ရင်း ဗုဒ္ဓဘုရားရှင်ကို လက်နက်မျိုးစုံနဲ့ ပစ်ခွင်းနေလိုက်တာ တစ်ညလုံးလိုလိုပါပဲ။ ဒါပေမဲ့လည်း ဗုဒ္ဓဘုရားရှင်ဟာ

www.burmeseclassic.com

www.burmeseclassic.com




မေတ္တာတရား ပွားများနေတာကြောင့် ဘယ်လက်နက်မှ ထိပါးခြင်း မရှိခဲ့ပါဘူး။ နောက်ဆုံးမှာတော့ အာဠာဝကလည်း လက်လျှော့သွားရတော့တယ်။ အဲသည်အချိန်မှာပဲ ဘုရားရှင်က ဆုံးမပဲ့ပြင်ပြီး တရားဒေသနာတော်တွေ ဟောကြားတဲ့အခါ အာဠဝကလည်း အကျွတ်တရားတွေ ရသွားပါတော့တယ်။

"အရှင်ဘုရား... တပည့်တော် မှားခဲ့ပါတယ်။ ခုချိန်ကစပြီး သီလတရားကို ကောင်းစွာစောင့်ထိန်းလို့ အရှင်ဘုရားရဲ့ အဆုံးအမအတိုင်း တပည့်တော် ပြုကျင့်ပါတော့မယ်"

လို့ ဝန်ချတောင်းပန်ပြီး အကြိမ်ကြိမ် ဦးနှိမ်ချပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇၁)

# ယဇ်ပူဇော်တဲ့ပွဲ

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ ခါဏုမတ အမည်ရှိတဲ့ ရွာကလေးကို ဒေသစာရီ ကြွချီရောက်ရှိလို့ လာပါတယ်။

သည်အချိန်မှာပဲ ဗြဟ္မဏပညာရှိ ကူဋဒန္တဟာ ယဇ်ပူဇော်ပွဲကြီးတစ်ခု ပြုလုပ်ဖို့ရာ စီစဉ်နေပါသတဲ့။ ယဇ်ပူဇော်ဖို့ရာအတွက် နွားလား၊ နွားထီးငယ်၊ နွားမငယ်၊ ဆိတ်သိုးအကောင် ၇၀၀ စီကို သတ်ဖြတ်ရအောင် ယဇ်ချည်တိုင်မှာ နှောင်တည်းထားပါတယ်။ သေရတော့မှာကို သိနေတဲ့ တိရစ္ဆာန်တွေဆိုတာ အော်လို့ဟစ်လို့ အသံတွေစီတယ် မရှိပါဘူး။

သည်အခါမှာ ဗုဒ္ဓဘုရားရှင်ဟာ ဗြဟ္မဏပညာရှိ ကူဋဒန္တထံ ကြွသွားပြီး သူတစ်ပါးအသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းဟာ အကုသိုလ်ဖြစ်ကြောင်း၊ အပြစ်တို့ကို ထုတ်ဖော်ညွှန်ပြပြီး တရားဒေသနာတွေကို ဟောကြားတော်မူပါတယ်။ သည်အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပညာရှိ သပ်ဒီပြမ်ခဲ့သွားတဲ့ ,ကူငှဒ်နွှဟာ အမြင်မှန် ရရှိသွားပါတော့တယ်။

"အရှင်ဘုရား...

သည်ယနေ့မှစတင်ပြီး တပည့်တော်ဟာ အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလို့ မှတ်ယူတော်မူပါဘုရား... ယခုပဲ ယဇ်ပူဇော်မယ့် တိရစ္ဆာန်အားလုံးကို ဘေးမဲ့ပေးလိုက်ပါပြီ။ သည်တိရစ္ဆာန်တွေဟာ စိမ်းစိုတဲ့ မြက်ပင်တွေကို စားကြပါစေ။ အေးမြတဲ့ရေကို သောက်ကြပါစေ။ ကြည်လင်သန့်ရှင်းတဲ့လေကို ရှူကြပါစေ ဘုရား..."

သည်လိုလျှောက်ထားရင်း ဘုရားရှင်ရဲ့ ခြေအစုံကို ဦးခိုက်ပူဇော်လိုက်ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၇၂)

## ဟောကြားမြွက်ဖော် မင်္ဂလာတရားတော်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် စမွာယ် သီတင်းသုံးစဉ်အခါက ဖြစ်ပါတယ်။

တစ်ခုသော သန်းခေါင်ယံအချိန်မှာ နတ်သားတစ်ပါးဟာ ဘုရားရှင် ရှေ့တော်မှောက်ကို ရောက်ရှိလာပြီး ရှိခိုးတောင်းပန် လျှောက်ထားတော်မူပါတယ်။

"အရှင်ဘုရား...

လူနတ်တို့ ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တဲ့ မင်္ဂလာတရားတော်ကို မြွက်ဖော်ဟောကြားပေးတော်မူပါ ဘုရား..."

သည်အခါ ဗုဒ္ဓဘုရားရှင်က...

"ကောင်းပေပြီ နတ်သား၊ လောကီ လူသား အပေါင်းနဲ့တကွ နတ်တို့အတွက် ကြီးပွားရာ ကြီးပွား ကြောင်းတွေကတော့...

www.burmeseclassic.com

www.burmeseclassic.com



၁။ လူမိုက်တို့နှင့် မပေါင်းဖော်ခြင်း
၂။ ပညာရှိတို့ကို ဆည်းကပ်ခြင်း
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း
၄။ သင့်တင့်သောအရပ်၌ နေထိုင်ခြင်း
၅။ ကောင်းမှုပြုသူဖြစ်ခြင်း
၆။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း
၇။ အကြားအမြင်များသူဖြစ်ခြင်း
၈။ အပြစ်မရှိသော လက်မှုအတတ်တို့ကို တတ်မြောက်ခြင်း
၉။ ဝိနည်းစသော သိက္ခာကောင်းရှိခြင်း
၁၀။ ကောင်းသောစကားကို ဆိုခြင်း
၁၁။ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးခြင်း
၁၂။ သားမယားတို့ကို ထောက်ပံ့ခြင်း
၁၃။ အနှောင့်အယှက်မရှိသော အမှုတို့ကို ပြုခြင်း
၁၄။ အလှူဒါနပြုခြင်း
၁၅။ မြတ်သောအကျင့်ကို ကျင့်ခြင်း
၁၆။ ဆွေမျိုးတို့အား ထောက်ပံ့ခြင်း
၁၇။ အပြစ်ကင်းသော အမှုတို့အား ပြုခြင်း
၁၈။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ခြင်း
၁၉။ မကောင်းမှုမှ "အထူး" ရှောင်ကြဉ်ခြင်း
၂၀။ မူးယစ်သေရည်တို့ကို မသောက်သုံးခြင်း
၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပြုခြင်း
၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း

www.burmeseclassic.com

www.burmeseclassic.com



၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း

၂၄။ ရောင့်ရဲလွယ်ခြင်း

၂၅။ သူပြုခဲ့ဖူးသော ကျေးဇူးကို သိခြင်း

၂၆။ သင့်လျော်သောအခါ၌ သူတော်ကောင်းတရားကို နာယူခြင်း

၂၇။ သည်းခံခြင်း

၂၈။ သူတော်ကောင်းတို့ ဆုံးမအပ်သော စကားကို လိုက်နာခြင်း

၂၉။ ရဟန်းသာမဏေတို့အား ဖူးမြင်ခြင်း

၃၀။ သင့်တင့်သောအခါ၌ တရားတော်တို့ကို မေးမြန်းဆွေးနွေးခြင်း

၃၁။ မြိုးခြံစွာကျင့်ခြင်း

၃၂။ သမထအကျင့်တို့ကို ကျင့်ခြင်း

၃၃။ အရိယသစ္စာတို့ကို သိမြင်အောင်ကျင့်ခြင်း

၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ကျင့်ခြင်း

၃၅။ လောကဓံတရားနှင့် တွေ့ကြုံပါက တုန်လှုပ်မှုမရှိရန် ကျင့်ခြင်း

၃၆။ လောကဓံတရားနှင့် တွေ့ကြုံပါက စိုးရိမ်မှုမရှိရန် ကျင့်ခြင်း

၃၇။ လောကဓံတရားနှင့် တွေ့ကြုံပါက စိတ်၌ ရမ္မက်မရှိရန် ကျင့်ခြင်း

၃၈။ လောကဓံတရားနှင့် တွေ့ကြုံပါက စိတ်၌ ဘေးရန် မငြိရန် ကျင့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အစရှိတဲ့ ၃၈ ပါးသော မင်္ဂလာတရားတော်တွေဟာ လူ၊ နတ်တို့အတွက် ကြီးပွားရာ ကြီးပွားကြောင်းပဲဖြစ်ပါတယ် နတ်သား"

"ဝမ်းမြောက်ဝမ်းသာရှိလှပါတယ် အရှင်ဘုရား"

နတ်သားလည်း ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး နတ်ပြည်ကို ပြန်တက်သွားပါတော့တယ်။

နံနက်မိုးသောက်တဲ့အခါမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ တရားဘဏ္ဍာမှူးဖြစ်တဲ့ ညီတော်အာနန္ဒာကိုခေါ်လို့ အဲသည် မင်္ဂလာတရားတော်ကို ပြန်လည် ဟောကြားတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇၃)

## ဟောကြားမြွက်ဖော် သိင်္ဂါလသုတ်တော်

သိင်္ဂါလဆိုတာ သူကြွယ်ရဲ့သား လုလင်တစ်ဦးပါ။

သူဟာ ဖခင်ဖြစ်သူ ကွယ်လွန်ခါနီး မှာကြားခဲ့တဲ့ စကားကို မှတ်သားထားခဲ့တာမို့ ဖခင် ကွယ်လွန်သွားပြီးဟဲ့နောက် တစ်မနက်မှာတော့ ရာဇဂြိုဟ် မြို့တွင်းတစ်နေရာမှာ အရပ်ခြောက်မျက်နှာကို လှည့်လည်ရှိခိုးနေပါသတဲ့။

သည်အချိန်မှာ ဗုဒ္ဓဘုရားရှင်ဟာ မြို့တွင်းကို ကြွနေတုန်း သိင်္ဂါလသတို့သားရှိရာကို ရောက်ခဲ့ပါတယ်။ အကျိုးအကြောင်းကို မေးမြန်းတော်မူပြီး အကြောင်းစုံသိရှိသွားတဲ့အခါမှာတော့…

"ချစ်သား သိင်္ဂါလ… သင့်ရဲ့ အယူအဆတွေဟာ လွဲမှားနေပါတယ်။ အရပ်ခြောက်မျက်နှာကို ရှိခိုးဖို့ မလိုပါဘူး။ ငါ ညွှန်ပြတဲ့ ကျင့်ဝတ်တွေကို လိုက်နာဖို့ပဲ လိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မိန့်ကြားတော်မူပြီး သိင်္ဂါလသုတ်တော်ကို ဟောကြားတော်မူပါတယ်။ အဲသည့်သုတ်တော်မှာ...

✦ မိဘကျင့်ဝတ်

✦ သားသမီးကျင့်ဝတ်

✦ ဆရာကျင့်ဝတ်

✦ တပည့်ကျင့်ဝတ်

✦ ခင်ပွန်းကျင့်ဝတ်

✦ မယားကျင့်ဝတ်

✦ မိတ်ဆွေကျင့်ဝတ် စတာတွေ ပါဝင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၇၄)

# ကာလာမသုတ်တော် ဟောမြွက်ဖော်

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်က ကာလာမမင်းမျိုးတို့ အုပ်စိုးရာ ကေသမုတ္တိနိဂုံးကို ကြွချီတော်မူခဲ့ပါတယ်။ အဲသည်မှာ ကာလာမအမျိုးသားတို့က မိမိတို့ တွေ့ကြုံနေရတဲ့ ပြဿနာ အရပ်ရပ်ကို လျှောက်ထားတင်ပြကြပါတယ်။

"အရှင်ဘုရား... ဆရာအမျိုးမျိုးရှိကြတဲ့အနက် ဆရာတိုင်းလိုလိုပဲ မိမိတို့ရဲ့ အယူဝါဒကသာ မှန်တယ်လို့ ပြောဆိုကြပါတယ်။ ဘယ်ဆရာရဲ့ အယူဝါဒသာ မှန်ကန်တယ်ဆိုတာ တပည့်တော်တို့ မသိနိုင်ကြတာမို့ ရှင်းလင်းဟောကြားပေးတော်မူပါ ဘုရား"

အဲသည်အခါ ဗုဒ္ဓဘုရားရှင်က...

"ချစ်သားတို့...

သူတစ်ပါးထံက တစ်ဆင့်ကြားနဲ့ မှန်ပြီဖြေသို့ မယူဆကြပါနဲ့။ ဆရာအဆက်ဆက် ဆောင်လာခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com




အစဉ်အလာဆိုပြီးတော့လည်း မှန်ပြီလို့ မယူဆကြပါနဲ့။ ဒါကြောင့် ဒီလိုဖြစ်ရတာ။ ဒါကြောင့် မှန်ပြီဆိုပြီးတော့လည်း မယူကြပါနဲ့။ ကျမ်းဂန်လာစကား ဆိုရုံမျှနဲ့လည်း မှန်ပြီလို့ မယူဆကြပါနဲ့။ လေးစားလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သူ့စကားတော့ မှန်ပြီဆိုပြီး မယူကြပါနဲ့။ မိမိဉာဏ်အမြင်နဲ့ သုံးသပ်ပြီး မှန်ပြီလို့လည်း မယူကြပါနဲ့။ ကြံဆယူခြင်းဖြင့်လည်း မှန်ပြီလို့ မယူဆကြပါနဲ့။

ချစ်သားတို့...

ဘယ်အရာမဆို ကိုယ်တိုင်သိအောင် လုပ်ပြီးမှသာ မှန်ပြီလို့ ယူဆကြပါ”

လို့ ဆုံးမမိန့်ကြားကာ ကာလာမသုတ်တော်ကို မြွက်ဖော်ဟောကြားတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇၅)

## ဒေဝဒတ်ရဲ့ရန်ငြိုး

ဗုဒ္ဓဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည်က ဝေဠုဝန်ကျောင်းတော်မှာ စံမြန်းနေတုန်း တစ်နေ့မှာတော့ ရှင်ဒေဝဒတ် ရောက်ရှိလာပါတယ်။

"အရှင်ဘုရား... အရှင်ဘုရားဟာ အသက်အရွယ်အားဖြင့် ကြီးရင့်တော်မူပါပြီ။ အဲဒါကြောင့် အရှင်ဘုရားရဲ့ တပည့်ဒါယကာတွေနဲ့ သာဝကအပေါင်းကို တပည့်တော်အား လွှဲထားအပ်နှင်းတော်မူပါ"

သည်လိုလျှောက်ထားတဲ့အခါ သင့်လျော်အပ်စပ်တဲ့အရာ မဟုတ်တဲ့အတွက် ဗုဒ္ဓဘုရားရှင်က လက်မခံဘဲ ငြင်းဆိုတော်မူပါတယ်။

"ချစ်သား... ဒေဝဒတ်၊ သင့်ရဲ့အကြံဟာ လုံးဝကို မသင့်လျော်တဲ့အကြံ ဖြစ်တယ်။ ရဟန်းသံဃာတွေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဦးဆောင်ဖို့ရာ မကြံပါနဲ့။ သင့်ဘဝ လွတ်မြောက် ရာ လွတ်မြောက်ကြောင်းကိုပဲ အားထုတ်စမ်းပါ”

အဲသည်လို ဘုရားရှင်က မိန့်ကြားတာတောင်မှ ဒေဝဒတ်ဟာ လက်လျှော့မသွားဘဲ သုံးကြိမ်သုံးခါတိုင်အောင် လျှောက်ထားပြန်ပါတယ်။ သည်အခါ ဘုရားရှင်က...

“ချစ်သား ဒေဝဒတ်... သတ္တဝါတွေဟာ ငါဘုရားရှင်ကို ရည်မှန်းပြီး ရဟန်းပြုကြခြင်းသာ ဖြစ်ပေတယ်။ သာဝကတွေ များစွာရှိကြတဲ့အနက် အထွတ်အထိပ်လို့ ဆိုရမယ့် ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကိုတောင်မှ သံဃာတွေကို ဦးဆောင်ပါလို့ ငါဟာ မအပ်နှင်းခဲ့ပါဘူး။ ဒါ့ကြောင့် သင့်ကို အပ်နှင်းဖို့ရာ လုံးဝ မဖြစ်နိုင်ဘူး”

လို့ ပြတ်ပြတ်သားသားပဲ မိန့်ကြားလိုက်ပါတယ်။

သည်အခါမှာ ရှင်ဒေဝဒတ်လည်း...

“ငါဟာ သည်ကနေ့ကစလို့ ယောက်ဖတော်ဂေါတမရဲ့ ကောင်းကျိုးကို မပြုတော့ဘူး”

လို့ စိတ်ထဲ ကြုံးဝါးရင်း အငြိုးစိတ်နဲ့ ကျောင်းတော်က ပြန်ထွက်သွားပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၇၆)

## မကြံကောင်းမစည်ရာ

ဗုဒ္ဓဘုရားရှင်ဟာ ရှင်ဒေဝဒတ်ရဲ့ အကြံအစည်ကို သိတော်မူတဲ့အတွက် သံဃာတော်တွေကို စည်းဝေးစေပါတယ်။ ပြီးတော့ ရှင်ဒေဝဒတ်ကို ပကာသနီယကံ ပြုစေပါတယ်။

"ချစ်သား…

ဒေဝဒတ် ပြုမူပြောဆိုတာတွေမှန်သမျှဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ မသက်ဆိုင်။ ဒေဝဒတ် ပြုမူပြောဆိုတာတွေမှန်သမျှဟာ သူ့သဘောအတိုင်း ပြုမူပြောဆိုတာတွေဖြစ်ကြောင်း အများသိသာအောင် ကြေညာပါ။ ပြီးတော့ ဒေဝဒတ်ကိုလည်း ပကာသနီယကံ ပြုပါ"

ဘုရားရှင်ဟာ အဲသည်လိုပဲ ပြတ်သားတိကျစွာ မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာတော့ ဒေဝဒတ်ဟာ တပည့်ဖြစ်သူ အဇာတသတ်မင်းသားထံ ရောက်နေပါပြီ။ ပြီးတော့ အဇာတသတ်ကို မသင့်လျော်တဲ့ အကြံတွေ ပေးပါတော့တယ်။

"အသင်မင်းသား...

လူတွေရဲ့သက်တမ်းဟာ သိပ်ပြီးတော့ တိုတောင်းလှပါတယ်။ သင့်ရဲ့ ဖခမည်းတော် အိုမင်းရင့်ရော်ပြီး နတ်ရွာစံ ကံတော်ကုန်မှသာ သင် ထီးနန်းစိုးစံရမယ်ဆိုရင် ဘယ်မှာလာပြီး အကျိုးထူးရှိတော့မှာတဲ့လဲ။ အဲသည်တော့ ခုချိန်ကစလို့ သင့်ရဲ့ ခမည်းတော်ကို သုတ်သင်ဖယ်ရှားပြီး မင်းပြုပါ။ ငါလည်းပဲ ယောက်ဖတော် ဂေါတမကိုသတ်ပြီး ဘုရားလုပ်တော့မယ်"

တကယ်တော့ ဒေဝဒတ်ဟာ မကြံကောင်းမစည်ရာကို ကြံစည်တဲ့သူပါပဲ။ ငရဲကို သူကိုယ်တိုင်သွားရမှာ အားမရတာနဲ့ အဖော်စပ်တဲ့သဘောပါပဲ။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၇၇)
## သားဆိုးသားမိုက်

အဇာတသတ်ဟာ ဆရာ အရှင်ဒေဝဒတ်ရဲ့ ကြံစည်တိုက်တွန်းမှုကို နားဝင်သွားခဲ့ပါပြီ။

အဲဒါကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်သုတ်သင်ဖို့ရာအတွက် သန်လျက်ဓားကို သူ့ပေါင်ကြားမှာ ဝှက်လို့ နန်းတော်ထဲကို ဝင်ပါတယ်။ အစောင့်တွေ မိသွားတဲ့အခါ မင်းကြီးရဲ့ရှေ့ကို ရောက်သွားပါလေရော။

"သားတော်... ဘာကြောင့်များ ခမည်းတော်ကို သတ်လိုရတာတဲ့လဲ"

"ခမည်းတော်ဘုရား... သားတော်ဟာ ထီးနန်းစိုးစံလိုတဲ့အတွက် သည်အကြံအစည်ကို ကြံမိခြင်း ဖြစ်ပါတယ်"

သည်အခါမှာ စိတ်ထားနူးညံ့လှတဲ့ မင်းကြီးဟာ သားတော် အဇာတသတ်ကို ခွင့်လွှတ်ရုံမက ထီးနန်းကိုပါ လွှဲအပ်ပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အဇာတသတ်ဟာ ရာဇဂြိုဟ်ရဲ့ ပြည့်ရှင်မင်းကြီး ဖြစ်လာခဲ့ပါပြီ။ ဒါကိုတောင်မှ ဒေဝဒတ်ဟာ မကျေနပ်နိုင်သေးပါဘူး။ ဗိမ္ဗိသာရမင်းကြီးကို အသက်ဆုံးအောင် ပြုလုပ်ဖို့ အကြံပြုတိုက်တွန်းပြန်ပါတယ်။

ဒါနဲ့ပင် အဇာတသတ်ဟာ ခမည်းတော်ကို ထောင်သွင်းအကျဉ်းချ၊ အစာအငတ်ခံတား၊ ဖဝါးကို ဓားနဲ့ခွဲ၊ ဆားပက်ပြီး မီးကင်နဲ့ အမျိုးမျိုး ညှဉ်းပမ်းနှိပ်စက်လိုက်တာ နောက်ဆုံးတော့ ခမည်းတော်မင်းကြီးလည်း နတ်ရွာစံ ကံတော်ကုန်သွားရပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇၈)

# ဘုရားရှင်ကို လုပ်ကြံခြင်း

အဇာတသတ်ရဲ့ လုပ်ရပ် အောင်မြင်သွားပြီမို့ ဒေဝဒတ် လည်း သူ့ရဲ့လုပ်ရပ် အောင်မြင်ဖို့ရာ ကြံစည်ပါတော့တယ်။

ဒါကတော့ ဗုဒ္ဓဘုရားရှင်ကို သတ်ဖြတ်ဖို့ပါပဲ။

ဒေဝဒတ်ဟာ အဦးဆုံး ဒေဝဒတ်ရဲ့ လက်ရွေးစင် လေး သည်တော်တွေကို စေလွှတ်ပြီး ဘုရားရှင် ကြွလာမယ့်လမ်းက စောင့်ဆိုင်းလို့ ပစ်သတ်စေပါတယ်။ ဒါပေမဲ့လည်း ဗုဒ္ဓဘုရားရှင် ရဲ့ မေတ္တာတန်ခိုးတော်ကြောင့် လေးသည်တော်တွေဟာ ဘုရား ရှင်ကို မပစ်ခတ်ခဲ့ပါဘူး။ လေးမြားတွေ ပစ်ချပြီး ဘုရားရှင်ရဲ့ ခြေတော်အစုံကို ဦးတိုက်လို့ မိမိတို့ရဲ့ အပြစ်တွေကို ဝန်ချ တောင်းပန်ကြပါတယ်။

"လေးသည်တော်တို့...

သင်တို့ရဲ့အပြစ်ကို ငါဘုရားရှင် အမှတ်မထားပါ ဘူး။ သည်းခံခွင့်လွှတ်ပါတယ်။ သရဏဂုံ သုံးပါးကို ဆောက်တည်ကြပါ"

လို့ မိန့်ကြားရင်း တရားတော်ကို ဟောကြားတော်မူခဲ့ ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၇၉)

## ကိုယ်တိုင်အားထုတ် ယှတ်ယှတ်မာမာ

ဒေဝဒတ်ဟာ လေးသည်တော်တွေကို စေခိုင်းတာ မအောင်မြင်ခဲ့လေတော့ မိမိကိုယ်တိုင်ပဲ သတ်ဖြတ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒါနဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး ကျောက်တုံးကြီးတွေနဲ့ ခလုတ်ဆင်ပါတော့တယ်။

တောင်ခြေရင်းမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ တစ်လှမ်းချင်းကြွလှမ်းလာနေပါပြီ။

ဘုရားရှင် အနီးအနား ရောက်လာတဲ့အခါ ဒေဝဒတ်လည်း သူဆင်ထားတဲ့ ကျောက်မောင်းခလုတ်ကို ဖြုတ်ချလိုက်ပါတော့တယ်။ သည်တော့ ရောမကျောက်တုံးကြီးဟာ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ လိမ့်ကျသွားခဲ့တာပေါ့။ ဒါပေမဲ့လည်း လမ်းခုလတ်မှာ ကျောက်တုံး ၂ တုံးက ခံနေတဲ့အတွက်ကြောင့် ကျောက်တုံးကြီးဟာ ဘုရားရှင်ထံ ကျမသွားဘဲ ကျောက်ချပ်လွှာတစ်ခုသာ ပဲ့စဥ်ပြီး ဗုဒ္ဓဘုရားရှင်ရဲ့ ခြေမတော် ထိသွားခဲ့ပါတယ်။

သည်တော့် ခြေမတော်ဟာ သွေးခြည်ဥသွားခဲ့ရပါတယ်။ ဒါကို သမားတော် ဇီဝက သိရှိသွားပြီး ဆေးကုသပေးပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၈၀)

## ဒုးတုပ်ရသော ဆင်မိုက်ကြီး

ဒေဝဒတ်ဟာ ဘုရားရှင်ကို အသက်ဆုံးအောင် နှစ်ကြိမ်တိုင်တိုင် ကြံစည်ခဲ့ပေမဲ့ အောင်မြင်မှု မရခဲ့ပါဘူး။ ဒါ့ကြောင့် တတိယအကြိမ် ထပ်မံကြံစည်ပါတယ်။

သည်အကြိမ်မှာတော့ အလွန်ကြမ်း၊ အလွန်ဆိုး၊ အလွန်ရက်စက်တဲ့ နာဠာဂီရိဆင်ကြီးကို အရက်ကိုးမောင်းတိုက်ပြီး ဘုရားရှင်ကြွလာမယ့် လမ်းကို ချွန်းဖွင့်လွှတ်လိုက်ပါတယ်။

သည်တော့ အရက်တွေမူးနေတဲ့ နာဠာဂီရိဆင်ဆိုး၊ ဆင်မိုက်ကြီးဟာ ဆွမ်းခံထွက်ကြွလာနေတဲ့ ဘုရားရှင်ကို တွေ့မြင်ရတယ်ဆိုရင်ပဲ အစွယ်နဲ့ ထိုးသတ်ဖို့ရာ တစ်ဟုန်ထိုး ပြေးလာခဲ့ပါတယ်။ အဲသည်အခါ အရှင်အာနန္ဒာဟာ အသက်ကိုစွန့်ပြီး ဘုရားရှင်ရဲ့ရှေ့ကို တက်လာခဲ့ပါတယ်။

"အာနန္ဒာ ငါ့ရှေ့မှာ မနေနဲ့၊ ဘေးကို အမြန်ဖယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ဟာ အာနန္ဒာကို ဘေးဖယ်ရှားလိုက်ပြီး နာဠာဂီရိဆင်ဆိုးကြီးနဲ့ ရင်ဆိုင်လိုက်ပါတယ်။

အဲသည်အချိန်မှာ ကြောက်လန့်တကြား ပြေးလွှားနေတဲ့ လူအုပ်ကြီးထဲကနေ မိခင်တစ်ယောက်ဟာ သားငယ်ကို ဘုရားရှင်နဲ့ ဆင်ကြီးရဲ့ကြားချပြီး သွေးရူးသွေးတန်းနဲ့ အော်ဟစ်ထွက်ပြေးပါတော့တယ်။ ကလေးငယ်လည်း ယက်ကန်၊ ယက်ကန်နဲ့ အော်ဟစ်ငိုကြွေးနေလို့ပေါ့။

သည်မှာတင် ဗုဒ္ဓဘုရားရှင်ဟာ နာဠာဂီရိဆင်ကြီးကို မေတ္တာထားလို့ နှစ်သိမ့်ဖျောင်းဖျပါတယ်။ ကလေးငယ်ကိုလည်း ကယ်တင်လိုက်ပါတယ်။ သည်အခါ နာဠာဂီရိဟာ ချက်ချင်းဆိုသလို စိတ်ဓာတ်ပျော့ပျောင်းသွားပြီး ဘုရားရှင်ရဲ့ ခြေတော်ရင်းကို ဝပ်စင်းရှိခိုးနေပါတော့တယ်”

❖



www.burmeseclassic.com

www.burmeseclassic.com

(၈၁)

## ဆာလောင်တာတွေ ပြေပါစေ

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ အာဠဝီပြည်ကို ကြွခဲ့ပါတယ်။

လမ်းခရီးမှာ ဆာလောင်မွတ်သိပ်နေသူတစ်ဦးနဲ့ တွေ့တဲ့အခါ ဦးစွာ ထမင်းကျွေးပါတယ်။ ပြီးတော့မှ အဲသည် သူဆင်းရဲပုဏ္ဏားကို တရားဟောတော်မူပါတယ်။ သည်မြင်ကွင်းကို တွေ့မြင်ရတဲ့ ရဟန်းအချို့ဟာ ဘုရားရှင်ရဲ့လုပ်ရပ်ကို မနှစ်မြို့ကြဘဲ ကဲ့ရဲ့စကားဆိုကြပါတယ်။ သည်အခါ ဘုရားရှင်က…

"ချစ်သားတို့…

ဆာလောင်မွတ်သိပ်နေသူကို တရားဟောမယ်ဆိုရင် အချည်းနှီးဖြစ်ပါလိမ့်မယ်။ သူ့အနေနဲ့လည်း တရားတော်ကို မမှတ်နိုင်ပါဘူး။ ဒါကြောင့် ငါဘုရားရှင်ဟာ သူ့ကို ဆာလောင်မွတ်သိပ်နေမှုမှ ပြေစေကြောင်းအတွက် အစာအာဟာရကျွေးပြီးမှ တရားဟောခြင်းဖြစ်ပါတယ်။ လောကမှာ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းနဲ့တူတဲ့ ရောဂါဆိုတာ မရှိပေဘူး"

လို့ ဆုံးမမိန့်ကြားတော်မူခဲ့ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၇၂)

## ဒေဝဒတ်ရဲ့ နောက်ဆုံးစာမျက်နှာ

ဗုဒ္ဓဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဝါ ၂၀ မြောက် ဝါဆိုတော်မူခဲ့ပါတယ်။ အဲသည် ဝါဆိုစဉ်ကာလမှာ ဒေဝဒတ်ဟာ သံဃာဂိုဏ်းခွဲပြီး သူ့ဘက်ပါလာတဲ့ သံဃာ ၅၀၀ နဲ့အတူ ဂယာသီသအရပ်ရှိရာ သွားပြီး သီးခြားဂိုဏ်း ထူထောင်လို့ ဘုရားတစ်ဆူ လုပ်နေပါတယ်။ အဲသည် သံဃာ ၅၀၀ ကို ဘုရားရှင်ရဲ့ စေညွှန်မှုကြောင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့က ပြန်လည်ခေါ်ယူခဲ့ရပါတယ်။

ကြာလာတော့ ဒေဝဒတ်ရဲ့ လက်ကျန်တပည့်တွေဟာ ဒေဝဒတ်အပေါ် စိတ်ပျက်စပြုလာခဲ့ပါပြီ။ အဇာတသတ်မင်းကလည်း အရေးတယူ မရှိတော့ပါဘူး၊ ဒါကြောင့် ဒေဝဒတ်ဟာ စိတ်ထိခိုက်ပြီး သွေးတွေ အန်ပါတော့တယ်။

သည်လိုနဲ့ ၉ လခန့် ကြာတဲ့အခါမှာတော့ ဒေဝဒတ်ဟာ သူ့အမှားတွေကို သိလာပြီး ဘုရားရှင်ကို တောင်းပန်လိုစိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်ပဲ တပည့်တွေကို ဘုရားရှင်ရှိရာ ပို့ဆောင်ပေးဖို့ ပြောပါတယ်။ တပည့်တွေကလည်း ဒေဝဒတ်ကို ထမ်းစင်နဲ့ သယ်ဆောင်ပြီး ခေါ်လာကြပါတယ်။

ဘုရားရှင်ရှိတဲ့ ကျောင်းဆောင်နား ရောက်ခါနီးမှာ တပည့်တွေကလည်း ရေကန်ကို တွေ့တာနဲ့ ထမ်းစင်ကို အသာချပြီး ရေကန်ဘက် ထွက်သွားပါတယ်။ ဒေဝဒတ်ဟာ ထမ်းစင်ပေါ်ကနေ မြေပြင်ထက်ကို ခြေအချမှာပဲ မဟာပထဝီမြေကြီးဟာ ကွဲအက်ပြီး မီးတောက်မီးလျှံတွေနဲ့အတူ ဒေဝဒတ်ကို အဝီစိငရဲပြည်ရှိရာ ခေါ်ဆောင်သွားပါတော့တယ်။

ဒေဝဒတ်ဟာ သည်လိုမျိုး မြေမျိုခံရပြီး ယခုထိတိုင်အောင် ငရဲမှာ ကျခံနေရဆဲပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၈၃)
## ဘုရားရှင်ရဲ့ဥပါသကာ

အဇာတသတ်မင်းဟာ သားတော်လေးတစ်ပါး ရအပြီးမှာတော့ ဖခမည်းတော်ရဲ့ ချစ်ခြင်းတရားကို နားလည်သွားခဲ့ပါပြီ။ ကျေးဇူးရှင် ဖခမည်းတော်ကို သတ်မိတဲ့အတွက်ကြောင့်လည်း နောင်တရခြင်းနဲ့အတူ စိတ်မချမ်းမသာ ဖြစ်နေခဲ့ပါတယ်။

ဒါ့အပြင် ဆရာ အတင်မှားခဲ့တဲ့ သူ့အဖြစ်ကိုလည်း ယူကြုံးမရ ဖြစ်လာခဲ့ပါတယ်။ သူ့ဆရာ ဒေဝဒတ်ရဲ့ သတင်းဆိုးကြောင့်လည်း သတိသံဝေဂတွေ ရရှိသွားခဲ့ပါတယ်။ သည်လိုမျိုး စိတ်ညစ်ညူးနေတာမို့ တန်ဆောင်မုန်းလပြည့်ညရဲ့ ကြည်နူးချမ်းမြေ့မှုကို မခံစားနိုင်တော့ပါဘူး။

အဲဒါကြောင့် သမားတော်ဇီဝကက သူပိုင်ဆိုင်တဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ထံမှောက် အဇာတသတ်မင်းကို ခေါ်ဆောင်သွားခဲ့ပါတယ်။ သည်အချိန်မှာ ဗုဒ္ဓဘုရားရှင် ဟောကြားတဲ့ တရားတော်တွေကို ကြားနာလိုက်ရပြီး စိတ်ဓာတ်ကြည်လင်လန်းဆန်းလာတာနဲ့အမျှ ဘုရားရှင်အပေါ် ကြည်ညိုဆပွားပြီး အသက်ထက်ဆုံး ဥပါသကာအဖြစ် ခံယူလိုက်ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၈၄)

## အနိုင်ရသွားသော အမ္ဗပါလီ

အမ္ဗပါလီဆိုတာဟာ ဝေသာလီပြည်က ပြည့်တန်ဆာမလေးပါ။

ဘုရားရှင်ဟာ ဝေသာလီပြည် ကောဋိရွာမှာ သီတင်းသုံးတော်မူနေတုန်း အမ္ဗပါလီဟာ သွားရောက်ဖူးမြော်ပြီး ဆွမ်းပင့်ပါတယ်။ ဘုရားရှင်ကလည်း ကြည်သာစွာနဲ့ လက်ခံတော်မူပါတယ်။

အမ္ဗပါလီလည်း ပြော့မပြတတ်အောင် ဝမ်းသာလုံးဆို့ပြီး သူ့ရထားနဲ့အပြန်မှာ လိစ္ဆဝီမင်းတို့ရဲ့ ရထားတွေနဲ့ ဆုံပါတယ်။ အမ္ဗပါလီဟာ ဘုရားရှင်က သူကျွေးမယ့်ဆွမ်းကို လက်ခံလိုက်တာကြောင့် ဝင့်ကြွားတဲ့စိတ်နဲ့ လိစ္ဆဝီမင်းတို့ရဲ့ ရထားကို ရှောင်မပေးဘဲ ထမ်းပိုးချင်း၊ ဘီးချင်း၊ ဝင်ရိုးချင်း ထိခိုက်မိပြီး မောင်းနှင်သွားပါတယ်။ သည်အခါ လိစ္ဆဝီမင်းတွေက မေးပါတယ်။

"အမ္ဗပါလီ... ဘာကြောင့် ငါတို့ရဲ့ ရထားတွေကို မရှောင်ဘဲ အတင်းမောင်းရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်တို့ ကျွန်မဟာ ဘုရားရှင်နဲ့တကွ သံဃာတော်တွေကို ဆွမ်းပင့်လို့ ရလာသူဖြစ်ပါတယ်"

"ဟယ်…၊ အမွှာပါလီ၊ ဒါဆိုရင် သင် ပင့်တဲ့ဆွမ်း ငါတို့ကို လွှဲပြောင်းပေးပါ။ အသပြာတစ်သိန်းတိတိ ငါတို့ပေးပါ့မယ်။ ငါတို့ ဘုရားရှင်ကို ဆွမ်းကပ်ပါရစေ"

"အရှင်တို့ အသပြာတစ်သိန်းလောက်ကို မဆိုထားပါနဲ့။ ဝေသာလီတစ်ပြည်လုံးကို ပေးမယ်ဆိုရင်တောင် အရှင်တို့ကို လွှဲပြောင်းမပေးနိုင်ပါဘူး"

သည်လိုမျိုး ရဲရင့်ပြတ်သားတဲ့ စကားကို ကြားရတဲ့အခါ–

"အချင်းတို့… ငါတို့ကို အမွှာပါလီ အနိုင်ရသွားခဲ့ပြီ"

လို့ ပြောဆို မှတ်ချက်ချကြပါတော့တယ်။

❖

www.burmeseclassic.com

(၇၅)

## ဥပါသကာ စစ်သူကြီး

စစ်သူကြီး သီဟသေနာပတိဆိုတာဟာ ဝေသာလီကပါ။ သူဟာ တိတ္ထိခေါင်းဆောင်တစ်ဦးဖြစ်တဲ့ နိဂဏ္ဌရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။

စစ်သူကြီးဟာ လိစ္ဆဝီမင်းတွေက ဗုဒ္ဓဘုရားရှင်အကြောင်း မကြာခဏဆိုသလို ချီးကျူးစကားပြောဆိုတာတွေကို အကြိမ်ကြိမ်ကြားနေလေတော့ ဘုရားရှင်ကို သွားရောက်ဖူးမြော်မယ် လုပ်ပါတယ်။ နိဂဏ္ဌကြားတော့ မသွားဖို့ရာ တားမြစ်ပါတယ်။ ဒါပေမဲ့ မရပါဘူး။ စစ်သူကြီးဟာ ဘုရားရှင်ထံ သွားရောက်ပြီး မိမိ သိလိုတဲ့ တရားတွေကို လျှောက်ထားမေးမြန်းတော်မူပါတယ်။ ဗုဒ္ဓဘုရားရှင်က ရှင်းလင်းဟောကြားပေးလိုက်တော့ သိပ်ကို နှစ်သက်သဘောကျသွားခဲ့ပါတယ်။

"အရှင်ဘုရား... ခုချိန်ကစပြီး တပည့်တော်ကို ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုလျှောက်ထားရတာဟာ ဘုရားရှင်က အတင်းအကြပ်တိုက်တွန်းလို့ မဟုတ်ပါဘူး။ သူ့သဘောနဲ့သူ ဆုံးဖြတ်လိုက်တာပါ။ အဲသည်ဆုံးဖြတ်ချက်အပေါ် ဘုရားရှင်က မိန့်ကြားပါသေးတယ်။

"ချစ်သား သီဟသေနာပတိ... စဉ်းစဉ်းစားစား ပြုလုပ်ပါ။ ချစ်သားတို့လို ထင်ရှားတဲ့သူတွေအဖို့ အလုပ်တစ်ခုကို စဉ်းစဉ်းစားစား၊ လေးလေးနက်နက် ဆင်ခြင်ပြီးမှ ဆုံးဖြတ်ချက်ချ လုပ်ဆောင်သင့်ပါတယ်"

"အရှင်ဘုရား... ယခုလို မိန့်ကြားတဲ့အတွက် တပည့်တော်အဖို့ သာ၍ပင် ကျေနပ်အားရဖြစ်မိပါတယ်။ အခြားသော ဆရာတို့ဆိုရင် သည်လိုမျိုး မိန့်ဆိုမှာ မဟုတ်ပါဘူး အရှင်ဘုရား"

"ချစ်သား သီဟသေနာပတိ... သင့်အိမ်ဟာ နိဂဏ္ဌတို့ကို အမြဲ လှူဒါန်းတဲ့အိမ် ဖြစ်ပါတယ်။ သင်ဟာ ယခု ငါဘုရားရှင်ကို ကိုးကွယ်ပေမဲ့လည်း နိဂဏ္ဌတို့ကို ဆက်လက် လှူဒါန်းမြဲ လှူဒါန်းပါ"

"အရှင်ဘုရား... ယခု မိန့်ကြားတော်မူတဲ့စကားကြောင့်လည်း အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ် ဘုရား"

❖

www.burmeseclassic.com

www.burmeseclassic.com

## (၇၆)
## ၄၅ ဝါ မြောက်ခဲ့ပြီ

ဗုဒ္ဓဘုရားရှင်ဟာ ၄၅ ဝါမြောက်ဖြစ်တဲ့ နောက်ဆုံးဝါကို ဝေသာလီပြည်နဲ့ ရာဇဂြိုဟ်ပြည်အကြား ဝေဠုဝရွာမှာ ကပ်ဆိုတော်မူပါတယ်။

သည်အချိန်မှာတော့ ဗုဒ္ဓဘုရားရှင်ရဲ့ သက်တော်ဟာ ၇၉ နှစ် ကျော်လာခဲ့ပါပြီ။ ရင့်ရော်အိုမင်းလို့လည်း လာခဲ့ပါပြီ။ မိထွေးတော်ဂေါတမီ၊ ယသော်ဓရာဒေဝီ စသူတို့ဆိုရင် ရဟန္တာအဖြစ် ကူးပြောင်းပြီး ပရိနိဗ္ဗာန်စံဝင်ခဲ့ပါပြီ။ အဲသည်လိုပါပဲ။ ညီတော်နန္ဒမင်းသား၊ သားတော်ရာဟုလာတို့ဆိုရင်လည်း ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန်ပြုခဲ့ကြပါပြီ။

တစ်နေ့မှာတော့ ဗုဒ္ဓဘုရားရှင်ဟာ သွေးဝမ်းသွန်တဲ့ ရောဂါ ရရှိတော်မူပါတယ်။

သည့်အတွက် ရှင်အာနန္ဒာဟာ များစွာမှပဲ ပူပန်စိုးထိတ်ခဲ့ပါတယ်။ ဘုရားရှင် ရောဂါကင်းပျောက်သွားတဲ့ အခါကျမှသာ ဝမ်းသာမဆုံး ဖြစ်ရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... ယခုမှ တပည့်တော် စိတ်အေး ရပါတယ် ဘုရား... ယခင်တုန်းက အရှင်ဘုရား ရောဂါ ခံစားနေရတာကိုကြည့်ပြီး ဘာကိုမှ သတိမရနိုင်အောင် ဖြစ်ခဲ့ရပါတယ်ဘုရား"

ရှင်အာနန္ဒာဟာ ဘုရားရှင်ရဲ့ အလုပ်အကျွေးဖြစ်တာနဲ့အမျှ အရိပ်လိုပဲ အမြဲကြည့်နေတဲ့သူပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

(၈၇)

## ကြွေလွင့်ရာပေါ် လက်ယာတော်ရံ

ဝါလကင်းလွတ် သီတင်းကျွတ်ကို ရောက်တဲ့အခါမှာတော့ ဗုဒ္ဓဘုရားရှင်ဟာ သာဝတ္ထိပြည်ကို ကြွချီသီတင်းသုံးတော်မူပါတယ်။ သည်အချိန်မှာပဲ ဘုရားရှင်ရဲ့ လက်ယာတော်ရံ ရှင်သာရိပုတ္တရာဟာ သူ့ဇာတိဖြစ်တဲ့ နာဠကရွာရှိ မယ်တော်ရဲ့ တိုက်ခန်းမှာ ပရိနိဗ္ဗာန်စံဝင်ခဲ့ပါတယ်။

အရှင်စုန္ဒဟာ ရှင်သာရိပုတ္တရာကို သင်္ဂြိုဟ်ပြီးတဲ့နောက် ဓာတ်တော်တွေကို ရေစစ်နဲ့ ထည့်တော်မူပြီး ဗုဒ္ဓဘုရားရှင်ထံ လာရောက်ပြသတော်မူပါတယ်။ အဲသည်အခါ ဗုဒ္ဓဘုရားရှင်ဟာ ဓာတ်တော်ကို လက်ဝါးပြင်ပေါ်တင်ပြီး…

"ချစ်သားရဟန်းတို့…

ရဟန်းရှင်လူအပေါင်းတို့ကို တရားဓမ္မတွေနဲ့ ခုံးမြဲဝါဒပေးလေ့ရှိတဲ့ ငါ့သားတော်ကြီးဟာ သင်္ချိုင်းငြိမ်း သွားခဲ့ပါပြီ။ အခုဆိုရင် ငါ့သားတော်ကြီးရဲ့ ဓာတ်အစ

www.burmeseclassic.com

www.burmeseclassic.com




သာ ကျန်ပါတော့တယ်။ ချစ်သားတို့လည်း မပေါ့လျော့ကြပါနဲ့။

ချစ်သားရဟန်းတို့ ...

ငါ့သားတော်ကြီး သာရိပုတ္တရာဟာ ပညာဉာဏ်လည်း အင်မတန် ရင့်ကျက်ပါတယ်။ အလိုလောဘလည်း နည်းပါးလှပါတယ်။ လုံ့လနဲ့လည်း ပြည့်စုံသလို ဆိတ်ငြိမ်ရာအရပ်မှာလည်း မွေ့လျော်တတ်ပါတယ်။ သူတော်ကောင်း ပီသတဲ့ ဂုဏ်ကျေးဇူး အထူးပြည့်စုံတဲ့ ငါ့သားတော်ကြီးရဲ့ ဓာတ်တော်ကို ကြည့်ရှုကြပါ။ ဖူးမြော်ကြပါ"

လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၈၈)

## ဆိုဆုံးမသည့် တရားတော်

ဗုဒ္ဓဘုရားရှင် ပြသတဲ့ ရှင်သာရိပုတ္တာရာရဲ့ ဓာတ်တော်အစုတို့ကို ကြည့်ရှုရင်း အရှင်အာနန္ဒာဟာ စိတ်ထိခိုက်လွန်းလှတဲ့အတွက် ရှိုက်ကြီးတငင် ငိုကြွေးတော်မူပါတယ်။ (ရှင်အာနန္ဒာဟာ ဗုဒ္ဓဘုရားရှင်ကို အမြဲမပြတ် လုပ်ကျွေးပြုစုသူဖြစ်ပြီး ရဟန္တာအဆင့်ကို မတက်လှမ်းနိုင်သေးပါ။ သောတာပန်အဆင့်မှာသာ ရှိနေပါသေးတယ်။)

ဘုရားရှင်လည်း ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့ ရှင်အာနန္ဒာကို ကြည့်ရင်း…

"ချစ်သား အာနန္ဒာ… ရှေးတုန်းကလည်းပဲ သင့်ကို ငါ ဟောကြားခဲ့ဖူးတယ် မဟုတ်လား။ ဒါနဲ့များ ဘာကြောင့် ငိုကြွေးနေရပါသလဲ။ အမိ၊ အဖ၊ နှမ၊ အစ်ကို အစရှိတဲ့ ချစ်ခင်အပ်သူတွေနဲ့ ရှင်တုန်းမှာလည်း ကွေကွင်းရတတ်သလို သေပြီးတော့လည်း ကွေကွင်းရ

www.burmeseclassic.com


www.burmeseclassic.com


တတ်တယ်ဆိုတာ လောကရဲ့ သဘောပါပဲ ချစ်သား...။

သည်တော့ ခန္ဓာငါးပါး ရှိနေသမျှ ကာလပတ်လုံး အဲသည်သဘောတရားကို ကြုံတွေ့ရင်ဆိုင်နေကြရမှာပဲ။ ဒါ့ကြောင့်လည်း သဘောတရားကို နှလုံးသွင်းပါ အာနန္ဒာ"

သည်အခါကျတော့မှပဲ ရှင်အာနန္ဒာရဲ့ စီးကျနေတဲ့မျက်ရည်တွေ တန့်သွားပါတော့တယ်။ အဲသည်နောက် ဗုဒ္ဓဘုရားရှင်က အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ကို သာဝတ္ထိပြည်မှာ စေတီတည်ထားစေခဲ့ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၇၉)

## မကြာမြင့်မီ

သတ္တဝါတွေအဖို့ ခန္ဓာငါးပါးအစုအဝေး ရှိနေသမျှ ကာလပတ်လုံး တစ်ဦးနဲ့တစ်ဦးဆိုတာ တွေ့ကြုံဆုံကွဲဆိုတာဟာ ဖြစ်မြဲ ဓမ္မတာတစ်ရပ်ပါ။ ရှင်ကွဲမကွဲရင် သေကွဲ ကွဲရမှာချည်းပါပဲ။ ခုလည်းပဲ ရဟန်းသံဃာတော်အပေါင်းက နှောင်တော်ကြီးသဖွယ် ကြည်ညိုလေးစားချစ်ခင်ရတဲ့ ရှင်သာရိပုတ္တရာဟာ ပရိနိဗ္ဗာန်စံဝင်သွားခဲ့ပြီ မဟုတ်ပါလား။

ဗုဒ္ဓဘုရားရှင်ဟာ ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ကို စေတီတည်ခဲ့ပြီးနောက် သာဝတ္ထိပြည်ကနေ ရာဇဂြိုဟ်ကို နောက်ပါရဟန်းသံဃာတော်တွေ ခြံရံလို့ ကြွတော်မူပါတယ်။

ရောက်တော်မူလို့ မကြာမြင့်မီမှာပဲ လက်ဝဲတော်ရံသာဝကကြီးဖြစ်တဲ့ အရှင်မောဂ္ဂလာန်လည်းပဲ ပရိနိဗ္ဗာန်စံဝင်သွားပါတော့တယ်။

သည်အခါမှာလည်း ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ကြပ်မတ်ပြီး မီးသဂြိုဟ်တော်မူပါတယ်။ ဓာတ်တော်တွေ ကျလာတဲ့အခါမှာတော့ ဝေဠုဝန်ကျောင်းတော်ရဲ့ တံခါးမုခ်ဝမှာ စေတီတည်ပါတော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၉၀)

## ပရိနိဗ္ဗာန်ပြုတော့မည်

ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်ကို ကြွတော်မူပြီး တစ်နေ့မှာတော့ ရှင်အာနန္ဒာကို ခေါ်ပြီး...

"ချစ်သား အာနန္ဒာ... ငါဘုရားရှင်လည်း မကြာခင်မှာပဲ ပရိနိဗ္ဗာန်စံဝင်တော့မယ်"

လို့ မိန့်ကြားလိုက်တဲ့အခါ သောတာပန်သာဖြစ်သေးတဲ့ ရှင်အာနန္ဒာဟာ သောကအပူမီး ဖိစီးတောက်လောင်သွားရပါတော့တယ်။ သည်အခါ ဘုရားရှင်က တရားပြရုံမက တရားပါချရတော့တာပေါ့။

"ချစ်သား အာနန္ဒာ... ခင်မင်သူတွေနဲ့ဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာတော့ သေကွဲကွဲရင် ကွဲ၊ သေကွဲမကွဲရင် ရှင်ကွဲ ကွဲရတာ ဓမ္မတာပါ။ ကိုယ့်လမ်းကိုယ်သွား၊ သူ့လမ်းသူသွား တခြားစီဖြစ်ရမှာ မဟုတ်ဘူးလား။ ဖြစ်ပွားပေါ်ပေါက်လာသမျှ အရာတို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဟာ ဖြစ်ပြီးတာနဲ့အမျှ ပျက်စီးတတ်တဲ့သဘော ရှိပါတယ်။ မပျက်စီးပါနဲ့ ဆိုပြီး ပြောဆိုတားမြစ်လို့ ရတာ မဟုတ်ဘူး”

သည်လိုမျိုး မိန့်ကြားပြီးတဲ့နောက် ဝေသာလီပြည်မှာရှိတဲ့ ရဟန်းသံဃာအားလုံးကို စည်းဝေးစေဖို့အတွက် ဖိတ်ကြားဖို့ရာ အာနန္ဒာကို တာဝန်ပေးလိုက်ပါတယ်။ ရဟန်းသံဃာအားလုံး စုဝေးရောက်ရှိလာကြတဲ့အခါမှာတော့...

“ချစ်သားရဟန်းတို့...

ငါဘုရားရှင်ဟာ သည်ကနေ့ကစလို့ ၃ လမြောက်တဲ့နေ့မှာပဲ ပရိနိဗ္ဗာန်ပြုပါတော့မယ်။ ဒါ့ကြောင့် ချစ်သားတို့ဟာ မမေ့မလျော့နေကြပါ။ သတိရှိသူ၊ သီလရှိသူတွေဖြစ်ကြပါစေ။ ကောင်းသောအကြံကို ကြံစည်ပြီး မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်ကြပါ”

လို့ မိန့်ကြားတော်မူပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# (၉၁)
# စုန္ဒကပ်သည့် နောက်ဆုံးဆွမ်း

ဗုဒ္ဓဘုရားရှင်ဟာ ဝေသာလီပြည်ကနေ ဘဏ္ဍာရွာရှိရာကို ကြွလှမ်းတော်မူခဲ့ပါတယ်။ နောက်တော်ပါးမှာတော့ ရဟန်းသံဃာအပေါင်းဟာ စိတ်နှလုံးညှိုးငယ်စွာနဲ့ ခြံရံလိုက်ပါကြလို့ပဲပေါ့။ ဘဏ္ဍာရွာကတစ်ဆင့် ဟတ္ထိရွာ၊ အမ္ဗဂါမရွာ၊ ဇမ္ဗုဂါမရွာ၊ ဘောဂမြို့ စသဖြင့် တစ်နေရာပြီးတစ်နေရာ ဖြတ်သန်းလာလိုက်တာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ အဖိတ်နေ့မှာတော့ ပါဝါပြည်ကို ရောက်ခဲ့ပါတော့တယ်။ သည်အခါ ရှေးက သီတင်းသုံးခဲ့ဖူးတဲ့ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒသူကြွယ် ဥယျာဉ်ကျောင်းမှာ သီတင်းသုံးပါတယ်။

စုန္ဒသူကြွယ်ဟာ ဘုရားရှင် ဟောကြားတဲ့ တရားဒေသနာတော်တွေကို နာကြားပြီးတဲ့နောက် ဝက်ပျိုသားရောပြွမ်းတဲ့သားပြွမ်းဆွမ်းကို စီမံချက်ပြုတ်ပြီး ဘုရားရှင်ကို ဆက်ကပ်လှူဒါန်းပါတယ်။ ဘုရားရှင်လည်း စုန္ဒရဲ့ ဝက်ပျိုသားပြွမ်းဆွမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘုဉ်းပေးတော်မူပြီး မကြာခင်မှာပဲ အလွန်ပြင်းထန်တဲ့ သွေးဝမ်းသွန်ရောဂါကို ခံစားရပါတော့တယ်။

ရောဂါအလွန် ပြင်းထန်ပေးမဲ့လည်း ဘုရားရှင်ဟာ သည်းခံပြီး ကုသိနာရုံပြည်ရှိရာကို ဆက်လက်ကြွတော်မူခဲ့ပါတယ်။ ကုသိနာရုံပြည်ရဲ့ နေအရှိန်ဆိုတာဟာ ကဆုန်လဖြစ်တာမို့ အပြင်းဆုံး ပူလောင်နေတာပဲပေါ့။ ဘုရားရှင်ဟာ ရင်ထဲမှာ မခံမရပ်နိုင်လောက်အောင် ပူလောင်လွန်းလှတာမို့ သရက်တောတစ်ခုကို ရောက်တဲ့အခါ ခေတ္တနားပြီး လဲလျောင်းရင်းကနေ အာနန္ဒာကို ဝက်ပျိုသားပြွမ်းဆွမ်းကပ်လှူခဲ့တဲ့။ စုန္ဒ စိတ်မကောင်း မဖြစ်ရအောင် ဟောပြောဖို့ မှာကြားခဲ့ပါတယ်။"

"ချစ်သားအာနန္ဒာ... ငါဘုရားရှင်ဟာ သူ့ဆွမ်းကို ဘုဉ်းမပေးတဲ့တိုင်အောင် သည်နေ့သည်ရက်မှာ ပရိနိဗ္ဗာန်ဝင်ရမှာပါပဲ။ စုန္ဒဟာ ငါဘုရားရှင်ကို နောက်ဆုံးဆွမ်း လှူဒါန်းရတဲ့အတွက် ပိုလို့တောင် အကျိုးကြီးပါတယ်။ ဘုရားဖြစ်မယ်နေ့ လှူတဲ့ဆွမ်းနဲ့ ပရိနိဗ္ဗာန်ပြုမယ့်နေ့ လှူတဲ့ဆွမ်းဟာ အကျိုးပေးပုံချင်း တူညီကြပါတယ် ချစ်သား..."

❖

www.burmeseclassic.com

www.burmeseclassic.com

## (၉၂)
## အင်ကြင်းဥယျာဉ် ဝင်ခဲ့ပြီ

ဗုဒ္ဓဘုရားရှင်ဟာ ညနေချမ်းအရောက်မှာပဲ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ကို လှမ်းဝင်ခဲ့ပါတယ်။ အင်ကြင်းပင်တွေဆိုတာ တစ်တောလုံး ပင်လုံးကျွတ်မျှ ပွင့်နေကြလို့ပဲပေါ့။ အင်ကြင်းဥယျာဉ်ဟာ သည်ကနေ့ကျခါမှ တခြားအချိန်တွေထက် ကြည်နူးလွမ်းမောစရာ ကောင်းနေပါတယ်။

"ချစ်သား အာနန္ဒာ... ငါဘုရားရှင် ပင်ပန်းနွမ်းနယ်လှပါပြီ။ မလ္လာမင်းတို့ ခင်းထိုင်လေ့ရှိတဲ့ ညောင်စောင်းကို အင်ကြင်းပင်ပျို နှစ်ပင်အကြား မြောက်ဘက်ကို ခေါင်းရင်းထားလို့ ခင်းပါ"

ရှင်အာနန္ဒာလည်း ဘုရားရှင် မိန့်ကြားတော်မူတဲ့အတိုင်း အိပ်ရာခင်းပါတယ်။ ရှင်အာနန္ဒာအဖို့ ယခုအချိန် နေရာခင်းပေးရခြင်းဟာ နောက်ဆုံးဖြစ်နေပါပေါ့လားလို့ သိလိုက်ရတာနဲ့ ကြေကွဲဝမ်းနည်းလွန်းလို့ မျက်ရည်ပေါက်ကြီးငယ်တို့ဟာ ဖြေ

www.burmeseclassic.com

www.burmeseclassic.com



မဆည်နိုင်လောက်အောင် လိမ့်ဆင်းလို့လာကြပါလေရော။ ကျလာတဲ့ မျက်ရည်တွေကို ဘုရားရှင် မမြင်ရလေအောင် တိတ်တခိုး သုတ်ရင်း ဘုရားရှင်ရဲ့ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ထပ်လို့ ညောင်စောင်းပေါ်မှာ ခင်းပေးလိုက်ပါတယ်။

ဘုရားရှင်က ညောင်စောင်းပေါ်မှာ မြောက်ဘက်အရပ်ကို ဦးခေါင်းထားလို့ လက်ယာပါးဘက်စောင်းကာ လဲလျောင်းတော်မူပါတယ်။ ညာဖက်ခြေကို မဆိုသလောက် အနည်းငယ်ကွေးပြီး သူ့အပေါ်က ဘယ်ဖက်ခြေထောက်ကို ခြေမျက်စိချင်း ဒူးချင်း မထိစေဘဲ တင်ထားတော်မူပါတယ်။

သည်အချိန်မှာတော့ ခေါင်းရင်း၊ ခြေရင်းမှာ ရှိနေကြတဲ့ အင်ကြင်းပင်ပျိုကလေး ၂ ပင်က မလ္လာအင်ကြင်းပန်းတွေဟာ ညှာတံကနေ တဖြုတ်ဖြုတ်ကြွေကျပြီး ဗုဒ္ဓဘုရားရှင်ကို နောက်ဆုံး ဦးခိုက်ပူဇော်နေကြပါရောလား။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၉၃)
# နောက်ဆုံးကာလ ပူဇော်ကြ

ဗုဒ္ဓဘုရားရှင်အဖို့ ပရိနိဗ္ဗာန်စံဝင်ဖို့ရာ အချိန်နီးကပ်လာပါပြီ။

သည်အချိန်မှာ နတ်ဗြဟ္မာအပေါင်းဟာ စုဝေးရောက်ရှိလာခဲ့ကြတယ်။ ဘုရားရှင်ကို နောက်ဆုံးပူဇော်တဲ့အနေနဲ့ ပန်းမျိုးစုံ ကြဲပြီး ပူဇော်ကြပါတယ်။ နံ့သာမျိုးစုံ အခိုးအထုံတို့နဲ့ ပူဇော်ကြရုံမျှမက နတ်တူရိယာတွေနဲ့ သီဆိုတီးမှုတ် ပူဇော်ကြပါတယ်။ သည်အခါ ဗုဒ္ဓဘုရားရှင်က ရှင်အာနန္ဒာကို ပူဇော်မှုနဲ့ပတ်သက်ပြီး ရှင်းလင်းဟောကြားတော်မူပါတယ်။

"ချစ်သား အာနန္ဒာ... သည်လိုမျိုး ပူဇော်ခြင်းဟာ ငါဘုရားရှင်ကို ပူဇော်ခြင်း၊ အရိုအသေပြုခြင်း၊ မြတ်နိုးခြင်းတို့ မမည်သေးပါဘူး။ ငါဘုရားရှင်ဟာ သည်လို ပူဇော်ခြင်းမျိုးကို မျှော်ကိုးပြီးတော့ ပါရမီဖြည့်တော်မူခဲ့တာ မဟုတ်။ တကယ်တမ်း ငါဘုရားရှင် ညွှန်ပြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာကို ကျင့်တဲ့သူသည်သာ ငါဘုရားရှင်ကို ပူဇော်ခြင်း မည်ပါတယ်။ အရိုအသေပြုတာ မည်ပါတယ်။ မြတ်နိုးတာ မည်ပါတယ်"

အဲသည်ခဏမှာ ကုသိနာရုံက မလ္လာမင်းတွေနဲ့တကွ မြောက်မြားလှစွာသော မြို့သူမြို့သား ပရိသတ်အပေါင်းဟာ ဘုရားရှင်ကို လာရောက်ဖူးမြော်ကြပြန်ပါတယ်။

ပရိသတ်တွေဟာ မရေမတွက်နိုင်လောက်အောင် များပြားလွန်းလှတဲ့အတွက် တစ်ယောက်ချင်းစီ ဝင်ကန်တော့ခွင့်ကို မပေးနိုင်တော့ပါဘူး။ သည်တော့ အစုလိုက် ဝင်ကန်တော့ဖို့သာ အခွင့်ပေးနိုင်ပါတော့တယ်။ ပြီးတော့ ဘုရားရှင် လျောင်းစက်ရာ ညောင်စောင်းတစ်ဝိုက်မှာ တင်းတိမ်ကန့်လန့်ကာတွေကို ကာရံပေးထားရပါတယ်။ သည်အချိန်မှာ အာနန္ဒာဟာ...

"အရှင်ဘုရား... မာတုဂါမတွေနဲ့ ဆက်ဆံတဲ့အခါ ဘယ်လို သဘောထားရပါ့မလဲ"

လို့မေးတော့ ဘုရားရှင်က...

"ချစ်သား အာနန္ဒာ... မာတုဂါမတွေ မမြင်ရတဲ့နေရာမှာ နေခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဆွမ်းလောင်းလှူလို့ မြင်တွေ့ပြီး မပြောမဖြစ် ပြောရမယ်ဆိုရင် မိခင်လို၊ နှမလို၊ သမီးလို အစွဲယ်လိုက်ပြီး စိတ်ထားထားတတ်ရပါမယ်"

လို့ ဟောကြားတော်မူပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၉၄)

# တွေ့ခွင့် နောက်ဆုံးရသွားသူ

ဗုဒ္ဓဘုရားရှင်ကို လာရောက်ဖူးမြော်ကြတဲ့ မြောက်မြားလှစွာသော ပရိသတ်တွေထဲမှာ သုဘဒ္ဒလို့ အမည်ရှိတဲ့ ပရိဗိုဇ် တစ်ဦးလည်း ပါဝင်ပါတယ်။ သူ့ရဲ့အသက်အရွယ်ဟာ အိုမင်းကြီးရင့်နေပါပြီ။ သူ ဘုရားရှင်ရှိရာ ရောက်လာရတဲ့ ရည်ရွယ်ချက်က ယုံမှားသံသယဖြစ်နေတဲ့ အချက်တစ်ချက် ရှိနေလို့ပါပဲ။ ဒါကို ဘုရားရှင် ပရိနိဗ္ဗာန်မဝင်မီ မေးလျှောက်ချင်လို့ပါ။ သည့်အတွက် အာနန္ဒာကို ဝင်ခွင့်တောင်းပါတယ်။ သည်အခါ အာနန္ဒာက…

"ငါ့ရှင် သုဘဒ္ဒ၊ ဘုရားရှင်က သိပ်ကို ပင်ပန်းနေပါပြီ။ မညှဉ်းဆဲပါနဲ့တော့လား"

လို့ တားဆီးပြီး ခွင့်မပြုခဲ့ပါဘူး။ သုဘဒ္ဒလည်း အားမလျှော့ဘဲ သုံးကြိမ်တိတိ ဝင်တွေ့ခွင့်တောင်းပါတယ်။ တောင်းသမျှကိုလည်း အာနန္ဒာက တားမြစ်ပယ်ချလိုက်တာပါပဲ။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ညောင်စောင်းထက်မှာ လဲလျောင်းနေတဲ့ ဘုရားရှင် ကြားသိသွားတဲ့အခါ...

"ချစ်သား သုဘဒ္ဒကို ဝင်ခွင့်ပေးလိုက်ပါ"

လို့ မိန့်ကြားပါတယ်။ သုဘဒ္ဒလည်း ဘုရားရှင်ကို ဝင်တွေ့ဖူးမြော်ပြီး သူ သံသယဖြစ်နေတာတွေကို မေးပါတယ်။ ဘုရားရှင်ကလည်း တိကျစွာ ဖြေကြားတော်မူပါတယ်။


"သုဘဒ္ဒ... ရဟန်းအပေါင်းဟာ ကောင်းစွာ ကျင့်ကြံနေမယ်ဆိုရင် လောကမှာ ရဟန္တာဆိုတာ ဆိတ်သုဉ်းမသွားပါဘူး"

သုဘဒ္ဒဟာ ဘုရားရှင်ရဲ့ တရားတော်အပေါ် သိပ်ကို ကျေနပ်သဘောကျသွားတယ်။ ဒါနဲ့ ဘုရားရှင်ကို ရဟန်းပြုခွင့် တောင်းပါတယ်။ သည်အခါ ဘုရားရှင်က...

"ချစ်သား အာနန္ဒာ၊ သုဘဒ္ဒကို ရဟန်းပြုပေး လိုက်ပါ"

လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၉၅)
## အင်ကြင်းပွင့်တို့ ငိုကြပြီ

အချိန်တွေဟာ ကုန်လွန်လာလိုက်တာ တဖြည်းဖြည်းနဲ့ သန်းခေါင်ယံကို လွန်မြောက်လို့ မိုးသောက်ယံကို ရောက်လာခဲ့ပါပြီ။

သည်အချိန်မှာ ဗုဒ္ဓဘုရားရှင်ကို အလယ်ဗဟိုမှာထားလို့ ရဟန်းရှင်လူ နတ်ဗြဟ္မာအပေါင်းတို့ဟာ ငြိမ်သက်စွာ ဝန်းရံနေကြပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော့မယ့်အချိန်ကို ရင်တမမနဲ့ စောင့်မျှော်နေခဲ့ကြတယ်။ ဘုရားရှင်ကတော့ မှာကြားစရာရှိတာတွေကို မှာကြားနေတုန်းပါပဲ။

"ချစ်သား အာနန္ဒာ...

သင်တို့ဟာ ငါဘုရားရှင် ပရိနိဗ္ဗာန်ဝင်သွားလို့ "ဆရာတော့ဖြင့် မရှိတော့ဘူး။ ငါတို့အဖို့ မှီခိုရာ ကွယ်ပျောက်ပြီ" လို့ မထင်မှတ်ကြပါနဲ့။ ငါ ဘုရားရှင် ဟောကြားတော်မူအပ်တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှဟာ ငါဘုရား မရှိတော့တဲ့အခါ သင်တို့ရဲ့ ဆရာ ဖြစ်ပါလိမ့်မယ်”

ပရိသတ်အပေါင်းဟာ တိတ်ဆိတ်ငြိမ်သက်လို့ နေကြတယ်။ ဘုရားရှင်ရဲ့ အဆုံးအမစကားတွေကို လေးနက်စွာ ခံယူနားထောင်နေကြတယ်။ အချို့ဆိုရင် မျက်ရည်တဝဲဝဲ၊ အချို့ကျတော့ မျက်ရည်တစ်ဖြိုင်ဖြိုင်။ ဘုရားရှင်က ဆက်လက်ပြီး မိန့်ကြားပြန်ပါတယ်။

“ချစ်သားရဟန်းတို့…

သင်တို့ဟာ ယုံမှားသံသယဖြစ်နေတဲ့ အချက်တွေ ရှိနေရင် ယခု ငါဘုရားရှင် သက်တော်ထင်ရှား ရှိနေတဲ့ အခိုက်မှာ မမေးလိုက်ရလေခြင်းရယ်လို့ မဖြစ်ရလေအောင် မေးကြ၊ မြန်းကြပါ။ နောင်တတွေ မရကြပါစေနဲ့။

ချစ်သားရဟန်းတို့…

သင်တို့ကို ငါဘုရားရှင် နောက်ဆုံးအနေနဲ့ မိန့်ကြားတော်မူခဲ့ပါတယ်။ သင်္ခါရတရားတို့ဆိုတာဟာ ပျက်စီးခြင်းသဘော ရှိကြပါပေတယ်။ သင်ချစ်သားတို့ဟာ အခါခပ်သိမ်း မမေ့မလျော့ မပေါ့ဆတဲ့ သတိတရားနဲ့ အားထုတ်ကြပါ။ အပ္ပမာဒေန သမ္ပာဒေထ။

သည်လိုမျိုး နောက်ဆုံးတရားကို မိန့်ကြားလို့အပြီးမှာ တော့ ဘုရားရှင်ရဲ့ ရုပ်ခန္ဓာအစုအဝေးဟာ ငြိမ်သက်သွားပါတော့တယ်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသွားခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ဟာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် (၅၃၄ ဘီစီ) ကဆုန်လပြည့်နေ့ ညအရုဏ်တက်ခါနီး မိုးသောက်ယံ ဖြစ်ပါတယ်။ သက်တော် ၈၀၊ ပါတော် ၄၅ ဝါပါ။

လင်းအရုဏ်တက်ခါနီးမှာတော့ သုတ်ဖြူးလာတဲ့ လေနဲ့အတူ အင်ကြင်းပန်းတွေ တဖြုတ်ဖြုတ် ကြွေကျနေပါတော့တယ်။

၄၅ ဝါပတ်လုံး သတ္တဝါဝေနေယျတို့အပေါ် မေတ္တာကရုဏာထားခဲ့တဲ့ အရှင်းမဲ့ ဗုဒ္ဓဘုရားရှင်ကို ကြေကွဲဝမ်းနည်းစွာနဲ့ နှုတ်ဆက်ပိုကြွေးနေတယ်ထင်ပါရဲ့။

(ဗုဒ္ဓဘာသာ၊ သာသနာ၊ ရောင်ဝါနေမင်း ဝင်းပါစေ...)

(ဗုဒ္ဓဘာသာ၊ သာသနာ၊ ထိန်ဖြာလမင်း လင်းပါစေ...)

**နန္ဒာမိုးကြယ်**

(၂၉-၈-၂၀၁၃)

ကြာသပတေး၊ နံနက် ၇ း၅၆ နာရီ။

www.burmeseclassic.com

www.burmeseclassic.com

## အကိုးအကား

၁။ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း
(ဝဏ္ဏာသိရီ)
၂။ ဇိနတ္ထပကာသနီ
(ကျီးသဲလေးထပ်ဆရာတော်)
၃။ ဗုဒ္ဓဝင်ရုပ်စုံ
(မင်းယုဝေ)
၄။ ဗုဒ္ဓ၏ ဥပမာတစ်ထောင်
(ဦးလေးမြိုင်)
၅။ မင်္ဂလာတရား မင်္ဂလာစကား
(နန္ဒာမိုးကြယ်)
၆။ ဗုဒ္ဓဝင်အမေးအဖြေ
(အရှင်ဇနကာဘိဝံသ)
၇။ အောင်ခြင်းရှစ်ပါး
(မင်းယုဝေ)

www.burmeseclassic.com

www.burmeseclassic.com



၈။ မြတ်စွာဘုရား၏ ဥဒါန်းစကားများ
(ဦးသော်ဇင်)
၉။ ဗုဒ္ဓသာသနာတော် ဝေါဟာရအဘိဓာန်
(သာသနာရေးဦးစီးဌာန)
၁၀။ ပါဠိသက် ဝေါဟာရအဘိဓာန်
(ဒဂုန်ဦးထွန်းမြင့်)
၁၁။ စံမြင့်မှတ်စု
(မင်းလှစံမြင့်)
၁၂။ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား၏ မဟာဗုဒ္ဓဝင်အကျဉ်း
(ဦးသန့်၊ လာဘ်မိုးစွေ)

❑❑❑

www.burmeseclassic.com